# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

■ ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်　　၂၀၁၅ ခုနှစ်၊ ဩဂုတ် ၆ ရက်၊ ကြာသပတေးနေ့၊　အတွဲ [၅၄]၊ အမှတ် [၃၀၅]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျမေကာနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော်　ဩဂုတ်　၆**

၂၀၁၅ ခုနှစ် ဩဂုတ် ၆ ရက်တွင် ကျရောက်သော ဂျမေကာနိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဂျမေကာနိုင်ငံ ဘုရင်ခံချုပ် မစ္စတာ ပက်ထရစ်လင်တန် အယ်လ်လန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၅ ကော်လံ ၅* ✻

# ဘေးဒုက္ခကြုံတွေ့နေရသူများအား မူလအနေအထားအမြန်ဆုံးရောက်ရှိအောင် အသင့်ပြင်ဆင်ထားပြီးဖြစ်

**မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတပြောကြားသည့် ရေဒီယိုမိန့်ခွန်း**
**(၆-၈-၂၀၁၅)**

**မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့နိုင်ငံမှာ ပြီးခဲ့တဲ့ဇူလိုင်လ ဒုတိယပတ်အတွင်းမှစပြီး အဆက်မပြတ်မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းနှင့်စစ်ကိုင်းတိုင်းတို့မှာ မကြုံစဖူး ရေကြီးနစ်မြုပ်မှု၊ မြေပြိုမှု၊ အိုးအိမ်များပြိုကျပျက်စီးမှု၊ လယ်ယာမြေများ ရေနစ်မြုပ်မှု၊ ကျွဲနွားတိရစ္ဆာန်များသေဆုံးမှုတို့ဖြစ်ပေါ်ပြီး ပြည်သူအများအပြား အသက် အိုးအိမ်စည်းစိမ် ဥစ္စာ ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြရပါတယ်။

မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းနေချိန်နှင့် တစ်ပြိုင်တည်းမှာပဲ ရခိုင်ပြည်နယ်အနောက်ဘက် ဘင်္ဂလားပင်လယ်မှာ ကိုမာခေါ်တဲ့ ဆိုင်ကလုန်းမုန်တိုင်းတစ်ခုဖြစ်ပေါ်ခဲ့တဲ့အတွက် ပိုမိုမိုးရွာသွန်းမှုနှင့် လေပြင်းများ တိုက်ခတ်မှုဒဏ်ကိုပါ ရခိုင်ပြည်နယ်အတွင်းရှိ မြို့အများအပြား ကြုံတွေ့ကြရပါတယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကြီးအုံကြီးဝ ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။
(ဓာတ်ပုံ-မြန်/ဆက်)

# ဆည်အတွင်းနုန်းပို့ချမှုများ လေ့လာဆန်းစစ်ရန်နှင့် အခြားနိုင်ငံများ၏အတွေ့အကြုံကို လေ့လာရန်လို

**နေပြည်တော်　ဩဂုတ်　၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့ကြရာ မကွေးတိုင်းဒေသကြီး၊ မကွေးလေဆိပ်သို့ ရောက်ရှိသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့်အတူ မကွေးတိုင်းဒေသကြီးအတွင်း ရေကြီး၊ရေလျှံမှုများဖြစ်ပွားလျက်ရှိသည့် နေရာဒေသများသို့ ရဟတ်ယာဉ်ဖြင့် သွားရောက်ကြည့်ရှုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ပွင့်ဖြူမြို့သို့ ရောက်ရှိပြီး ပွင့်ဖြူမြို့ ဝါစက်ရုံ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးအတွင်း မိုးရွာသွန်းခဲ့မှု အခြေအနေ၊ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးတို့နှင့် ပတ်သက်ပြီး လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး

*စာမျက်နှာ ၄ ကော်လံ ၁* ■

✻ ဆည်အောက်ပိုင်းဒေသရှိ ပြည်သူများကို ကောလာဟလသတင်းများ ဖြန့်ချိနေမှုများကို သတင်းမှန်များထုတ်ပြန်ပေးခြင်းဖြင့် တုံ့ပြန်ဆောင်ရွက်သွားရန်လို၊

✻ လျှပ်စစ်ဓာတ်အားနှင့် မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကိုအခြေခံသည့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်လို၊






## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ပရဟိတကုသိုလ်

လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်ကြဲခြင်းတည်းဟူသော အကြောင်းတရားအားလုံးသည် အလှူဒါနပြုလုပ်ခြင်းပင်ဖြစ်ပါသည်။ မြင့်မြတ်သော သူတော်စင်ရဟန်းသံဃာများအား ပြုလုပ်သောဒါနသည် လှူဒါန်းခြင်းဖြစ်ပါသည်။ လူပုဂ္ဂိုလ်အချင်းချင်း (ဝါ)မိမိနှင့်တန်းတူ လူပုဂ္ဂိုလ်များအား ပေးကမ်းခြင်းသည်လည်း ဒါနဖြစ်ပါသည်။ မိမိထက်နိမ့်သောသူများအား ပေးကမ်းခြင်းသည်လည်း ဒါနဖြစ်ပါသည်။

ဤသို့ ဒါနအမျိုးမျိုးရှိရာတွင် မိမိက ပြုလုပ်လိုသော ဒါနထက် အများကအလိုရှိသော အချိန်၌ပြုလုပ်သော ဒါနသည် မွန်မြတ်သော အလှူပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အများက အလိုရှိနေချိန်တွင် ပေးကမ်းလှူဒါန်းရခြင်းသည် အမြတ်ဆုံးအလှူ အမြတ်ဆုံးကုသိုလ်ပင် ဖြစ်ပါသည်။ ရေဘေးသင့်ပြည်သူများအား ပေးကမ်းလှူဒါန်းနေကြခြင်းသည် အမွန်မြတ်ဆုံးအလှူပင်ဖြစ်ပါသည်။ ဤအလှူသည် အများကအလိုရှိနေချိန်တွင် လှူဒါန်းပေးကမ်းရသော အလှူဒါနပင်ဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်း မြစ်ရေကြီးခြင်း၊ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ထောင်ပေါင်းများစွာသောပြည်သူများ ရေဘေးဒုက္ခခံစားနေကြရပါသည်။ ရေဘေးကယ်ဆယ်ရေးစခန်းများ၌ ရှိနေကြပါသည်။ ယင်းတို့အား နိုင်ငံတော်အပိုင်းက အစားအစာ၊ ဆေးဝါး၊ အဝတ်အထည် အစရှိသဖြင့် ထောက်ပံ့လှူဒါန်းမှုများ ပြုလုပ်နေသလို ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များက ပေးကမ်းလှူဒါန်းမှုများ ဆက်တိုက်ပြုလုပ်လျက်ရှိပါသည်။

ဤသို့လှူဒါန်းမှုများပြုလုပ်ရာတွင် လူအား၊ ငွေအား၊ ပစ္စည်းအားဖြင့် ဝိုင်းဝန်းကူညီ လှူဒါန်းနေကြခြင်းဖြစ်ပါသည်။ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေကြသော တပ်မတော်သားများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီများ၊ စေတနာ့ဝန်ထမ်းများသည်လည်း အလှူဒါနပြုလုပ်နေခြင်းဖြစ်ပါသည်။ ပုညကြိယာဝတ္ထု (၁၀)ပါးတွင် သူတစ်ပါး၏ အလှူကိစ္စတွင် ပါဝင်ကူညီလုပ်ဆောင်ခြင်းကို ဝေယျာဝစ္စအလှူဟုခေါ်ဆိုပါသည်။ ယနေ့ နိုင်ငံနှင့်အဝန်းဖြစ်ပေါ်နေသော ရေဘေးကယ်ဆယ်ရေးစခန်းများအတွက် မြို့အသီးသီး၊ ရပ်ကွက်အသီးသီးတို့တွင် အလှူငွေများ လှည့်လည်အလှူခံပေးနေခြင်း၊ ရေဘေးသင့် ပြည်သူများအား နေ့ညမပြတ် ချက်ပြုတ်ကျွေးမွေးပြုစုခြင်း၊ စောင့်ရှောက်ပေးခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းတို့သည် ဝေယျာဝစ္စအလှူကို ပြုလုပ်နေကြခြင်းပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် မွန်မြတ်သော ပရဟိတကုသိုလ်အလုပ်ကို လုပ်ကိုင်ဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။ ဤပရဟိတကုသိုလ်ပြုလုပ်ခြင်းဖြင့် ရရှိသောကုသိုလ်သည် ဒါနပြုခြင်းကြောင့် ရရှိသောကုသိုလ်နှင့် အတူတူပင် ဖြစ်ပါသည်။

သို့ပါ၍ မွန်မြတ်သောအလှူဖြစ်သည့် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် ငွေအား၊ ပစ္စည်းအားသာမက မိမိတို့တတ်စွမ်းသမျှ ကိုယ်ကာယလုပ်အားကို စိုက်ထုတ်၍ ပရဟိတကုသိုလ်များလည်း ရရှိနိုင်ကြမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

# ရေဘေးသင့်ပြည်သူများအား လှူဒါန်းရန်အတွက် ရတနာပုံကစားသမားများကူညီ

**မန္တလေး ဩဂုတ် ၅**

မြန်မာနိုင်ငံတစ်ဝန်း၌ ဖြစ်ပေါ်နေသည့် ရေဘေးသင့်ပြည်သူများအား ကယ် ဆယ်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိပြီး လွယ်ဟိန်းကုမ္ပဏီလီမိတက်နှင့် မြန်မာနေရှင်နယ်လိဂ်ကလပ် ရတနာပုံဘောလုံးအသင်းတို့လည်း ပါဝင်ကူညီဆောင်ရွက်လျက်ရှိသည်။

လွယ်ဟိန်းကုမ္ပဏီလီမိတက်သည် ၎င်းတို့၏ ထုတ်ကုန်ဖြစ်သည့် Alpine သောက်ရေသန့်ဘူးများကို ရေဘေးသင့်ပြည်သူများအား လှူဒါန်းလျက်ရှိပြီး ရန်ကုန်နှင့် မန္တလေးမြို့ရှိ Alpine ရုံးချုပ်များတွင်လည်း ရေဘေးကယ်ဆယ်ရေးစင်တာများ ဖွင့်လှစ်ထားကာ လှူဒါန်းမှုများအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ရေဘေးသင့်နေရာများအတွက် ကူညီဆောင်ရွက်ပေးနေသည့် ပရဟိတအဖွဲ့အစည်းများကိုလည်း Alpine ရေသန့်ဘူးများ အခမဲ့လှူဒါန်းလျက်ရှိပြီး ဩဂုတ် ၅ ရက်က လျှောက်လွှာများစတင်လက်ခံခဲ့ရာ ရတနာပုံအသင်းက လက်ရွေးစင်ကစား များဖြစ်သည့် ရန်ပိုင်၊ အောင်သူ၊ ရဲကိုဦး၊ စည်သူအောင်၊ ရှိုင်းသူရ စသည့်ကစားသမားများက ကူညီဆောင်ရွက်ပေးခဲ့သည်။

ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းကလည်း ကစားသမားများ၊ အနုပညာရှင်များနှင့်အတူ ရေဘေးသင့်ဒေသများသို့ ယခုရက်ပိုင်းအတွင်း သွားရောက်လှူဒါန်းရန် စီစဉ်ထားကြောင်း သိရသည်။

ဩဂုတ် ၅ ရက်တွင် လွယ်ဟိန်းကုမ္ပဏီမှဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစင်တာ၌ ရေသန့်ဘူးအလှူခံရန် လျှောက်ထားသူတစ်ရာကျော်ရှိပြီး ဩဂုတ် ၆ ရက် (ယနေ့)တွင် ပရဟိတအဖွဲ့အစည်းများထံ ပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။ ဩဂုတ် ၅ ရက်တွင် Alpine ရေသန့်ဘူးအလုံးရေနှစ်သိန်းကျော်လှူဒါန်းခဲ့ပြီး စစ်တွေမြို့သို့လှူဒါန်းမည့် ရေသန့်ဘူးအလုံးရေ ၂၄၀၀၀ ကို ရွှေပြည်သာမြို့နယ်ရှိ AMC ဆိပ်ကမ်းမှ ပို့ဆောင်ပေးခဲ့သည်။

**ဖိုးသော်ဇင်**






## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၅-၈-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၆၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၉၂၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၂၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၂၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၂၀ |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၄ |
| ဥရောပ | တစ်ယူရို | ၁၃၄၂.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၃.၀၁ |
| ထိုင်း | တစ်ဘတ် | ၃၅.၁၆၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၂၃ |
| တရုတ် | တစ်ယွမ် | ၁၉၈.၇၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈.၆၂ |

ခင်ရတနာ-စုစည်းသည်။

◆ ***ရှေ့ဖုံးမှ***

ဤကဲ့သို့ မကြုံစဖူး ထူးကဲတဲ့သဘာဝဘေးဒဏ်နဲ့ ကြုံတွေ့ရတဲ့ ဒေသခံပြည်သူတွေဟာ ပစ္စည်းဥစ္စာများကိုစွန့်ပစ်ခဲ့ရပြီး မိမိတို့ သားသမီးများနဲ့ မိဘိုဖအိုများကိုချီပိုးကာ ဘေးလွတ်ရာဒေသများဆီသို့ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါတယ်။ ထိခိုက်မှုအခံရဆုံး မြို့နယ်များကတော့ မိုးကောင်းမြို့နယ်၊ ကောလင်း၊ ဝန်းသိုမြို့နယ်၊ ကလေးမြို့နယ်၊ ချင်းပြည်နယ်ရှိ မြို့နယ်အများစု၊ ရခိုင်ပြည်နယ်မှ မြို့နယ်အများစုတို့နဲ့ မကွေးတိုင်းဒေသကြီးမှ ပွင့်ဖြူနှင့် စလင်းမြို့နယ်တို့ ဖြစ်ကြပါတယ်။

ထွက်ပြေးတိမ်းရှောင်လာကြတဲ့ရေဘေးသင့်ပြည်သူများနဲ့ တချို့ခက်ခဲစွာကယ်တင်လာခဲ့ကြရတဲ့သူများအား ဒေသခံပြည်သူများအနေနဲ့သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ လုံခြုံစိတ်ချရသည့်နေရာများမှာ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပြီး အသက်ရှင် ရပ်တည်နိုင်ရေးအတွက် စာနာစိတ်အပြည့်နဲ့ ကယ်တင်စောင့်ရှောက်ထားခဲ့ကြရာ ယနေ့အထိ တစ်နိုင်ငံလုံး ရေဘေးသင့်အိမ်ထောင်စုပေါင်း နှစ်သိန်းသုံးသောင်း ခုနစ်ထောင်ကျော် ရှိပါတယ်။

၄င်းတို့အတွက် နေ့စဉ်ကျွေးမွေးမှု၊ အဝတ်အထည်အသုံးအဆောင်ပစ္စည်းများဝေငှပေးမှုနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတို့ကို ဒေသခံပြည်သူများ၊ မြို့အကျိုးဆောင်အဖွဲ့များ၊ စည်ပင်သာယာအဖွဲ့များ၊ ကြက်ခြေနီ၊ မီးသတ်၊ တပ်မတော်၊ ရဲတပ်ဖွဲ့နဲ့ အစိုးရဝန်ထမ်းများမှ ကနဦးကူညီစောင့်ရှောက်လျက်ရှိပြီး ဤဖြစ်စဉ်များကိုသိလျှင်သိချင်း ရပ်ဝေးရပ်နီးမှ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များ၊ NGO အဖွဲ့များ၊ အပြည်ပြည်ဆိုင်ရာသံရုံးအဖွဲ့များမှ အစားအစာ၊ အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်၊ ဆေးဝါးများကို စေတနာထက်သန်စွာ ပေးပို့လှူဒါန်းကြတဲ့အတွက် အလှူရှင်များအားလုံးကို နိုင်ငံတော်ကိုယ်စား ကျေးဇူးအထူးတင်ပါကြောင်း ပြောကြားအပ်ပါတယ်။

နိုင်ငံတော် အပိုင်းကလည်း ဘေးဒုက္ခကြုံတွေ့နေရသူများအား ကယ်ဆယ်ရေး၊ ကူညီစောင့်ရှောက်ရေးတို့ကို စနစ်တကျ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး မူလအနေအထားကို အမြန်ဆုံးပြန်လည်ရောက်ရှိအောင် ငွေအား၊ လူအား၊ ပစ္စည်းအားတို့ဖြင့် စီမံဆောင်ရွက်ပေးရန် အသင့်ပြင်ဆင်ထားရှိပြီးဖြစ်ပါတယ်။ သဘာဝဘေးဒဏ်ကို တားဆီး၍မရနိုင်သော်လည်း ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် စီမံဆောင်ရွက်မှု၊ မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်အောင် ပြန်လည်ထူထောင်ပေးမှုတို့ကို ကိုယ်ချင်းစာနာစိတ်၊ မျိုးချစ်စိတ်၊ တာဝန်ရှိမှု၊ တာဝန်သိမှု၊ တာဝန်ယူမှုတို့ဖြင့် ပြည်သူများနှင့် ပူးပေါင်းကာ အစွမ်းကုန်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မိုးသည်းထန်စွာရွာသွန်းမှု၊ တောင်ကျရေများ တိုက်စားမှုတို့ကြောင့် မီးရထားလမ်းများအပါအဝင် လမ်းတံတားများပျက်စီးမှုလည်း အများအပြား

**သဘာဝဘေးဒဏ်ကို တားဆီး၍မရနိုင်သော်လည်း ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် စီမံဆောင်ရွက်မှု၊ မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်အောင် ပြန်လည်ထူထောင်ပေးမှုတို့ကို ကိုယ်ချင်းစာနာစိတ်၊ မျိုးချစ်စိတ်၊ တာဝန်ရှိမှု၊ တာဝန်သိမှု၊ တာဝန်ယူမှုတို့ဖြင့် ပြည်သူများနှင့်ပူးပေါင်းကာ အစွမ်းကုန်ဆောင်ရွက်သွားမှာဖြစ်**

ဖြစ်ပေါ်ခဲ့ပါတယ်။ လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်မသွားရအောင် အမြန်ဆုံးပြန်လည်ကောင်းမွန်ရန် သက်ဆိုင်ရာဝန်ထမ်းများမှ ပြုပြင်လျက်ရှိနေကြပါတယ်။ ရေများပြန်ကျသွားသည်နှင့်လယ်ယာမြေများ အမြန်ဆုံးပြန်လည်စိုက်ပျိုးနိုင်ရန် ထွန်စက်များ၊ မျိုးစပါးများကိုလည်းအသင့်ပြင်ဆင်ထားရှိပြီး ဖြစ်ပါတယ်။ ရေနစ်မြုပ်မှုကြောင့် ပျက်စီးသွားသည့် အိမ်များ၊ လုံးဝရေမျောသွားသည့် ဆုံးရှုံးသွားတဲ့ အိမ်များအား ပြန်လည်ပြုပြင်ရန်နှင့် အသစ်ပြန်လည်ဆောက်လုပ်နိုင်ရန်အတွက်လည်း အကူအညီပေးရန်စီစဉ်ထားပြီးဖြစ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ယခုအခါ အဆိုပါဒေသများမှာ မိုးရွာသွန်းမှုလျော့နည်းလာသဖြင့် ရေများ တဖြည်းဖြည်းကျဆင်းလာပြီ ဖြစ်ပါတယ်။ အချို့ရေဘေးသင့်သူများ မိမိတို့ ရပ်ကွက်၊ ကျေးရွာများသို့ပြန်ပြီး နေအိမ်များကို ပြန်လည်ပြုပြင်နေကြပြီ ဖြစ်ပါတယ်။ ၄င်းတို့အတွက် ယာယီစားသုံးနိုင်ရန် ဆန်နှင့် ထောက်ပံ့ငွေ အချို့ကိုလည်းပေးလိုက်ပြီး အချိန်အတိုင်းအတာတစ်ခုအထိ ဆန်များ ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အောက်ပိုင်းတို့မှာလည်း မြစ်ရေကြီးမှုများဖြစ်ပေါ်လာနေသဖြင့် ကယ်ဆယ်ရေး၊ ကူညီရေးလုပ်ငန်းများဆောင်ရွက်နေကြပြီ ဖြစ်ပါတယ်။ ရေတားတာတမံများ မကျိုးပေါက်စေရေးအတွက် နေ့ရောညပါ စောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး ဖြစ်ပေါ်လာပါက အမြန်ဆုံးထိန်းချုပ်နိုင်ရန် အသင့်ပြင်ဆင်ထားကြပြီး ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဧရာဝတီတိုင်းအတွင်းရှိ ငဝန်မြစ်ရေနဲ့ ဧရာဝတီမြစ်ရေများ စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်လာနေ၍ ဟင်္သာတမြို့နှင့်ညောင်တုန်းမြို့တို့မှာ စိုးရိမ်ဖွယ်ရာအခြေအနေသို့ ရောက်ရှိနေပါတယ်။ သဘာဝဘေးအန္တရာယ်ဟာ ကျရောက်လာပါက တားဆီး၍ မရနိုင်ပါသောကြောင့် အန္တရာယ်ရှိလာနိုင်ပါက ဘေးကင်းရာသို့ ကြိုတင်ရွှေ့ပြောင်းနေထိုင်ခြင်းသည်သာ စိတ်အချရဆုံးဖြစ်ပါကြောင်း မိဘပြည်သူများသို့ အသိပေးတိုက်တွန်းအပ်ပါတယ်။

**မိဘပြည်သူများ ဘေးကင်းလုံခြုံကြပါစေ။**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိဘပြည်သူများသို့ ရေဒီယိုမှ မိန့်ခွန်းပြောကြားမည်

**နေပြည်တော် ဩဂုတ် ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားမည့်မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ သဇင် အသံလွှင့်ဌာနနှင့် Yangon City FM တို့မှ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၆ ရက်နှင့် ၇ ရက်နေ့တို့၌ နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရေကြီးရေလျှံမှုများကြောင့် လမ်းနှင့်လယ်ယာမြေ ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်ရေး သက်ဆိုင်ရာဌာနများနှင့် ဒေသခံပြည်သူများ ညှိနှိုင်း

**နေပြည်တော် ဩဂုတ် ၅**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဟူးမွန်ရေလှောင်တမံ၌ ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။** (ဓာတ်ပုံ-ပြန်/ဆက်)

လားရှိုးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မိုးတွင်းကာလ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်ရေးအတွက် လားရှိုးမြို့နယ်အတွင်းရှိ ရေလှောင်တမံများ၏ ကြံ့ခိုင်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ နံနက် ၉ နာရီတွင် ဟူးမွန်ရေထိန်းတမံသို့ ရောက်ရှိပြီး တမံကြံ့ခိုင်မှုနှင့် ရေထုတ်လွှတ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဟူးမွန်ရေလှောင်တမံနှင့် ကောက်ကွေ့ရေလှောင်တမံများသို့ သွားရောက်ပြီး တမံများ၏ ရေသိုလှောင်နိုင်မှု၊ ကြံ့ခိုင်မှု၊ မိုးတွင်းကာလ ရေဝင်ရောက်မှုနှင့် ရေထုတ်လွှတ်ပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ကောက်ကွေ့ရေလှောင်တမံ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက ဟူးမွန်ရေလှောင်တမံ၊ ကောက်ကွေ့ရေလှောင်တမံ၊ နမ့်ကျန်ရေလှောင်တမံနှင့် မုံးရင်ရေလှောင်တမံများ၏ ပင်လယ်ရေမျက်နှာပြင်အမြင့်၊ ရေလှောင်ကန်အမြင့်၊ လက်ရှိရေအနက်၊ ရေပြည့်ရန် လိုအပ်သည့်အနက်ပေ၊ ၂၀၁၅ ခုနှစ်မှ ယနေ့အထိမိုးရေချိန်၊ ထင်းရှူးမြိုင်မြို့ကွက်သစ်သို့ သောက်သုံးရေပေးဝေနိုင်ရေး ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ထင်းရှူးမြိုင်အိမ်ရာစီမံကိန်းမှချယ်ရီမြိုင်အိမ်ရာစီမံကိန်းသို့ သောက်သုံးရေပေးဝေနိုင်ရန် ရေပိုက်လိုင်းသွယ်တန်းမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လားရှိုးမြို့နယ် စည်ပင်သာယာရေးကော်မတီ ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်းက လားရှိုးမြို့အတွင်း သောက်သုံးရေပေးဝေနေမှု၊ တိုးချဲ့ရေပေးရေးလုပ်ငန်းအတွက် ဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက ရှင်းလင်း တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး မိုးတွင်းကာလ ရေကြီးရေလျှံမှုများကြောင့် လမ်းပျက်စီးမှုများနှင့် လယ်ယာမြေပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ဒေသခံပြည်သူများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားပြီး ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် ရေပိုလွှဲများအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် လားရှိုးမြို့ အမှတ်(၁၂)ရပ်ကွက်သို့ ရောက်ရှိပြီး ရပ်ကွက်တွင်းလမ်းများ အခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ လမ်းများ ပျက်စီးမှု မရှိစေရန်နှင့် ရေစီးရေလာ ကောင်းမွန်စေရန်အတွက် ရေနုတ်မြောင်းများကို အမြဲမပြတ် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် လားရှိုးမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# ညောင်တုန်းမြို့၌ ရေဘေးကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**ညောင်တုန်း ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်ညောင်တုန်းမြို့နယ်၌ ဩဂုတ် ၄ ရက်က ဧရာဝတီမြစ်ရေအခြေအနေမှာ ၂၅ ဒသမ ၇ ပေ ရှိခဲ့သဖြင့် လိမ္မော်ရောင်အဆင့် သတ်မှတ်ခဲ့ပြီး မြေနိမ့်ပိုင်းဒေသရှိ ရပ်ကွက် (၁၀)ရပ်ကွက်မှ ကျေးရွာလေးရွာတို့ကို ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းခဲ့ရာမှ ယနေ့နံနက် ၁၀ နာရီတိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ၂၅ ဒသမ ၆ ပေသို့ စတင်ကျဆင်းခဲ့ကြောင်း သိရသည်။ ညောင်တုန်းမြို့တွင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့်အတူ မော်ဘီတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းကိုကို၊ တပ်နယ်မှ ဗိုလ်မှူးကြီးရဲရင့်ဝင်းတို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်စန္ဒာဆွေ**

■ ရှေ့စာမှ

ဒေသခံပြည်သူများက တင်ပြသည့် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူလူထုများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့မှတစ်ဆင့် ပွင့်ဖြူမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်းသို့ ရောက်ရှိပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကာ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပွင့်ဖြူမြို့နယ်ရှိ ဂုဏဝတီဘုန်းကြီးကျောင်းသို့ ရောက်ရှိပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ လှူဒါန်းကြသည်။

ထို့နောက် ကြီးအုံကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီးတို့က ကြီးအုံကြီးဝ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု အခြေအနေနှင့် ရေလှောင်တမံ ထိန်းသိမ်းစောင့်ရှောက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဆည်ကြွခိုင်မှု အခြေအနေများကို မပြတ် စစ်ဆေးကြပ်မတ်ရန် လိုအပ်ကြောင်း၊ ဆည်အောက်ပိုင်းဒေသရှိ ပြည်သူများကို ကောလာဟလသတင်းများ ဖြန့်ချိနေမှုများကို သတင်းမှန်များ ထုတ်ပြန်ပေးခြင်းဖြင့် တုံ့ပြန်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆည်အတွင်း နုန်းပို့ချမှုအခြေအနေများကို လေ့လာဆန်းစစ်ရန်နှင့် အခြားနိုင်ငံများ၏ အတွေ့အကြုံကိုလည်းလေ့လာရန် လိုအပ်ကြောင်း၊ ကြီးအုံကြီးဝနှင့် မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိသည့် လျှပ်စစ်ဓာတ်အားနှင့် မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကို အခြေခံသည့် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကြီးအုံကြီးဝ ရေလှောင်တမံဆည်ဦးစေတီရှုရပ်မှနေ၍ ရေလှောင်တမံအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့မှတစ်ဆင့် ကြီးအုံကြီးဝ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိလာရာ စက်ရုံမှူးက စက်ရုံအတွင်း လှည့်လည်ရှင်းလင်းပြသသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကြီးအုံကြီးဝ ရေလှောင်တမံ ရေပိုလွှဲနှင့် ရေလှောင်တမံအတွင်းသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကြီးအုံကြီးဝ ရေလှောင်တမံ၌ ညအိပ်အခြေပြုရပ်နားသည်။

ကြီးအုံကြီးဝ ရေလှောင်တမံ၏ နှစ်အလိုက် ဇူလိုင်လအတွင်း မိုးရေချိန်နှင့် ဝင်ရေပမာဏများမှာ ၂၀၁၂ ခုနှစ်တွင် မိုးရေချိန် ၂ ဒသမ ၈၉ လက်မ ဝင်ရေ ၅၉၈၅၄၇ ဧကပေ၊ ၂၀၁၃ ခုနှစ်တွင် မိုးရေချိန် ၅ ဒသမ ၁၇ လက်မ ဝင်ရေ ၃၄၄၀၇၈ ဧကပေ၊ ၂၀၁၄ ခုနှစ်တွင် မိုးရေချိန် ၅ ဒသမ ၀၈ လက်မ ဝင်ရေ ၄၁၇၄၆၄ ဧကပေ နှင့် ၂၀၁၅ ခုနှစ်တွင် မိုးရေချိန် ၁၅ ဒသမ ၀၇ လက်မဝင်ရေ ၁၃၂၃၈၀၃ ဧကပေဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒေသခံရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။**
(ဓာတ်ပုံ-ပြန်/ဆက်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပွင့်ဖြူမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်းမှ ဆရာမ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား အလှူငွေပေးအပ်စဉ်။**
(ဓာတ်ပုံ-ပြန်/ဆက်)

## ပင်ဝယ်-မော်လူးကြားလမ်းပိုင်း ကမ်းပါးပြိုကျမှုပြုပြင်

**အင်းတော် ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်ပိုင် မြန်မာ့မီးရထားလမ်းပိုင်း ပင်ဝယ်-မော်လူးဒေသကြား ရာသီဥတုဒဏ်ကြောင့် ရေတိုက်စားရာနေရာများကို ဩဂုတ် ၅ ရက်တွင် မီးရထားဝန်ထမ်းများက ခရီးသွားလုပ်ငန်း အဆင်ပြေစေရန် ပြုပြင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မြစ်ကြီးနားလမ်းပိုင်းရှိ ပင်ဝယ်-မော်လူးဒေသကြားရှိ မိုင်တိုင် ၆၀၂/၆-၇ ကြား မိုးရွာသွန်းရေတိုက်စားမှုဒဏ်ကြောင့် မီးရထားခရီးသွားများ အဆင်ပြေစေရန် ကမ်းပါးပြိုကျ၍ မြေထိန်းနံရံပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြေထိန်းနံရံပြိုကျမှု လျင်မြန်စွာပြီးစီးစေရန် မြန်မာ့မီးရထား ရဲတပ်ဖွဲ့၊ နဘားရဲတပ်ဖွဲ့၊ လူမှုကူညီရေးအဖွဲ့များဖြင့် မြေထိန်းနံရံများကို ဆက်လက်မပြိုကျစေရန် ကမ်းထိန်းတားဆီးနံရံများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၅ ရက် ညနေ ၆ နာရီခန့်တွင် ကံကြီး-ဇော်ချောင်းကြားရှိ တံတားလမ်းပိုင်းလည်း သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

## မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝရေလှောင်တမံ၏ နှစ်အလိုက် မိုးရေချိန်နှင့် ဝင်ရေအခြေအနေ

| စဉ် | လအမည် | ၂၀၁၂ | | ၂၀၁၃ | | ၂၀၁၄ | | ၂၀၁၅ | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | မိုးရေချိန် (လက်မ) | ဝင်ရေ (ဧကပေ) | မိုးရေချိန် (လက်မ) | ဝင်ရေ (ဧကပေ) | မိုးရေချိန် (လက်မ) | ဝင်ရေ (ဧကပေ) | မိုးရေချိန် (လက်မ) | ဝင်ရေ (ဧကပေ) | |
| ၁။ | ဇန်နဝါရီ | - | ၁၄၆၂၅၀ | - | ၁၄၅၂၅၁ | - | ၁၂၂၉၅၉ | - | ၉၄၂၄၆ | |
| ၂။ | ဖေဖော်ဝါရီ | - | ၇၄၁၉၁ | - | ၁၅၅၁၇၆ | ၀. ၁၄ | ၁၂၄၅၂၁ | - | ၆၉၁၀၅ | |
| ၃။ | မတ် | - | ၉၁၇၄၄ | - | ၁၆၁၆၅၉ | - | ၂၁၉၃၁၉ | - | ၁၀၁၈၈၈ | |
| ၄။ | ဧပြီ | - | ၁၀၅၅၅၁ | ၀. ၁၄ | ၁၂၇၁၁၃ | - | ၁၄၀၃၇၇ | - | ၁၄၄၃၁၉ | |
| ၅။ | မေ | ၂. ၂၄ | ၁၀၇၁၅၆ | ၃. ၄၁ | ၈၂၈၁၀ | ၂. ၀၆ | ၁၂၀၁၃၁ | - | ၁၃၁၉၀၈ | |
| ၆။ | ဇွန် | ၄. ၆၄ | ၁၉၁၁၈၇ | ၁၁. ၂၀ | ၁၉၀၆၀၇ | ၃. ၆၉ | ၁၄၄၀၆၂ | ၅. ၃၇ | ၁၈၄၅၇၀ | |
| ၇။ | ဇူလိုင် | ၂. ၈၉ | ၅၉၈၅၄၇ | ၅. ၁၇ | ၃၄၄၀၇၈ | ၅. ၀၈ | ၄၁၇၄၆၄ | ၁၅. ၁၇ | ၁၃၂၃၈၀၃ | |
| ၈။ | ဩဂုတ် | ၃. ၂၄ | ၇၉၉၈၆၀ | ၆. ၂၉ | ၇၇၂၁၅၁ | ၆. ၂၅ | ၅၀၂၀၂၁ | ၁. ၁၈ | ၇၅၀၉၉၆ | ၄-၈-၂၀၁၅နေ့ထိ |
| ၉။ | စက်တင်ဘာ | ၆. ၆၄ | ၇၁၁၆၉၂ | ၂၀. ၁၀ | ၈၉၀၁၃၁ | ၁. ၅၈ | ၄၅၉၅၂၆ | - | - | |
| ၁၀။ | အောက်တိုဘာ | ၀. ၂၉ | ၄၀၀၅၀၀ | ၁၃. ၈၄ | ၉၄၂၅၉၀ | ၂. ၅၀ | ၂၁၅၁၄၉ | - | - | |
| ၁၁။ | နိုဝင်ဘာ | - | ၁၀၇၀၃၆ | - | ၃၄၂၅၁၉ | ၀. ၈၃ | ၁၄၀၀၃၆ | - | - | |
| ၁၂။ | ဒီဇင်ဘာ | - | ၇၄၆၂၅ | - | ၁၀၀၉၃၄ | - | ၁၂၄၃၆၆ | - | - | |
| | စုစုပေါင်း | ၁၉. ၉၄ | ၃၄၀၈၃၄၀ | ၆၀. ၁၅ | ၄၂၅၅၀၁၉ | ၂၂. ၁၃ | ၂၇၂၉၉၃၁ | ၂၁. ၇၂ | ၂၈၀၀၈၃၅ | |

# ကြီးအုံကြီးဝရေလှောင်တမံကျိုးမှာ ကြောက်နေသူတွေအတွက် တမံခိုင်ခံ့နေတယ်ဆိုတာ သိစေလိုတယ်

ပုံမှန်မဟုတ်သော မိုးရွာသွန်းမှုနှင့် မုန်တိုင်းဝင်ရောက်ကာ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်တို့တွင် ရေကြီးရေလျှံမှုအများဆုံးဖြစ်ပေါ်ခဲ့ကြောင်း သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက ပြည်သူများ၏ အသက်အန္တရာယ်ကင်းရှင်းရေးကို ဦးစွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်မီဆောင်ရွက်သွားရမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသည့် ပြည်သူများအတွက် လိုအပ်ချက်များစွာ ရှိနေနိုင်ပြီး ထိုလိုအပ်ချက်များကို အမြန်ဆုံး ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ဩဂုတ် ၃ ရက်က ကျင်းပသည့် မြန်မာနိုင်ငံအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည့်ဒေသများအား ကယ်ဆယ်ရေး၊ ထောက်ပံ့ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်သမ္မတက ပြောကြားခဲ့သည်။

ယင်းဖြစ်စဉ်များကြောင့် ရေဘေးသင့်ပြည်သူများအား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ ကျဆင်းမှုမရှိစေရန် တာဝန်ရှိသူများအနေဖြင့် ကဏ္ဍအလိုက် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ဒေသများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သွားရောက်စစ်ဆေးကြည့်ရှုအားပေးစဉ် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ကြီးအုံကြီးဝရေလှောင်တမံနှင့်ပတ်သက်၍ မြို့ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ရှင်းလင်းပြောကြားချက်များကို ပြန်လည်ရေးသားဖော်ပြအပ်ပါသည်။

**ဦးစိုးမင်းလွင်**
**ဦးစီးအရာရှိ၊ ဆည်မြောင်းဦးစီးဌာန**
**တည်ဆောက်ရေး(၈)၊ မကွေးမြို့**



ကျွန်တော်တို့ အခုရောက်နေတာကတော့ ကြီးအုံကြီးဝရေလှောင်တမံပါ၊ ကြီးအုံကြီးဝ ရေလှောင်တမံဆိုတာ မုန်းတမံရဲ့ အောက်ဘက်မှာရှိတယ်။ ဖြစ်လာတဲ့အခြေအနေက ချင်းတောင်ကနေရွာချလိုက်တဲ့ မမျှော်လင့်တဲ့ မိုးရေချိန်တွေကြောင့်ပါ၊ ဘယ်လောက်တောင်များသလဲဆိုရင် ကျွန်တော်တို့မုန်းတမံမှာ ဒီရွာချလိုက်တဲ့ မိုးရေချိန်ကို တားထားမယ်ဆိုရင် မုန်းတမံကြီးက နှစ်ရက်တည်းနဲ့ ပြည့်နိုင်တဲ့ပမာဏရှိတဲ့ ရေထုစီးလာတာ၊ တမံထဲမှာ ရေတစ်ဝက်လောက်ရှိရာကနေ ချက်ချင်းပြည့်လာတယ်။ မုန်းတမံပြည့်လာတာနဲ့ ကြီးအုံကြီးဝတမံအထိ ရေတွေက တန်းရောက်လာတယ်။ တကယ်လို့ ဒီတမံသာမရှိဘူးဆိုရင် အဲ့ဒီလောက် အရှိန်နဲ့စီးလာတဲ့ရေတွေက သေချာပေါက် မြို့ပေါ်ကိုရောက်သွားမယ်။ ရောက်သွားရင် အကုန်လုံးကိုဆွဲချသွားမှာ ဖြစ်ပါတယ်။ ဒီတမံနှစ်ဆင့်ခံထားတဲ့အတွက် ဒီတမံတွေမှာ ရေအရှိန်ကို တန့်လိုက်တဲ့အတွက် ရေက စီးတော့စီးတယ်။ ရေအမြင့်ပေ မြင့်တက်လာတာပဲရှိတယ်။ ရေတိုက်စားသွားတယ်ဆိုတာ တော်တော်နည်းပါတယ်။ တမံသာမရှိရင် အကုန်လုံးကို တိုက်စားသွားမှာဖြစ်ပါတယ်။ နောက်ဆုံး မုန်းတမံဆိုရင် ၃၅ ပေခွဲအထိ ရေပိုလွှဲပေါ်ကနေ ရေကျော်သွားတယ်။ ကြီးအုံကြီးဝတမံဆိုရင် ၃၃ ပေလောက်အထိ ရေကျော်တယ်။ ဒါအင်မတန်များတဲ့

## သတင်းစဉ်(သတင်းအဖွဲ့)

ပမာဏပါ၊ ဒီတမံတွေသက်တမ်းမှာ မုန်းတမံရဲ့ ရေပိုလွှဲပေါ်ကနေ ပေ ၂၀ အထိပဲ ကျော်ခဲ့ဖူးတယ်။ အခုက ၃၅ ပေကျော်အထိ ကျော်သွားတယ်။ ဒါပေမယ့် အခုအချိန်အထိ စိတ်ချရပါတယ်။ တမံခိုင်ခံ့မှုအတွက် ဘာမှ စိုးရိမ်စရာမရှိပါဘူးဆိုတာ ပြောချင်ပါတယ်။

ကျွန်တော့်ရည်ရွယ်ချက်က တမံတွေအပေါ်မှာ များပြားတဲ့ရေတွေစီးကျလာတဲ့အချိန်မှာ တမံကျိုးတော့မှာလားဆိုတဲ့ သို့လော သို့လောနဲ့ ကောလာဟလတွေရယ်၊ နောက်တစ်ခုက ပြည်သူတွေ အချိန်နဲ့တစ်ပြေးညီသိရှိနိုင်ဖို့ အတတ်နိုင်ဆုံး လုပ်ပေးမယ်ဆိုတဲ့ စိတ်နဲ့ ကျွန်တော့် Facebook ကနေ ပုံမှန်လေးတင်ပေးနေတာပါ။ ထူးခြားဖြစ်စဉ်တွေကို အချိန်နဲ့အမျှ တင်ပေးနေတာပါ။ စိတ်ပူသင့်ရင်လည်း ပူရမယ်။ ရေစီးလာတဲ့အတွက် ရေတွေမြင့်တက်လာမယ်။ ဒါကြောင့် အမြင့်ဘက်ကို ရွှေ့ပါဆိုပြီးပြောတယ်။ တမံကျိုးမှာကို ကြောက်နေကြတဲ့သူတွေအတွက် တမံခိုင်ခံ့နေပါတယ်ဆိုတဲ့ဟာကိုလည်း အချိန်နဲ့အမျှ တင်ပြပေးတာဖြစ်ပါတယ်။

---

**✻ ရှေ့ဖုံးမှ**

အလားတူ ဩဂုတ် ၆ ရက်တွင် ကျရောက်သော ဂျမေကာနိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဂျမေကာနိုင်ငံ ဝန်ကြီးချုပ် မစ္စ ပေါရှား စင်မ်ဆန် မီလာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

---

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဂျမေကာနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၆**

၂၀၁၅ ခုနှစ် ဩဂုတ် ၆ ရက်တွင်ကျရောက်သော ဂျမေကာနိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဂျမေကာနိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံခြားကုန်သွယ်ရေးဝန်ကြီး မစ္စတာ အာနိုး ဂျေ နီကိုးလ်ဆန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

---

**✻ ကျောဖုံးမှ**

သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအား ကားဖြင့် မိသားစုများက ပို့ဆောင်ရာတွင် ညောင်တုန်းမြို့ ရေဝင်သောကြောင့် မြို့ခံများ ယာဉ်များဖြင့် ထွက်ပြေးရကြောင်း ကောလာဟလ ပြောဆိုခြင်း၊ အင်တာနက်စာမျက်နှာပေါ်တွင် မမှန်သတင်းရေးသားခြင်းတို့ကြောင့် ရပ်နီးရပ်ဝေး ဆွေမျိုးများ စိုးရိမ်ပူပန်မှုများ ရှိခဲ့ကြောင်း သိရသည်။

ညောင်တုန်းမြို့ သဘာဝဘေးအန္တရာယ်မကျရောက်စေရန် မြို့ခံပြည်သူတို့နှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ တပ်မတော်သားများနှင့် လူမှုရေးအသင်းအဖွဲ့များက တာပေါင် ရေမကျော်စေရန် မပြတ်စောင့်ကြည့်လျက်ရှိပြီး ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ထားကြောင်းနှင့် မြို့နယ်ဆေးရုံမှ လူနာများကို အမှတ်(၂)အထက်တန်းကျောင်းတွင် ပြောင်းရွှေ့ဖွင့်လှစ်ထားကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**

---

# ရေဘေးသင့်ဒေသများမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ဖြန့်ဝေပေးရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်

**မေး/ရေး-ညီညီထွန်း၊ မျိုးမြင့်၊ ဟန်နီဝင်း**
**ဓာတ်ပုံ-ညီမျိုးဟန်**

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေကြီးရေလျှံမှုများကြောင့် ဩဂုတ် ၄ ရက်အထိ ပြုစုထားသောစာရင်းများအရ အထက်တန်းအဆင့် ၁၆၃ ကျောင်း၊ အလယ်တန်းအဆင့် ၃၉၇ ကျောင်းနှင့် မူလတန်းအဆင့်ကျောင်း ၂၃၆၀ စုစုပေါင်း ၂၉၂၀ ယာယီပိတ်ထားခဲ့ရာ ယခုအခါ ကျောင်းပေါင်း ၅၇၃ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် အခြေခံပညာဦးစီးဌာနအနေဖြင့် ရေဘေးသင့်ဒေသမှ ကျောင်းသား ကျောင်းသူတစ်ဦးလျှင် ဗလာစာအုပ်တစ်ဒါဇင်၊ ခဲတံလေးချောင်း၊ ဘောပင်နှစ်ချောင်း ထောက်ပံ့ပေးလျက်ရှိကြောင်းသိရသည်။

"ရေကျသွားပြီဆိုတာနဲ့ ကျောင်းတွေ အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးတွေကို ကျောင်းစာသင်ခန်းတွေမှာ အရင်ဆုံး သန့်ရှင်းရေးလုပ်ဆောင်ဖို့ မှာကြားထားပါတယ်။ ရေကျပြီးတဲ့အခါ စာသင်ခန်းတွေထဲမှာ စာသင်ခုံတွေကအစအခန်းသန့်ရှင်းရေးအတွက် ဥပမာ-ရေပိုက်တွေနဲ့ ရေတွေဆေးပြီး သန့်သန့်ရှင်းရှင်းနဲ့ ကလေးတွေ မြန်မြန်စာသင်နိုင်အောင် ဆောင်ရွက်ကြရပါမယ်။ ဒီအတွက် ကုန်ကျစရိတ်ကို အခြေခံပညာဦးစီးဌာနက ကျခံဆောင်ရွက်ပါ့မယ်" ဟု ယင်းဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းက ပြောကြားသည်။

ရေကြီးရေလျှံမှုများကြောင့်မဟုတ်သော်လည်း ရေဘေးသင့်ကယ်ဆယ်ရေးစခန်းများအနေဖြင့် ကရင်ပြည်နယ်တွင် သုံးကျောင်း၊ ချင်းပြည်နယ်တွင် ခုနစ်ကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကိုးကျောင်း၊ မကွေးတိုင်းဒေသကြီးတွင် ခြောက်ကျောင်း၊ ရခိုင်ပြည်နယ်တွင် ရှစ်ကျောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ၂၃ ကျောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ရှစ်ကျောင်း ဖွင့်လှစ်ထားကြောင်း ယင်းဦးစီးဌာနမှ သိရသည်။

"ကျောင်းသုံးစာအုပ်တွေကို ခရိုင်တွေမှာ မူလကတည်းက ပို့ထားတာရှိပါတယ်။ ရေဘေးသင့်ဒေသက ကျောင်းတွေအတွက် မူလက ခရိုင်အလိုက်မှာရှိနေတဲ့ လက်ကျန် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တွေကို ပြန်လည်စုစည်းမယ်။ ရေဘေးသင့်ခရိုင်တွေက ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တွေရောကျန်တဲ့ ခရိုင်တွေက ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တွေကို အတန်းအလိုက် အစုံဖွဲ့ပြီးပြန်စုမယ်။ ပြီးတော့မှ ရေဘေးသင့်ဒေသ ကျောင်းတွေအတွက် ပြန်ဖြန့်သွားမယ်။ ဒီလိုရေဘေးသင့် ကျောင်းတွေအတွက် ဖြန့်ဝေသွားဖို့ ခရိုင်အလိုက်အနေနဲ့ အတန်းလိုက်အတွက် ဘာသာရပ်အလိုက် အစုံလိုက်ဖြန့်ဝေနိုင်အောင် ဆရာ ဆရာမတွေ ကျောင်းသူကျောင်းသားတွေ၊ ပရဟိတစိတ်နဲ့ ကူညီဆောင်ရွက်မယ့် သူတွေနဲ့ ဆောင်ရွက်နိုင်အောင်စီစဉ်ထားတယ်။ ဒ့ါအပြင် လုပ်အားပေးတွေခေါ်ပြီး ဆောင်ရွက်နိုင်အောင်လည်း စီစဉ်ထားပါတယ်။ နောက်တစ်ခုက ဒီလိုလုပ်ဖို့ အခက်အခဲရှိတယ်ဆိုရင် လုပ်အားခနဲ့ ဆောင်ရွက်သွားဖို့လည်း စီစဉ်ထားပါတယ်" ဟု ၎င်းက ဆိုသည်။



**ဦးစိုးဝင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန)**

လက်ရှိစာရင်းဇယားများအရ စုဖွဲ့ထားသည့် ပြဋ္ဌာန်းစာအုပ်များသည် လုံလောက်မှုရှိသော်လည်း အမှန်တကယ်ဖြန့်ဝေရာတွင် အခက်အခဲရှိခဲ့ပါက ဆောင်ရွက်မည့်အခြေအနေအပေါ် "လှိုင်၊ တပ်ကုန်း၊ မြစ်ငယ်မှာ သိုလှောင်ထားတာတွေရှိပါတယ်။ အဲဒါတွေကိုလည်း အခုအတန်းအလိုက် ဘာသာရပ်တွေကို စုဖွဲ့ပြီး စီစဉ်ထားပါတယ်။

"ဒီလိုဖြန့်ဝေတဲ့အခါ ရေကြီးရေလျှံဖြစ်ပေါ်နေဆဲဒေသတွေက ပို့လို့မရဘူး။ ရေကျတာနဲ့ ပို့လို့ရအောင် စီစဉ်ထားတယ်။ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အလိုက် လိုအပ်တဲ့ ပြဋ္ဌာန်းစာအုပ်စာရင်းကို ပြုစုဖို့မှာထားပါတယ်။ တချို့နေရာတွေမှာ ရေကြီးရေလျှံဆဲမို့ စာရင်းပြုစုလို့ မရသေးတာလည်းရှိပါတယ်။ ဒါပေမယ့် ချက်ချင်းပို့နိုင်အောင်တော့ လိုအပ်တဲ့စာရင်းဇယားတွေကို ရသလောက်ပြုစုနေပါတယ်"ဟု ဦးစိုးဝင်းက ဆက်လက်ပြောပြသည်။

ရေများကျသွားပြီးနောက် ကျောင်းများအမြန်ဆုံးဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိပြီး ကျောင်းများပြန်လည် တက်ရောက်သည့်အခါ ကျောင်းသူ ကျောင်းသားများ၏ ကျန်းမာရေးအတွက်ကိုလည်း ကျန်းမာရေးဝန်ကြီးဌာန၊ မြို့နယ်ကျောင်းကျန်းမာရေးဆရာဝန်များဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"နောက်တစ်ခုပြောချင်တာက ရခိုင်ပြည်နယ်မှာ ကျောင်းတွေ လုံးဝကိုပျက်စီးသွားတာရှိပါတယ်။ ဒီလိုကျောင်းတွေအတွက်လည်း ယာယီကျောင်းတွေ တည်ဆောက်မယ်။ ယာယီကျောင်းတွေ ဆောက်နေဆဲဆိုရင်လည်း အနီးနားက အခိုင်အခံ့ရှိနေတဲ့ ဘုန်းကြီးကျောင်းမှာပဲ ဖြစ်ဖြစ်၊ အားကစားရုံပဲဖြစ်ဖြစ် စာသင်နိုင်ဖို့ ဆောင်ရွက်သွားပါ့မယ်။

"ဒီလိုကျောင်းတွေ တည်ဆောက်သွားဖို့ ကျွန်တော်တို့ ဆောင်ရွက်ထားပြီးပါပြီ။ ကျွန်တော်တို့ ဌာနရဲ့ ဘတ်ဂျက်နဲ့ မလုံလောက်ရင် နိုင်ငံတော်သမ္မတရဲ့ သီးသန့်ရန်ပုံငွေက သုံးစွဲနိုင်အောင် တင်ပြတောင်းခံဆောင်ရွက်သွားပါ့မယ်" ဟုလည်း ပြောကြားခဲ့သည်။

---

# သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ပစ္စည်းနှင့်အလှူငွေများ လှူဒါန်းနိုင်ပါရန် နှိုးဆော်

၁။ နိုင်ငံတော်သမ္မတရုံးက သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် သတ်မှတ်ကြေညာထားသည့် တိုင်းဒေသကြီး/ပြည်နယ်လေးခုတွင် ပျက်စီးဆုံးရှုံးသွားသော မွေးမြူရေးလုပ်ငန်းများ ပံ့ပိုးကူညီရေးနှင့် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေး၊ ကျန်းမာသန့်ရှင်းရေး၊ အိမ်ရာ၊ မီးလင်းရေးလုပ်ငန်းများကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ချက်ချင်း ပြင်ဆင်၊ တည်ဆောက်ပေးသွားမည်ဖြစ်ပါသည်။

၂။ လှူဒါန်းလိုသော စေတနာရှင်အလှူရှင်များ၊ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) ကျေးလက်ရေပေးရေးလုပ်ငန်းများအနေဖြင့် ရေတွင်းရေကန်များ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများတွင် ရေပေးရေး ဆက်စပ်ပစ္စည်းများဖြစ်သည့် အင်ဂျင်၊ ပန့်၊ ပိုက်များ၊ စက်သုံးဆီနှင့် အလှူငွေများထည့်ဝင်လှူဒါန်းနိုင်ပါရန်၊

(ခ) ကျေးလက်လမ်းတံတားလုပ်ငန်းများအနေဖြင့် လမ်းတံတားပြင်ဆင်ခြင်းလုပ်ငန်းများတွင် ယန္တရားများကူညီခြင်း၊ စက်သုံးဆီများနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါရန်၊

(ဂ) ကျေးလက်အိမ်ရာလုပ်ငန်းများအနေဖြင့် ကျေးလက်အိမ်ရာများ ပြန်လည်ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများတွင် သစ်၊ သွပ်၊ ပျဉ်၊ ဝါးကပ်များနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါရန်၊

(ဃ) ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မီးလင်းရေးပစ္စည်းများနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါရန်၊

(င) တိရစ္ဆာန်၊ တိရစ္ဆာန်အစာ၊ ဆေးဝါး၊ မွေးမြူရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် အလှူငွေများထည့်ဝင်လှူဒါန်းနိုင်ပါရန်။

၃။ သို့ပါ၍ စေတနာရှင် အလှူရှင်များအနေဖြင့် လှူဒါန်းလိုပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်) ဖုန်း ၀၆၇-၄၀၈၄၆၅၊ ၀၉-၂၅၄၂၆၂၁၇၈၊ ၀၆၇-၄၁၈၃၅၆၊ ၀၉-၄၃၀၃၈၁၂၃၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ဖုန်း-၀၆၇-၄၀၉၀၂၆၊ ၀၉-၅၀၈၈၉၉၉၊ ၀၆၇-၄၀၉၂၁၁၊ ၀၉-၈၆၁၀၁၇၉၊ ၀၆၇-၄၀၉၀၂၇၊ ၀၉-၈၃၀၀၇၆၅၊ ၀၆၇-၄၀၉၃၅၇၊ ၀၉-၈၃၀၀၁၉၃၊ ၀၆၇-၄၀၉၃၆၂၊ ၀၉-၄၉၂၂၄၀၀၃၊ ၀၆၇-၄၀၉၀၃၀၊ ၀၉-၄၀၀၄၁၄၂၁၄၊ ၀၆၇-၄၀၉၄၀၉၊ ၀၉-၂၅၀၉၆၁၈၅၅၊ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၆၃-၂၈၁၆၈၊ ၀၉-၄၉၂၀၂၀၈၂၊ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၇၁-၂၆၁၉၅၊ ၀၉-၄၃၀၀၂၆၂၇၊ ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၄၃-၂၂၀၁၈၊ ၀၉-၄၉၆၄၀၉၇၈ နှင့် ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၇၀-၂၂၅၅၀၊ ၀၉-၈၆၁၆၄၄၃ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

# ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းလုပ်ငန်းများကြောင့် ယခုမှစ၍ ၂၀၂၅ ခုနှစ်အတွင်း ဒေသခံပြည်သူများအတွက် အလုပ်အကိုင်ပေါင်း သုံးသိန်းခန့်ဖန်တီးပေးနိုင်မည်

**နေပြည်တော် ဩဂုတ် ၅**

စတုတ္ထအကြိမ် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် Horizon Lake View Resort ဟိုတယ်၌ ကျင်းပရာ မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။



အစည်းအဝေးသို့ ဒုတိယသမ္မတနှင့်အတူ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် အမ်အာရ် ပရီဒီယသွန်း ဒိဗကုလနှင့် အတူ ဘဏ္ဍာရေး၊ ပို့ဆောင်ရေး၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာနများမှ ဝန်ကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် အမ်အာရ် ပရီဒီယသွန်း ဒိဗကုလတို့သည် ပူးတွဲအဆင့်မြင့်ကော်မတီဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



အစီအစဉ်အရ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပခဲ့သော တတိယအကြိမ် ပူးတွဲအဆင့်မြင့်ကော်မတီအစည်းအဝေး၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံအစည်းအဝေးကို တရားဝင်ကျင်းပနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသော စတုတ္ထအကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးတွင် မြန်မာ-ထိုင်း-ဂျပန် Memorandum of Intent (MOI)ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ယခုအစည်းအဝေးတွင် ထားဝယ် အထူးစီးပွားရေးဇုန်၏ ကနဦးအဆင့်စီမံကိန်းများဖြစ်သည့် နှစ်လမ်းသွား ကားလမ်း၊ ဆိပ်ကမ်းငယ်၊ ကနဦး စက်မှုဇုန်၊ ယာယီ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ကနဦး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ကနဦး မြို့ပြစီမံကိန်း၊ ရေပေးဝေရေးစီမံကိန်း၊ ဆက်သွယ်ရေးလိုင်းလုပ်ငန်းများ လုပ်ကိုင်ခွင့်သဘောတူညီချက်များအား လက်မှတ်ရေးထိုးနိုင်တော့မည်ဖြစ်ကြောင်း၊ အဆိုပါ ကနဦးစီမံကိန်းများသည် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကြီး တစ်ခုလုံး စတင်လည်ပတ်နိုင်ရန် ပထမဆုံးခြေလှမ်းလည်းဖြစ်ပါကြောင်း၊ ကနဦးစီမံကိန်းလုပ်ငန်းများအနေဖြင့် ယခုမှစ၍ ၂၀၂၅ ခုနှစ်အတွင်း ဒေသခံပြည်သူများအတွက် အလုပ်အကိုင်ပေါင်း သုံးသိန်းခန့်ကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ကြောင်းနှင့် ဒေသတွင်း လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာစံနှုန်း သတ်မှတ်ချက်များ၊ အတွေ့အကြုံများနှင့်အညီ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာများကို ထိခိုက်မှုမရှိဘဲ ပါဝင်ဆောင်ရွက်နိုင်မည့် ကောင်းမွန်သောအခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည့် အခြေအနေကောင်းများလည်း ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်သည် မြန်မာနှင့် ထိုင်းနိုင်ငံတို့၏ အကျိုးစီးပွားသာမက အရှေ့တောင်အာရှ နိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများ၏ အကျိုးစီးပွားကိုလည်း ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းသည် ဒေသတွင်း၌ အရေးကြီးသောစီမံကိန်းတစ်ရပ်ဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းအနေဖြင့် မဟာမဲခေါင်ဒေသတောင်ပိုင်းစီးပွားရေးစင်္ကြံ ဖြစ်ပေါ်လာစေမည့်အပြင် ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့မှ ထိုင်းနိုင်ငံကို ဖြတ်သန်းပြီး ပင်လယ်ထွက်ပေါက်သို့ ဆက်သွယ်ဆောင်ရွက်မည့် ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်တစ်ခု ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ထားဝယ်ဒေသနှင့် ဆက်စပ်ဒေသများအပေါ် ကြီးမားသောစီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်လာစေမည့် စီမံကိန်းကြီးတစ်ခုဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ရေး၊ မြန်မာအထူးစီးပွားရေးဇုန် နည်းဥပဒေပြဋ္ဌာန်းနိုင်ရေး၊ ကနဦးစီမံကိန်းများအတွက် ဘဏ္ဍာငွေကြေးရရှိနိုင်ရေး၊ ထားဝယ်အထူးစီးပွားရေးဇုန် တစ်ခုလုံး၏ ပင်မစီမံချက်အား အတည်ပြုနိုင်ရေးနှင့် စီမံကိန်းတွင် ဂျပန်နိုင်ငံ ပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေတို့ကို ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းများအတွက် လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူညီချက်များကို ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများအကြား လက်မှတ်ရေးထိုးကြသည်။

အဆိုပါ လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးအပြီးတွင် ဒုတိယသမ္မတက ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

မွန်းလွဲပိုင်းတွင် ပူးတွဲအဆင့်မြင့်ကော်မတီအစည်းအဝေး၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံအစည်းအဝေးကို ဆက်လက် ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ထိုင်းနိုင်ငံမှ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အာခွန်တန်ပစ်တရာပိုင်စစ်နှင့် ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။ အဆိုပါ အစည်းအဝေးတွင် **(ဝဲပုံ)** ဂျပန်နိုင်ငံဘက်မှလည်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းနှင့် ပတ်သက်၍ အကူအညီအထောက်အပံ့များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

အစည်းအဝေး အပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အာခွန်တန်ပစ်တရာပိုင်စစ်တို့ ဦးဆောင်သည့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပြီး သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ထားဝယ်အထူးစီးပွားရေးဇုန်၏ ကနဦးစီမံကိန်းလုပ်ငန်းများအတွက် လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ယင်းစီမံကိန်းလုပ်ငန်းများသည် လုပ်သားအခြေပြု စက်မှုဇုန်လုပ်ငန်းများပေါ်တွင် ဗဟိုပြုသဖြင့် ဒေသခံပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပွင့်လန်းလာမည်ဖြစ်ကြောင်း၊ ရေရှည်အားဖြင့် ယင်းစီမံကိန်းထက် များစွာကြီးမားကျယ်ပြန့်သည့် ရေနက်ဆိပ်ကမ်းစီမံကိန်း၊ ထိုင်းနှင့် ဆက်သွယ်မည့် အဝေးပြေးလမ်းမကြီးနှင့် အကြီးစား စက်မှုလုပ်ငန်းများပါဝင်သော စက်မှုဇုန်ကြီးများ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်၏ ပင်မစီမံချက်ကို ၂၀၁၅ ဇွန်လတွင် အပြီးသတ်ရေးဆွဲနိုင်ခဲ့ပြီး ယခုအစည်းအဝေးတွင် အတည်ပြုနိုင်ခဲ့ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် ပင်မစီမံချက်၏ ရည်ရွယ်ချက်မှာ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု၊ အထူးစီးပွားရေးဇုန် ဗဟိုပြု ကမ္ဘာ့အဆင့်ပို့ကုန်လုပ်ငန်း၊ အာရှဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်နှင့် မဟာမဲခေါင်ဒေသတောင်ပိုင်း စီးပွားရေးစင်္ကြံအဖြစ် ဆောင်ရွက်ရန်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ယမန်နေ့ နံနက်ပိုင်းတွင် ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မြန်မာ-ထိုင်း ပူးတွဲလုပ်ငန်းကော်မတီ ဆဋ္ဌမအကြိမ် အစည်းအဝေးကို အဆိုပါ ဟိုတယ်၌ ကျင်းပခဲ့ရာ မြန်မာဘက်မှ ပူးတွဲအဆင့်မြင့်ကော်မတီ အတွင်းရေးမှူး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် ထိုင်းနိုင်ငံဘက်မှ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အာခွန်တန်ပစ်တရာပိုင်စစ်တို့ ဦးဆောင်ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအတွက် ဆန်လှူဒါန်းလိုလျှင် အရင်းဈေးနှုန်းဖြင့်ရောင်းချရန် ညှိနှိုင်းထား

**တွေ့ဆုံမေးမြန်း-ညီညီဟန်**

**နေပြည်တော် ဩဂုတ် ၅**

ရေဘေးသင့်ပြည်သူများအား အရေးပေါ်ထောက်ပံ့ရေးဆောင်ရွက်ရာတွင် အဓိကလိုအပ်သည့် ဆန်စပါးထောက်ပံ့ရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်အသင်းတို့နှင့်လည်း ပူးပေါင်းဆောင်ရွက်မည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ပြောကြားသည်။

"အခု ဆန်စပါးဈေးနှုန်း တည်ငြိမ်မှုရှိစေဖို့အတွက်လည်း ပူးပေါင်းဆောင်ရွက်သွားပါမယ်၊ ပြီးတော့ ဆန်စပါးဈေးနှုန်းတွေ တည်ငြိမ်မှုရှိဖို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ရခိုင်ပြည်နယ်အတွင်း ရေကြီးနစ်မြုပ်တဲ့ ဒေသတွေကို ရခိုင်ပြည်နယ် ဆန်စပါးကုန်သည် အသင်းကတစ်ဆင့် အရင်းဈေးနှုန်းတွေအတိုင်းထားပြီး ဆန်အိတ် ၂၀၀၀၀ ကို အကြွေးစနစ်နဲ့ရောင်းချသွားမှာဖြစ်ပါတယ်" ဟုလည်း ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ရခိုင်တိုင်းရင်းသားများက ရခိုင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းမည့် ဆန်အိတ် ၃၀၀၀၀ ကိုလည်း အရင်းဈေးနှုန်းဖြင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်အသင်းက ရောင်းချပေးရန် စီစဉ်လျက်ရှိသည့်အပြင် ပြည်သူများက ရေဘေးသင့်ပြည်သူများအား လှူဒါန်းလိုလျှင် အရင်းဈေးနှုန်းဖြင့်သာ ရောင်းချရန်လည်း မြန်မာနိုင်ငံဆန်စပါးကုန်သည်အသင်းနှင့် ညှိနှိုင်းထားကြောင်း သိရသည်။

"အခုဆန်စပါးတွေနဲ့ပတ်သက်ပြီး ပြည်တွင်းမှာ လိုအပ်ချက်တွေရှိတဲ့ အခါ မတော်လောဘရှိတဲ့သူတွေက ဈေးနှုန်းမြှင့်ရောင်းချတာတွေ မလုပ်နိုင်အောင် ဈေးရင်းတွေနဲ့ ရောင်းချပြီးမှ ပြန်ပေးတဲ့အကြွေးစနစ်နဲ့ ရောင်းချပေးသွားတာပါ" ဟုလည်း အမြဲတမ်းအတွင်းဝန်က ပြောကြားခဲ့သည်။

"ဒါ့အပြင် အရေးပေါ်ထောက်ပံ့ရေးအတွက် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက လှူဒါန်းတဲ့ ငါးသေတ္တာဘူး၊ ခေါက်ဆွဲခြောက်၊ အိမ်သုံးဆေး၊ ဓာတ်ဆား၊ ရေသန့်ဆေးတွေပါဝင်တဲ့ ဆေးအိတ်နဲ့ ရေသန့်တွေအပြင် ၁၂ ပြည် ဆန်အိတ် ၆၀၀၀၊ တစ်ပိဿာ ပဲကတ္တီပါ အိတ် ၆၀၀၀၊ ဆီတစ်လီတာဘူး ၆၀၀၀ ကို အိမ်ထောင်စု ၆၀၀၀ စာအတွက် လှူဒါန်းသွားနိုင်ဖို့လည်း စီစဉ်နေပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးက ရေဘေးသင့်ပြည်သူတွေအတွက် ဆန်အိတ် ၂၀၀၀ နဲ့ မကွေးတိုင်းဒေသကြီးက ရေဘေးသင့်ပြည်သူတွေအတွက် ဆန်အိတ် ၁၃၅၀ တို့ကို လှူဒါန်းပေးဖို့ စီစဉ်ဆောင်ရွက်ပေးနေတယ်။

"မြန်မာလယ်ယာစီးပွားအများပိုင်ကုမ္ပဏီနဲ့ Nine Sea ကုမ္ပဏီတို့ကလည်း အကြွေးစနစ်နဲ့ရောင်းချဖို့ ဆန်အိတ် ၃၀၀၀ ကို တော်ဝင်သီရိသဘော်နဲ့ပို့ဆောင်ပေးဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြောကြားသည်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကြည့်ရှု

ရန်ကုန် ဩဂုတ် ၅

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၄ ရက် ညနေပိုင်းက ပဲခူးတိုင်းဒေသကြီး လက်ပံတန်းဘူတာမှ ရထားဖြင့် လက်ပံတန်းမြို့နယ် သာရဝေါတိုက်နယ် ကုလားချောင်းကျေးရွာသို့ သွားရောက်၍ ဧရာဝတီတာတမံ မကျိုးပေါက်စေရေးနှင့် တာပေါ်ရေမကျော်စေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ကြည့်ရှုသည်။**



ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကားပြောကြားသည်။ **(ယာပုံ)**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတားအနီးရှိ သစ်တောရိပ်သာသို့ ရောက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်စိုး၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးသည်။

ရှေးဦးစွာ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူက ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက် တာတမံများ တည်ရှိမှု၊ တာတမံများ၏ ကြံ့ခိုင်မှုအခြေအနေ၊ ရေကင်းများ ချထားမှု အပါအဝင် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ဧရာဝတီမြစ်ရေဝင်ရောက်မှု၊ မြစ်ကမ်းဘေးမှ ကျေးရွာများ ရေကြီးနစ်မြုပ်မှု၊ စိုက်ပျိုးမြေများ ရေကြီးနစ်မြုပ်ပျက်စီးမှုနှင့် မျိုးစပါးများ ပြန်လည်ဖြန့်ဝေပေးရန် စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယခုရက်ပိုင်းအတွင်း အထက်အညာဒေသ၌ မိုးရွာသွန်းမှုများပြားပြီး ဧရာဝတီမြစ်ရေ မြင့်တက်လာသည့် အကျိုးဆက်ကြောင့် ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဟင်္သာတခရိုင်နှင့် မအူပင်ခရိုင်အတွင်းရှိ မြို့နယ်များတွင် တာကျိုးခြင်း၊ တာပေါ်ရေကျော်ခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အထူးသတိဝီရိယထား ဆောင်ရွက်ရန်လိုကြောင်း၊

တာကျိုးခြင်း၊ တာပေါ်ရေကျော်ခြင်းများဖြစ်ပွားပါက ပြည်သူများ၏ အသက်အိုးအိမ်များ ထိခိုက်ဆုံးရှုံးပျက်စီးနိုင်သည့်အပြင် စိုက်ပျိုးမြေများ ရေကြီးနစ်မြုပ်ပြီး သီးနှံများ ပျက်စီးဆုံးရှုံးနိုင်ကြောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဆောင်၍ ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နေမှုကို အားရဖွယ်တွေ့ရှိရပါကြောင်း၊ တာမကျိုး၊ ရေမကျော်ရေးအတွက် ဆည်မြောင်းဦးစီးဌာနက အဓိကတာဝန်ယူပြီး ရေကင်းစောင့်ခြင်း၊ သဲအိတ်ထပ်ဆင့်ခြင်းများတွင် ကူညီဆောင်ရွက်လျက်ရှိကြသည့် လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများအတွက် စားသောက်ရေး၊ ယာယီနေထိုင်ရေးနှင့် ကျန်းမာရေးကိစ္စများကို ဖြည့်ဆည်းပေးရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ညောင်တုန်းမြို့ အမှတ်(၃)နှင့် အမှတ်(၄) ရပ်ကွက်ကြား (၁၂) လမ်းအနီးရှိ ညောင်တုန်းကမ်းပတ်တာတွင် ပန်းလှိုင်မြစ်ရေမြင့်တက်မှုကို တပ်မတော်သားများ၊ လူမှုရေး အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ သဲအိတ်များချပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုကာ ညောင်တုန်းမြို့ ကမ်းပတ်တာ ကြံ့ခိုင်မှုရှိရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး လုပ်အားပေးကြသည့် တပ်မတော်သားများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစဉ် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် မီးအိမ်များနှင့် အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



## မစ္စရန်ဟီလီ ရခိုင်ပြည်နယ် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၅**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့သို့ရောက်ရှိ၍ ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ထို့နောက် မစ္စရန်ဟီလီသည် လက်ပံတန်းမြို့သို့ ရောက်ရှိ၍ အောင်မြေဗိမာန်ကျောင်းတိုက်အတွင်း ကြည့်ရှုလေ့လာကာ သာယာဝတီအကျဉ်းထောင်သို့ သွားရောက်ခဲ့ပြီး အကျဉ်းထောင်တာဝန်ရှိသူများနှင့် အကျဉ်းသူ အကျဉ်းသားများကို တွေ့ဆုံခဲ့သည်။

မွန်းလွဲပိုင်းတွင် မစ္စရန်ဟီလီသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့်လည်းကောင်း၊ ရခိုင်ပြည်နယ် ပြည်နယ်အဆင့်အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေးစင်တာမှ တာဝန်ရှိသူများ၊ ရခိုင်တိုင်းရင်းသား မြို့မိမြို့ဖများနှင့်လည်းကောင်း တွေ့ဆုံပြီး ရခိုင်ပြည်နယ်၏ လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် မစ္စရန်ဟီလီနှင့်အဖွဲ့သည် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းတွင် အသင်းတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သဘာဝဘေးသင့်ပြည်သူများအတွက် မစ္စရန်ဟီလီနှင့်အဖွဲ့က တစ်ဦးချင်း အလှူငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံတွင် မတူညီသော သဘောသဘာဝဖြင့် အထူးစီးပွားရေးဇုန်သုံးခုကို အကောင်အထည်ဖော်တည်ဆောက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၅**

မြန်မာနိုင်ငံတွင် မတူညီသော သဘောသဘာဝဖြင့် အထူးစီးပွားရေးဇုန်သုံးခုကို အကောင်အထည်ဖော် တည်ဆောက်လျက်ရှိကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ မြန်မာနိုင်ငံ အထူးစီးပွားရေးဇုန်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆက်အောင်က ယနေ့ပြောကြားလိုက်သည်။

"အခုလောလောဆယ်မှာ ကျောက်ဖြူ ထားဝယ်နဲ့ သီလဝါအထူးစီးပွားရေးဇုန်သုံးခုရှိပါတယ်။ အထူးစီးပွားရေးဇုန်တစ်ခုနဲ့တစ်ခု ရင်းနှီးမြှုပ်နှံမှုပဋိပက္ခတွေများဖြစ်လာနိုင်မလားဆိုပြီး ပြောကြတာတွေရှိပါတယ်။ အမှန်က အထူးစီးပွားရေးဇုန်သုံးခုက တစ်ခုနဲ့တစ်ခု သဘော သဘာဝချင်း မတူပါဘူး" ဟု ဆိုသည်။

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာ-ထိုင်း အဆင့်မြင့်ကော်မတီ၏ စတုတ္ထအကြိမ် အစည်းအဝေးတွင် ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျောက်ဖြူကတော့ မစရသေးပါဘူး။ သီလဝါကတော့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ရွှေ့ပြောင်းအခြေချနေထိုင်သူတွေနဲ့သက်ဆိုင်ပါတယ်။ ရန်ကုန်မြို့နားမှာရှိတဲ့အတွက် တစ်နိုင်ငံလုံးမှာရှိတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေအတွက်ရော၊ ရန်ကုန်တစ်ဝိုက်မှာရှိတဲ့ ဒေသခံပြည်သူတွေအတွက်ပါ အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးရစေနိုင်မယ့် ချက်ချင်းအကျိုးခံစားရမှာ ဖြစ်ပါတယ်"ဟု သီလဝါအထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ သုံးသပ်သည်။

ထားဝယ်အထူးစီးပွားရေးဇုန်၏ ကနဦးလုပ်ငန်းစီမံကိန်းများအဖြစ် စက်မှုဇုန်လုပ်ငန်းများ၊ ကနဦးလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ယာယီလျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ မြို့ပြစီမံကိန်းလုပ်ငန်း၊ ဆိပ်ကမ်းငယ်လုပ်ငန်း၊ ရေပေးဝေရေးလုပ်ငန်းအတွက် ရေလှောင်တမံ၊ မြန်မာ-ထိုင်းနယ်စပ်သို့ ဆက်သွယ်မည့် နှစ်လမ်းသွားကားလမ်းနှင့် တယ်လီဖုန်းဆက်သွယ်ရေးလိုင်းများ ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

"ထားဝယ်ကတော့ ပြည်တွင်းက ရွှေ့ပြောင်းလုပ်သားတွေ အတွက်တင် မဟုတ်ဘဲ ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံကြားမှာ နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းအခြေချနေထိုင်သူတွေအတွက်ပါ အရေးကြီးတဲ့ စီမံကိန်းလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ရွှေ့ပြောင်းလုပ်သားတွေက ထိုင်းနိုင်ငံမှာ သန်းနဲ့ချီပြီး နှစ်သန်း၊ သုံးသန်းလောက်ကို ရှိနေပါတယ်။ ဒီရွှေ့ပြောင်းအခြေချနေထိုင်သူတွေကလည်း မြန်မာနိုင်ငံဘက် ပြန်လာတဲ့အခါ သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေက အဆင်သင့်ဖြစ်စေနိုင်မယ့် ရည်ရွယ်ချက်မျိုးတွေလည်း ပါပါတယ်"ဟု ပြောသည်။

ထားဝယ်အထူးစီးပွားရေးဇုန်၏ ကနဦးလုပ်ငန်းများသည် လုပ်သားအခြေပြုစက်မှုဇုန်လုပ်ငန်းပေါ်တွင် ဗဟိုပြုဆောင်ရွက်သွားရန် ရည်ရွယ်သဖြင့် ဒေသတွင်းပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာလည်း ရရှိလာမည်ဖြစ်ကြောင်း ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ခြင်းဆိုင်ရာ (၄)ကြိမ်မြောက် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီအစည်းအဝေးမှ သိရသည်။

"စီးပွားရေးဇုန်တွေ ရှိလာတယ်ဆိုပေမယ့် တစ်ခုနဲ့တစ်ခုရရှိမယ့် အကျိုးကျေးဇူးချင်းရော၊ ရည်ရွယ်ချက်ချင်းပါ မတူညီတဲ့အတွက် သူ့ကဏ္ဍနဲ့သူ အထူးစီးပွားရေးဇုန် အားလုံးသည် မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ လူနေမှုဘဝ တိုးတက်ရေး အထောက်အကူဖြစ်လာမှာပါ။ မြန်မာနိုင်ငံအတွက် စီးပွားရေးအခွင့်အလမ်းတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ ကုန်သွယ်မှုတွေကို အများကြီး အကျိုးပြုမယ့် စီးပွားရေးဇုန်တွေဖြစ်မယ်လို့ ပြောချင်ပါတယ်"ဟု ဦးဆက်အောင်က ဆိုသည်။

သီလဝါအထူးစီးပွားရေးဇုန်သည် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သန်လျင်နှင့် ကျောက်တန်းမြို့နယ်အတွင်း၌ တည်ရှိသည်။ ရန်ကုန်မြို့လယ်မှ ၂၃ ကီလိုမီတာကွာဝေးပြီး ဆိပ်ကမ်းအနီး၌ တည်ရှိသည်။ ထားဝယ် အထူးစီးပွားရေးဇုန်သည် ထားဝယ်ခရိုင် ရေဖြူမြို့နယ် နဘုလယ်ဒေသ၌ တည်ရှိပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန်သည် ကျောက်ဖြူမြို့၏ အရှေ့တောင်ဘက် လေးမိုင်ခန့်အကွာရှိ စစ်တောနှင့် စည်မော်ကျေးရွာများအနီး တည်ရှိသည်။

**နန္ဒာဝင်း**

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၅**

၂၀၁၅ ခုနှစ် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများတွင် ဖြစ်ပေါ်လျက်ရှိသည့် ရေကြီးရေလျှံမှုများကြောင့် နိုင်ငံအဝန်းရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ လှူဒါန်းငွေများနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးမြည်မိန်းနှင့်အဖွဲ့ဝင်များ အမျိုးသားသဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရေကြီးရေလျှံသည့် ဘေးဒုက္ခအန္တရာယ်များသည် အိန္ဒိယ၊ မြန်မာ၊ တရုတ်စသည့် နိုင်ငံများရှိ နေရာဒေသများတွင် ထူးခြားစွာ ဖြစ်ပွားနေပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း နေရာဒေသအနှံ့ ဆင့်ကဲဆင့်ကဲ ဖြစ်ပွားနေပါကြောင်း၊ ထိုကဲ့သို့အနေအထားများတွင် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကို တစ်ဦး၊ တစ်ယောက်၊ တစ်ဖွဲ့တည်းအနေဖြင့် ဆောင်ရွက်နိုင်စွမ်းမရှိဘဲ နိုင်ငံတော်အစိုးရနှင့် တပ်မတော်ကသာ အလုံးစုံလွှမ်းခြုံသည့်စီမံကွပ်ကဲမှုဖြင့် ဆောင်ရွက်နိုင်စွမ်းရှိသည့် အခြေအနေဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံသားများဖြစ်သည့်နည်းတူ သဘာဝဘေးသင့်ပြည်သူများအတွက် လှူဒါန်းလိုကြပါကြောင်း။

ထိုသို့လှူဒါန်းရာတွင် နေရာဒေသတစ်ခုတည်းကိုသာ သွားရောက်ပြီး လှူဒါန်းလျှင် တစ်နိုင်ငံလုံးအတွက် အကျိုးသက်ရောက်မှုမရှိနိုင်သည့်အပြင် နိုင်ငံရေးလူလုံးပြသည့်ကဲ့သို့ ဖြစ်သွားမည်ကို စိုးရိမ်ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် ရေဘေးသင့်ပြည်သူများအတွက် လွှတ်တော်ကိုယ်စားလှယ်များအပြင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကလည်း လှူဒါန်းကြပါကြောင်း၊ ထိုလှူဒါန်းမှုများသည် တစ်ကြိမ်တည်းဖြင့် လုံလောက်ပြည့်စုံသွားမည်မဟုတ်သည်ကို နားလည်ပါကြောင်း၊ နောက်ပိုင်းလိုအပ်ချက်များကိုဖြည့်ဆည်းနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ ယခုဝန်ကြီးဌာန၏ ဆောင်ရွက်ချက်၊ နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်များသည် အဓိကပင်ဖြစ်ပါကြောင်း၊ ထိုဆောင်ရွက်ချက်များကို လေးစားအသိအမှတ်ပြုပါကြောင်း၊ အလားတူ တပ်မတော်သားများအနေဖြင့်လည်း ရေဘေးဖြစ်ပွားရာဒေသများ၌ ရေဘေးသင့်ပြည်သူများနှင့်ထပ်တူထပ်မျှခံစားပြီး ရေဘေးထဲမှပင် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နေကြပါကြောင်း၊ ရေကျသွားပြီးနောက်ပိုင်းတွင် ရေကောင်းရေသန့်ရရှိရေး၊ စားနပ်ရိက္ခာရရှိရေးနှင့် ပြန်လည်စိုက်ပျိုးရေး၊ နေထိုင်စရာ အဆောက်အအုံများပြန်လည်ပြင်ဆင်ရေး၊ လမ်းတံတားများ ပြန်လည်ပြုပြင်ရေး၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးစသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများစွာကျန်ရှိနေပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်နေရာ လေးနေရာကို သဘာဝဘေးအန္တရာယ် ကျရောက်သည့်နေရာများအဖြစ် သတ်မှတ်ကြေညာခြင်းသည် သဘာဝဘေးဒဏ်အဆိုးဆုံးခံစားနေရသည့် နေရာများဖြစ်ပါကြောင်း၊ မကြေညာထားသော်လည်း ကျန်ရှိသည့်နေရာများတွင် ရေကြီးရေမြုပ်မှုဖြစ်ပွားသည့် ဖြစ်စဉ်များရှိနေပါကြောင်း၊ ထို့ကြောင့် သဘာဝဘေးဒဏ်သင့်နေရာများရှိ ပြည်သူများအား မိမိတို့လွှတ်တော်အနေဖြင့် ထပ်မံလှူဒါန်းနိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ လှူဒါန်းငွေကျပ် ၂၃၀ သိန်း ငါးသောင်းကိုလည်းကောင်း၊ ဗိုလ်မှူးချုပ်ကျော်ဦးလွင်က တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ လှူဒါန်းသည့်အလှူငွေကျပ် ၈၄ သိန်းနှင့် ဆန်အိတ် ၁၆၈ အိတ်၊ ခေါက်ဆွဲခြောက် ၁၆၈ ဖာတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ အမျိုးသားသဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

နိုင်ငံတစ်ဝန်းရှိ သဘာဝဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ယနေ့လှူဒါန်းငွေများနှင့် ပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၃၆၃ သိန်း ရှစ်သောင်းရှစ်ထောင် လေးရာဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအတွက် သမဝါယမဝန်ကြီးဌာန(မိသားစု)က အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၅**

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန နေပြည်တော်အလှူခံဌာန၌ လက်ခံလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် သမဝါယမဝန်ကြီးဌာန(မိသားစု) က အလှူငွေကျပ် ၉၄၄၈၃၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက လာရောက်ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လက်ခံယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၅**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများဆက်လက်တင်သွင်းလျက်ရှိရာ ဩဂုတ် ၅ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၈၄ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၇၂ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၆၇ ဦးနှင့် တိုင်းဒေသကြီး/ ပြည်နယ်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ၂၂ ဦးတို့ တင်သွင်းခဲ့သည်။ ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၅ ရက်အထိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ၇၄၈ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၃၅၅ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၄၂၈ ဦးနှင့် တိုင်းဒေသကြီး/ ပြည်နယ်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ၈၇ ဦး၊ စုစုပေါင်း ၂၆၁၈ ဦးရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၆၄ ပါတီနှင့် တစ်သီးပုဂ္ဂလ ၉၀ တို့မှ အမည်စာရင်း တင်သွင်းခဲ့ကြကြောင်း သိရသည်။ အမည်စာရင်းတင်သွင်းမှု အသေးစိတ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများသန့်ရှင်းသောသောက်သုံးရေရရှိရေး ရွှေ့လျားရေသန့်စက်ဖြင့် ရေသန့်များဖြန့်ဝေ

**နေပြည်တော် ဩဂုတ် ၅**

မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဇွန်လနှင့် ဇူလိုင်လအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားခဲ့ရာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် အရေးပေါ်ကယ်ဆယ်ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားသောဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ Meta Water Co.Ltd. (Japan) နှင့် Trendy Myanmar Co.Ltd. တို့ ပူးပေါင်း၍ တစ်ရက်ရေလီတာ ၇၂၀၀၀ အထိ သန့်စင်ထုတ်လုပ်ပေးနိုင်သော ရွှေ့လျားရေသန့်စက်ဖြင့် မုံရွာမြို့နယ် ခင်မွန်ကျေးရွာ၊ စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျီကုန်း၊ ဘုမ္မနိုး၊ တောပု၊ နတ်ကြီးကျွန်း၊ ချမ်းသာကျွန်းကျေးရွာအုပ်စုများရှိ ကျေးရွာများသို့ သောက်သုံးရေသန့်များ ပေးဝေလျက်ရှိကြောင်းနှင့် အခြားရေဘေးသင့် ဒေသများသို့လည်း ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စစ်ကိုင်း-မုံရွာကားလမ်း ရေကျော်နေသော်လည်း ပိတ်ထားခြင်းမရှိ

**စစ်ကိုင်း ဩဂုတ် ၅**

ဧရာဝတီမြစ်ရေသည် ဩဂုတ် ၄ ရက် ညနေ ၆ နာရီမှ ဩဂုတ် ၅ မွန်းတည့် ၁၂ နာရီအတွင်း စစ်ကိုင်းမြို့၌ ၃၃ စင်တီမီတာ ကျဆင်းပြီး မြင်းမူနှင့် မြောင်မြို့နယ်တို့တွင် ၂၁ စင်တီမီတာစီ ကျဆင်းနေသည်။ စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်းကျေးရွာတွင် မူးမြစ်ရေသည် ယနေ့မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ စိုးရိမ်ရေမှတ် အထက်လေးပေသို့ ရောက်ရှိနေခြင်းကြောင့် သုံးလက်မခန့် လျော့နည်းနေသည်။

စစ်ကိုင်း-မုံရွာ ကားလမ်း ညောင်ပင်ဝန်းရွာအဝင် မိုင်တိုင်အမှတ် (၃၇/၆) မှ (၃၈/၂) အကြား ရေကျော်တံတားအမှတ် (၂/၃၉)တို့တွင် သုံးလက်မခန့် ရေလွှမ်းနေသော်လည်း လမ်းပိတ်ထားရခြင်းမရှိသေးဘဲ ကားများ၊ ဆိုင်ကယ်များ ဖြတ်သန်းမောင်းနှင်နိုင်ပြီး ကတ္တရာလမ်းပေါ်တွင် ရေတင်ခြင်းမရှိကြောင်း စစ်ကိုင်းခရိုင်အတွင်း ဩဂုတ် ၅ ရက်တွင် တိုင်းထွာချက်အရ မိုးရွာသွန်းခြင်းမရှိကြောင်း သိရသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**

# မြန်မာ-အမေရိကန် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချယ်အား လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချယ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်စစ်သံမှူး Colonel James McAden နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် တပ်မတော်၏အခန်းကဏ္ဍ၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာများ၊ တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ဓာတုလက်နက်ချုပ်ငြိမ်းရေးကိစ္စရပ်များ၊ ကလေးစစ်သားလျှော့နည်း ပပျောက်ရေးကိစ္စရပ်များနှင့် လက်ရှိရေလွှမ်းမိုးမှုတွင် တပ်မတော်မှ ကူညီဆောင်ရွက်နေမှုအခြေအနေများအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# တပ်မတော်အနေဖြင့် ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးလုပ်ငန်းများကို အစွမ်းကုန်ကြိုးပမ်းလျက်ရှိ

နေပြည်တော် ဩဂုတ် ၅

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများလိုက်ပါလျက် ယနေ့မွန်းလွဲ ၃ နာရီတွင် ရန်ကုန်လေဆိပ်သို့ ရောက်ရှိရာ လေဆိပ်ဧည့်ခန်းမဆောင်၌ တိုင်းမှူးက ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း တိုက်ကြီးမြို့နယ် အဖျောက်မြို့တွင် ရေဝင်ရောက်မှု၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။**



ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် တိုက်ကြီးမြို့နယ် အဖျောက်မြို့သို့ ထောက်ပံ့ရေးပစ္စည်းများပို့ဆောင်သည့် ရဟတ်ယာဉ်ဖြင့် လိုက်ပါခဲ့ရာ ဥတိုကျေးရွာသို့ ရောက်ရှိကြပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ အဖျောက်မြို့သို့ ရောက်ရှိကြသည်။ ယင်းနောက် အဖျောက်တာပေါင်တွင် ဒုတိယဝန်ကြီး ဦးခင်ဇော်က တာပေါင်ကြံ့ခိုင်ရေးနှင့် အမြင့်ပေထပ်မံမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လတ်တလော ရေဘေးအန္တရာယ်ကာကွယ်နိုင်ရန် ဆောင်ရွက်နေမှုနှင့် ရေရှည်တွင် ရေကြီး၊ ရေလျှံမှုမှ ကာကွယ်နိုင်မည့်လုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် အဖျောက်မြို့ ရေလွှမ်းမိုးမှုမှကာကွယ်ရန်အတွက် နှစ်မိုင်အရှည်ရှိ အဖျောက်တာကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လုပ်အားပေးအဖွဲ့များက ကြံ့ခိုင်ရေးဆောင်ရွက်နေမှုနှင့်အမြင့်ပေထပ်မံမြှင့်တင်ရန် ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး**(အပေါ်ပုံ)** လုပ်အားပေးဆောင်ရွက် နေသူများကို ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ အဖျောက်မြို့တွင်းရှိ မဟာသံတန်ဆောင်းကြီးဘုရားသို့ ရောက်ရှိပြီး ပန်း၊ ရေချမ်းနှင့်ဆီမီး ကပ်လှူပူဇော်ကာ အလှူငွေပေးအပ်သည်။ မဟာသံတန်ဆောင်းကြီးဘုရားသည် သက်တမ်း ၉၈ နှစ်ရှိပြီဖြစ်ပြီး ဘုရားဝင်းအတွင်းတွင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ပိဋကတ်သုံးပုံ ကျမ်းစုံကျောက်စာ အချပ် ၇၂၀ ချပ်ကို အဆောင်ငါးဆောင်ခွဲ၍ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

၎င်းနောက် တိုက်ကြီးမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အားပေးစကားပြောကြားရာတွင် ဇူလိုင်လဒုတိယပတ်ကစတင်၍ ရာသီဥတုဖောက်ပြန်ပြီး ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ တရုတ်နိုင်ငံတွင် မုန်တိုင်းများကျရောက်ခြင်းကြောင့် မြန်မာနိုင်ငံအထက်ပိုင်းရှိ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ အလားတူ ဘင်္ဂလားပင်လယ်အော်အတွင်း မုန်တိုင်းများဖြစ်ပေါ်မှုကြောင့် ဒီရေမြင့်တက်ခြင်း၊ မိုးအဆက်မပြတ်ရွာသွန်းခြင်းတို့ကြောင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများဖြစ်သည့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် သတိလက်လွတ်နေထိုင်ခြင်းဖြင့် ပေးဆပ်မှုများစွာဖြစ်ပေါ်လာနိုင်ကြောင်းကို သတိရှိစေလိုကြောင်း၊ မြို့မိ မြို့ဖများ၏ ဦးဆောင်မှုဖြင့် တက်ညီလက်ညီဝိုင်းဝန်းဆောင်ရွက်မည်ဆိုပါက အခက်အခဲများကို ကျော်လွှားနိုင်မည် ဖြစ်ပါကြောင်း၊ ထို့အတူ နိုင်ငံတွင်လည်း ပြည်သူ၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့ ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက ရင်ဆိုင်နေရသည့် အခက်အခဲများကို အောင်မြင်စွာ ကျော်လွှားနိုင်မည် ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် မိဘပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့် ရှောက်မည်ဆိုသည့် စိတ်ဓာတ်ဖြင့် လူအင်အား၊ မော်တော်ယာဉ်၊ လေယာဉ်၊ ရဟတ်ယာဉ်နှင့်စစ်ရေယာဉ်များကို အင်အားပြည့် ထုတ်နုတ်၍ နိုင်ငံအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်နေသည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒေသခံပြည်သူများကလည်း ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခြင်းအားဖြင့် ကြုံတွေ့နေရသည့် အခက်အခဲများကို အောင်မြင်စွာ ကျော်လွှားနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။ ယင်းနောက် ရေဘေးသင့်ပြည်သူများအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ထောက်ပံ့ငွေနှင့်စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးအဆက်မပြတ်ရွာသွန်းပြီး ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် တိုက်ကြီးမြို့နယ် အဖျောက်မြို့ရှိ ကျေးရွာအချို့တွင် မြစ်ရေများဝင်ရောက်ခဲ့သဖြင့် ရေဘေးသင့်ပြည်သူ ၂၇၅ ဦးကို တိုက်ကြီးမြို့ရှိ ပြည်ဇောတိကာရုံကျောင်းတိုက်တွင် ရေဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ နေရာချထားပေးပြီး လိုအပ်သောသောက်သုံးရေ၊ စားသောက်ဖွယ်ရာနှင့် အဝတ်အထည်များ ထောက်ပံ့ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ကလေးမြို့နှင့် စစ်တွေမြို့များသို့ ကယ်ဆယ်ရေးပစ္စည်းများ လေကြောင်းဖြင့် ပို့ဆောင်၊ ရေဘေးကယ်ဆယ်ရေးအထူးခရီးစဉ်အဖြစ် လေယာဉ်များထပ်တိုးပြေးဆွဲမည်

**နေပြည်တော် ဩဂုတ် ၅**

သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် တပ်မတော်နှင့်ပြည်တွင်း လေကြောင်းလိုင်းများမှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ပေးပို့လျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနသည် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ကယ်ဆယ်ရေးနှင့်ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်၊ ရွှေမြန်မာလေကြောင်းလိုင်းနှင့် ကမ္ဘောဇလေကြောင်းလိုင်းတို့က ခေါက်ရေခြောက်ခေါက်ဖြင့် စားနပ်ရိက္ခာ၊ ဆေးဝါးမျိုးစုံ၊ လူအသုံးအဆောင်ပစ္စည်းများ၊ မီးစက်နှင့်အသက်ကယ်လှေများကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ တပ်မတော်လေယာဉ်၊ မြန်မာအမျိုးသားလေကြောင်း၊ ကမ္ဘောဇလေကြောင်းလိုင်းတို့က ခေါက်ရေငါးခေါက်ဖြင့် အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ၊ စားနပ်ရိက္ခာနှင့် ဆေးဝါးမျိုးစုံ တို့ကိုလည်းကောင်း ပေးပို့ခဲ့သည်။

ထို့ပြင် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းမှ ကလေးမြို့နှင့် စစ်တွေမြို့များသို့ ရေဘေးကယ်ဆယ်ရေးပစ္စည်းများ သယ်ယူပို့ဆောင်ပေးနိုင်ရန်အတွက် ယခင်ခရီးစဉ် (Flight Schedule) များအပြင် အထူးခရီးစဉ်များကို ATR-72 လေယာဉ်ဖြင့် မန္တလေး-ကလေး-မန္တလေးခရီးစဉ်ကို ဩဂုတ် ၆ ရက်တွင် သုံးခေါက်နှင့် ဩဂုတ် ၇ ရက်တွင် တစ်ခေါက်ပျံသန်းပြေးဆွဲမည်ဖြစ်ပြီး ရန်ကုန်-စစ်တွေ-ရန်ကုန် ခရီးစဉ်အား ATR-72,Embraer 190 လေယာဉ်များဖြင့် ဩဂုတ် ၈ ရက်တွင် နှစ်ခေါက်နှင့် ဩဂုတ် ၉ ရက်တွင် တစ်ခေါက် ထပ်တိုးပြေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကလေးမြို့နယ် ရာဇဂြိုဟ်ရေလှောင်တမံတွင် ဩဂုတ်လဆန်းမှစ၍ နေ့စဉ်ရေမှတ်များ ကျဆင်းလျက်ရှိ


**နေပြည်တော် ဩဂုတ် ၅**

မြန်မာနိုင်ငံတစ်ဝန်းတွင် ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံတွင် သတ်မှတ်ရေလှောင်ပမာဏကျော်လွန်ပြီး ရေပိုလွှဲများမှ ရေကျော်ကျမှုနှင့်အတူ ယင်းရေလှောင်တမံနှင့် ပတ်ဝန်းကျင်ဒေသများတွင်လည်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။

ယခုအခါ ရာဇဂြိုဟ်ရေလှောင်တမံတွင် ဩဂုတ်လဆန်းမှစ၍ ရေလှောင်ပမာဏ လျော့ကျလျက်ရှိပြီး ရေပိုလွှဲမှ ရေကျော်ကျမှုမှာလည်း ယနေ့တွင် ၀ ဒသမ ၄၈ လက်မသာ ရှိကြောင်း၊ နေ့စဉ်ရေမှတ်များလည်း ကျဆင်းလျက်ရှိကြောင်း ဆည်မြောင်းဦးစီးဌာန၏ မှတ်တမ်းများနှင့် ဂြိုဟ်တုရေဒါဓာတ်ပုံများအရ သိရှိရသည်။

(သတင်းစဉ်)


**ရာဇဂြိုဟ်ရေလှောင်တမံ (ကလေးခရိုင်၊ ကလေးမြို့)**








စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံ အခြေအနေ ဂြိုဟ်တုရေဒါဓာတ်ပုံ




စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံတွင် ဇူလိုင် ၂၈ ရက်က ရေကျော်လွန်မှုနှင့် ပတ်ဝန်းကျင်ဒေသများ၌ ရေဝင်ရောက်နေမှုအခြေအနေ ဂြိုဟ်တုရေဒါဓာတ်ပုံ




၂၀၁၄ ခုနှစ် ဧပြီလ ၂၈ ရက်က မုန်းချောင်းအခြေအနေ ဂြိုဟ်တုရေဒါဓာတ်ပုံ




၂၀၁၅ ခုနှစ် ဇူလိုင် ၂၈ ရက်က မုန်းချောင်းမှ ရေကျော်လွန်မှုနှင့် ပတ်ဝန်းကျင်ဒေသများတွင် ရေဝင်ရောက်နေမှုအခြေအနေ ဂြိုဟ်တုရေဒါဓာတ်ပုံ

# မုန်းချောင်းရေလှောင်တမံနှင့် ကြီးအုံကြီးဝ ရေလှောင်တမံများ ဩဂုတ်လဆန်းမှစ၍ နေ့စဉ်ရေမှတ်များ ကျဆင်းလျက်ရှိ


**နေပြည်တော် ဩဂုတ် ၅**

မြန်မာနိုင်ငံတစ်ဝန်းတွင် ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေလှောင်တမံနှင့် ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝ ရေလှောင်တမံတို့တွင် သတ်မှတ်ရေလှောင်ပမာဏ ကျော်လွန်ပြီး ရေပိုလွှဲများမှ ရေကျော်ကျမှုနှင့်အတူ ယင်းရေလှောင်တမံနှင့် ပတ်ဝန်းကျင်ဒေသများတွင်လည်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။


ယခုအခါ မုန်းချောင်းရေလှောင်တမံနှင့် ကြီးအုံကြီးဝ ရေလှောင်တမံတို့တွင် ဩဂုတ်လဆန်းမှစ၍ ရေလှောင်ပမာဏ လျော့ကျလျက်ရှိပြီး ယနေ့တွင် ရေပိုလွှဲများမှ ရေကျော်ကျမှု မရှိတော့ကြောင်း၊ နေ့စဉ်ရေမှတ်များလည်း ကျဆင်းလျက်ရှိကြောင်း ဆည်မြောင်းဦးစီးဌာန၏ မှတ်တမ်းများနှင့် ဂြိုဟ်တုရေဒါဓာတ်ပုံများအရ သိရှိရသည်။

(သတင်းစဉ်)

**မုန်းချောင်းရေလှောင်တမံ (မင်းဘူးခရိုင်၊ စေတုတ္တရာမြို့)**




**ကြီးအုံကြီးဝရေလှောင်တမံ (မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့)**




## ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေဆက်လက်အားကောင်းနေ

**နေပြည်တော် ဩဂုတ် ၅**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေဆက်လက်အားကောင်းနေမည်။

(မိုး/ဇလ)

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

နေပြည်တော် ဩဂုတ် ၅- **မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ဩဂုတ် ၅ ရက်တွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။**


ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ (မိုး/ဇလ)

# ဟသ်ာတ၊ ငါးသိုင်းချောင်း၊ ဇလွန်နှင့် ဆိပ်သာမြို့နယ်များတွင် ဇူလိုင်လကုန်မှစ၍ စိုးရိမ်ရေအမှတ် ကျော်လွန်လျက်ရှိ


**နေပြည်တော်  ဩဂုတ်  ၅**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟသ်ာတမြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ဆိပ်သာမြို့နယ်များ၏ ဧရာဝတီမြစ်ရေစိုးရိမ်ရေမှတ်သည် ဇူလိုင်လကုန်ခန့်မှစ၍ နေ့စဉ်မြင့်တက်လျက်ရှိရာ စိုးရိမ်ရေအမှတ်များကို ကျော်လွန်လျက်ရှိကြောင်း ဆည်မြောင်းဦးစီးဌာန၏ မှတ်တမ်းများအရ သိရှိရသည်။ **(သတင်းစဉ်)**


**ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့နယ်၏ နေ့အလိုက် စိုးရိမ်ရေမှတ်များ**





**ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်၏ နေ့အလိုက် စိုးရိမ်ရေမှတ်များ**




**ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၏ နေ့အလိုက် စိုးရိမ်ရေမှတ်များ**




**ဧရာဝတီတိုင်းဒေသကြီး၊ ဆိပ်သာမြို့နယ်၏ နေ့အလိုက် စိုးရိမ်ရေမှတ်များ**




# ပွင့်ဖြူမြို့နယ်နှင့် ကလေးမြို့နယ် ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများမှ ရဟန်း၊ သာမဏေ၊ သီလရှင်များအတွက် အသုံးအဆောင်ပစ္စည်းများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၅**

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးသည် ဩဂုတ် ၃ ရက် မွန်းတည့် ၁၂ နာရီတွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရွာခိုင်ကျေးရွာ၊ ကျွဲထိကျေးရွာ၊ ကုန်းဇောင်းကျေးရွာအုပ်စုနှင့် အနောက်ကိုင်းကျေးရွာအုပ်စုတို့ရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား လိုက်လံအားပေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ကလေးမြို့ မဟာသန္တာရုံပရိယတ္တိစာသင်တိုက်၌ သာသနာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကလေးခရိုင် သာသနာရေးမှူးတို့သည် ဩဂုတ် ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများမှ ရဟန်း၊ သာမဏေ၊ သီလရှင်များကို သင်္ကန်း ၄၅၅ စုံ၊ သီလရှင်ဝတ်စုံ ၉၇ စုံ၊ သပိတ်အလုံး ၃၀၀၊ ဖိနပ်အရံ ၅၀၀၊ စတီးလ်ဇွန်းဒါဇင် ၅၀၊ စတီးလ်သုံးဆင့်ချိုင့် ၃၀၀ နှင့် ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာသင်သားကိုင် ပြဋ္ဌာန်းကျမ်းစာအုပ်များကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၅**

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော် အလှူခံဌာန၌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များက ငွေကျပ် ၂၃၁၅၀၀၀၀၊ အမျိုးသားလွှတ်တော်တပ်မတော်သား ကိုယ်စားလှယ်များက ငွေကျပ် ၈၄၀၀၀၀၀၊ သမဝါယမဝန်ကြီးဌာနမိသားစုမှ ငွေကျပ် ၉၄၄၈၃၀၀နှင့် မြန်မာ့ဆက်သွယ်




ရေးလုပ်ငန်းနှင့် KSGM ကုမ္ပဏီအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ ငွေကျပ် ၂၀၀၀၀၀၀၀ တို့အပါအဝင် စုစုပေါင်း အလှူငွေကျပ် ၆၅၀၉၇၃၀၀၊ အမေရိကန်ဒေါ်လာ ၂၀ နှင့် အလှူပစ္စည်းဖြစ်သည့် ဆန်၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်များကို ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန်တာဝန်ခံညွှန်ကြားရေးမှူးချုပ်တို့က လက်ခံရယူကာ ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အလားတူ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးတွင်လည်း စေတနာရှင် ပြည်သူများက အလှူငွေကျပ် ၁၀၇၈၇၈၃၅၀ နှင့် အလှူပစ္စည်းမျိုးစုံ၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးတွင် အလှူငွေကျပ် ၅၀၀၀၀၀၊ ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် အလှူငွေကျပ် ၁၀၀၀၀၀ နှင့် အလှူပစ္စည်းမျိုးစုံတို့ကို လက်ခံရရှိထားရာ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၅ ရက်အထိ အလှူရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၂၁၁၁၇၅၉၀၀ နှင့် အမေရိကန်ဒေါ်လာ ၂၀ တို့ ဖြစ်သည်။ အလှူပစ္စည်းများကို ရေဘေးသင့်ပြည်သူများ လက်ဝယ်အမြန်ဆုံးရောက်ရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်း

**ရန်ကုန်  ဩဂုတ်  ၅**

ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှအလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကျိုက်ဝိုင်းဘုရားလမ်းရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ဧည့်ခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲအခမ်းအနားတွင် အလှူရှင်များဖြစ်ကြသော SPA ၊ FMI ၊ YSH ကုမ္ပဏီအုပ်စုမှ ကျပ်သိန်းတစ်ထောင်တန် ချက်လက်မှတ်တစ်စောင်၊ ဗီယက်နမ်နိုင်ငံ (BIDV - Bank for Investment and Development of Vietnam JSC) က အမေရိကန်ဒေါ်လာ နှစ်သောင်းတန်ဖိုးရှိ သောက်ရေသန့်၊ ခေါက်ဆွဲခြောက်၊ ဆေးဝါးများ၊ ဂျပန်နိုင်ငံအစိုးရကိုယ်စား ဂျပန်သံအမတ်ကြီးက အမေရိကန်ဒေါ်လာ တစ်သိန်းငါးသောင်းတန်ဖိုးရှိ စောင်အထည် ၆၀၀၀၊ အိပ်ရာခင်း ၁၀၀၀၀ ၊ ပလတ်စတစ်ခင်း ၉၀ ၊ ဦးမောင်မောင်ဝင်း- ဒေါ်စန်းစန်းအေး ချမ်းသာကြီးအသေးစားငွေချေးလုပ်ငန်းက ငွေကျပ်သိန်း ၃၀၊ ဦးပေါ်ဆန်း ကြေးအိုးကြီးဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ်သိန်း ၃၀၊ အထက(၈)လှိုင်သာယာ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများက ငွေကျပ် သုံးသိန်းသုံးထောင်၊ Infinity Model's Agency ပရဟိတအဖွဲ့က ငွေကျပ်သုံးသိန်းနှင့် ဆန်အိတ် ငါးအိတ်၊ ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ အဝတ်အထည်ပစ္စည်းများ၊ ဦးအောင်မင်းဟန်-ဒေါ်ခင်လှမြင့် (စာရေးဆရာမ မခင်မေခ) မိသားစုက ငွေကျပ် နှစ်သိန်း၊ ဦးလှအောင်-ဒေါ်ထွေးထွေး မိသားစု စံပြရပ်ကွက် မင်္ဂလာတောင်ညွန့်က ငွေကျပ်နှစ်သိန်း၊ ဒုတိယဗိုလ်မှူးကြီး ချစ်ဆွေ(ငြိမ်း) သန်လျင်မြို့နယ်က ငွေကျပ်နှစ်သိန်းနှင့် ကျပ်ငါးထောင် တန်ဖိုးရှိ အဝတ်အထည်များ၊ ဒုတိယဗိုလ်မှူးကြီးမိုးကျော်-ဒေါက်တာသန်းသန်းထိုက် မိသားစု ကျောက်မြောင်းဈေးလမ်းက ငွေကျပ်တစ်သိန်းခုနစ်သောင်း၊ ဦးသောင်းတင်၊ ဒေါ်ခင်ရီ ရွှေဘုံသာလမ်း(အလယ်)ပန်းဆိုးတန်းက ငွေကျပ် တစ်သိန်း၊ ဦးသိန်းအောင်၊ ဒေါ်လှမြင့်၊ ဦးကျော်ကျော်ဦး-ဒေါ်မိုးမိုးအောင်၊ ဒေါ်ဆွေဆွေအောင် ကမ္ဘာအေးဘုရားလမ်းက ငွေကျပ် ခုနစ်သောင်း ငါးထောင်၊ ဦးတင်ရွှေ၊ ဒေါ်လှမြင့် မိသားစု ဗဟိုလမ်း ၂ ရပ်ကွက် မရမ်းကုန်းက ငွေကျပ် တစ်သိန်းနှစ်သောင်းတန်ဖိုးရှိ ငါးခြောက်ကြော် ခြောက်ပုံးနှင့် အဝတ်အထည်များနှင့် ငွေကျပ်နှစ်သောင်း၊ အထက(၂)စမ်းချောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများက တန်ဖိုးငွေ ၆၉၂၀၀၀၀ ရှိ ရေသန့်နှင့် ဆန်အိတ် ၂၀၀၊ ဒေါ်လွင်လွင်ဌေး မိသားစု အလုံမြို့နယ်က ငွေကျပ် သုံးသောင်းတန်ဖိုးရှိ အသုံးအဆောင်ပစ္စည်းများ၊ ဒေါက်တာအေးကို ပါမောက္ခချုပ်(ငြိမ်း) မြစ်ကြီးနားတက္ကသိုလ်-ဒေါ်စိန်မေဦးက ငွေကျပ် ၂၈၀၃၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်နှင့် တိုင်းဒေသကြီး ဦးစီးမှူးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မင်္ဂလာဒုံတပ်မတော်လေတပ်ဌာနချုပ်စခန်းတွင် ရေဘေးရှောင်ပြည်သူများအတွက် ပေးပို့လှူဒါန်းထားသည့် အလှူပစ္စည်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဩဂုတ် ၄ ရက် မွန်းလွဲပိုင်းတွင်လည်း သန်လျင်မြို့ရှိ သန်လျင်လူငယ် သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ဒေသများသို့ အစားအသောက်၊ ဆေးဝါး၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ လေကြောင်းဖြင့်ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၅**

မြန်မာနိုင်ငံတစ်ဝန်းတွင် ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှု စသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့မှုအပေါ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်စီမံမှုဖြင့် အစားအသောက်၊ ဆေးဝါးနှင့် ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ ယနေ့တွင် လေယာဉ်(၁၁)ခေါက်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

ထိုသို့ပို့ဆောင်ရာတွင် ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေ Y8 လေယာဉ်ဖြင့် လေးခေါက်၊ ရွှေမြန်မာလေကြောင်းလိုင်းဖြင့် တစ်ခေါက်၊ ကမ္ဘောဇလေကြောင်းလိုင်းဖြင့် တစ်ခေါက်၊ ကလေးလေဆိပ်သို့ တပ်မတော်လေယာဉ်ဖြင့် ATR-42 ဖြင့် တစ်ခေါက်၊ မြန်မာအမျိုးသားလေကြောင်းလိုင်း (Caravan)ဖြင့် နှစ်ခေါက်၊ မြန်မာအမျိုးသားလေကြောင်းလိုင်း (ATR-72)ဖြင့် တစ်ခေါက်၊ ကမ္ဘောဇလေကြောင်းလိုင်းဖြင့် တစ်ခေါက် စုစုပေါင်း ၁၁ ခေါက် ပို့ဆောင်ပေးခဲ့ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



# ပွင့်ဖြူမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ထောက်ပံ့လှူဒါန်း

**မကွေး ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်သမ္မတကြီးနှင့်ဇနီး ဒေါ်ခင်ခင်ဝင်းမိသားစုနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ထောက်ပံ့လှူဒါန်းခြင်းအခမ်းအနားကို ဩဂုတ် ၅ ရက်က ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်း၊ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်မာထွန်းနှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စမ်းစမ်းမြင့်၊ ဥက္ကဋ္ဌဒေါ်သင်းသင်းထွေးတို့သည် ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာဘုရားရှိ ကယ်ဆယ်ရေးစခန်းတွင် ရေဘေးသင့်ပြည်သူအိမ်ထောင်စု ၁၃၈၄ စုအတွက် နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းမိသားစုမှ လှူဒါန်းသည့်ငွေကျပ်ငါးသိန်းနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ငွေကျပ်သိန်း ၆၀၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များမှ ငွေကျပ်သိန်း ၅၀ စုစုပေါင်း ၁၁၅ သိန်းတန်ဖိုးရှိ မိုးကာ၊ ဆပ်ပြာမှုန့်၊ အပ်ချည်လုံး၊ အပ်၊ စားသောက်ကုန် ပစ္စည်းများ၊ မျက်နှာသုတ်ပဝါ၊ ဖယောင်းတိုင်ထုပ်များ ထောက်ပံ့လှူဒါန်းခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး သမားတော်ကြီး ဒေါက်တာဒေါ်ခင်ဆွေအုန်းက ရေဘေးသင့်ကယ်ဆယ်ရေး စခန်းတွင် ကျန်းမာရေးအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

# ရေကြီးနစ်မြုပ် လယ်မြေများသီးနှံပြန်လည်စိုက်ပျိုးရေး စက်မှုလယ်ယာဦးစီးဌာနက ထွန်စက်များဖြင့် အချိန်မီထွန်ယက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၅**

မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးသောလယ်မြေများ သီးနှံပြန်လည်စိုက်ပျိုးနိုင်ရေး စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်များဖြင့် အချိန်မီထွန်ယက်ပေးနိုင်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးစီး၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်အတွင်း ဌာနပိုင်ထွန်စက် အစီး ၃၀ ဖြင့် ဩဂုတ် ၃ ရက်အထိ ရေကျသွားသောကျေးရွာအုပ်စု ရှစ်အုပ်စုမှ လယ်မြေ ဧက ၁၀၆ ဧကနှင့် ရခိုင်ပြည်နယ်တောင်ကုတ်နှင့် သံတွဲမြို့နယ်အတွင်း ဌာနပိုင်ထွန်စက် ၁၃ စီးဖြင့် လယ်မြေဧက ၂၅၅ ဧကတို့ကို ထွန်ယက်ပေးနိုင်ခဲ့ပြီး ကလေးမြို့နယ်သို့ ဌာနပိုင်ထွန်စက် အစီး ၈၀ ပေးပို့၍ ရေကျသည်နှင့်တစ်ပြိုင်နက် အချိန်မီထွန်ယက်ပေးရန် စီမံဆောင်ရွက်ပြီး ဖြစ်သည်။

အလားတူ ဆောင်ရွက်ပေးနိုင်ရန် မကွေးတိုင်းဒေသကြီးအတွက် ဌာနပိုင်ထွန်စက် ၅၈ စီး၊ ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွက် ထွန်စက် ၂၀ စီး၊ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွက် ထွန်စက် ၁၀ စီး၊ ရှမ်းပြည်နယ် မိုးမိတ်မြို့နယ်အတွက် ထွန်စက်ငါးစီး၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွက် ထွန်စက်ငါးစီးတို့ကို အဆင်သင့် စုဖွဲ့ထားရှိပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေနစ်မြုပ်၍ ပြန်လည်ပြုပြင်ရန်လိုအပ်သော တောင်သူပိုင်ရေစုပ်စက်၊ လက်တွန်းထွန်စက်နှင့် ထွန်စက်ကြီးများကိုလည်း စက်မှုလယ်ယာဦးစီးဌာနမှ စက်ပြင်ဝန်ထမ်းများဖြင့် အချိန်မီပြင်ဆင်ပေးလျက်ရှိရာ ဩဂုတ် ၃ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်အတွင်း လက်တွန်းထွန်စက် အစီး ၅၀ နှင့် ရေစုပ်စက် ၆၇ လုံး၊ ရခိုင်ပြည်နယ် တောင်ကုတ်နှင့်သံတွဲမြို့နယ်များတွင် လက်တွန်းထွန်စက် ၁၆ စီး၊ ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် လက်တွန်း ထွန်စက် ၂၅ စီးနှင့် ရေစုပ်စက် ရှစ်လုံးတို့ကို ပြင်ဆင်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။ရေကြီးနစ်မြုပ်သည့်ဒေသရှိ လယ်မြေများအား အချိန်မီထွန်ယက်ပေးနိုင်ရန် အတွက် ထွန်စက်များထပ်မံလိုအပ်ပါက ရေနစ်မြုပ်ခြင်းမရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဌာနပိုင် ထွန်စက်များကို လုပ်ငန်းခွင်အဆင်သင့်ဝင်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း စက်မှုလယ်ယာဦးစီးဌာနမှသိရသည်။

**(သတင်းစဉ်)**



# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၅

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှု ဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၄၃ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှု မရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၂၁ ခုတွင် သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင်ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၃. ၇၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၇၀' |
| ၃။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၄. ၈၀' |
| ၄။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၂. ၁၀' |
| ၅။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၅၀' |
| ၆။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၂. ၅၀' |
| ၇။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၀. ၂၅' |
| ၈။ | ကိုးပင်ရေလှောင်တမံ | ၉၇၆၄ | ၀. ၃၀' |
| ၉။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၄၀' |
| ၁၀။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၂၀' |
| ၁၁။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၂. ၅၀' |
| ၁၂။ | မြောက်ယမား ရေကူရေလှောင်တမံ | ၁၂၂၉၀၀ | ၂. ၄၀' |
| ၁၃။ | ကန့်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀. ၁၀' |
| ၁၄။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၅၀' |
| ၁၅။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၁. ၁၀' |
| ၁၆။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၈၀' |
| ၁၇။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၄၀' |
| ၁၈။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၁. ၁၀' |
| ၁၉။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၉၅' |
| ၂၀။ | မဒင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၅၀' |
| ၂၁။ | ဖလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၀၀' |
| ၂၂။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၄၀' |
| ၂၃။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၁၅' |
| ၂၄။ | စဥ့်ကူးချောင်း ဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၃၀' |
| ၂၅။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၁. ၄၀' |
| ၂၆။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၉၀' |
| ၂၇။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၁. ၅၀' |
| ၂၈။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၁၀. ၄၀' |
| ၂၉။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁. ၃၀' |
| ၃၀။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၁၁. ၆၀' |
| ၃၁။ | မဒေးရေလှောင်တမံ | ၅၃၉၀၈ | ၀. ၂၀' |
| ၃၂။ | တောင်ခင်ရန်းရေလှောင်တမံ | ၁၁၇၂၆ | ၀. ၄၀' |
| ၃၃။ | ရင်းရှည်ရေလှောင်တမံ | ၂၆၀၀ | ၀. ၂၀' |
| ၃၄။ | ပြိုင်းချောင်းရေလှောင်တမံ | ၂၅၂၀၅ | ၀. ၁၀' |
| ၃၅။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၃၀' |
| ၃၆။ | ဝါးပါးရေလှောင်တမံ | ၄၁၅၀ | ၀. ၇၅' |
| ၃၇။ | ငမိုးရိပ်ရေလှောင်တမံ | ၁၀၀၀၀၀ | ၀. ၁၀' |
| ၃၈။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၉၀' |
| ၃၉။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၈၇' |
| ၄၀။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀. ၆၀' |
| ၄၁။ | မမြရေလှောင်တမံ | ၇၁၄၀၀ | ၀. ၂၀' |
| ၄၂။ | နန်ကသူရေလှောင်မံ | ၄၀၄၈၇ | ၀. ၄၀' |
| ၄၃။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၁. ၈၀' |

## ရေပိုလွှဲမှ ရေကျော်ခြင်းမရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ(ဧကပေ) | လက်ရှိ ရေလှောင်ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု(ပေ) |
|---|---|---|---|---|
| ၁။ | ကင်းသာရေလှောင်တမံ | ၇၂ | ၆၁ | ၁. ၆၀' |
| ၂။ | မုံချောင်းရေလှောင်တမံ | ၅၂၅ | ၄၄၀ | ၁. ၄၀' |
| ၃။ | ဆင်သေရေလှောင်တမံ | ၁၄၃၀၉၀ | ၃၄၇၂၉ | ၂၅. ၀၉' |
| ၄။ | မြို့လှ(တပ်ကုန်း)ရေလှောင်တမံ | ၁၄၆၀၀ | ၇၀၂၀ | ၁၂. ၈၀' |
| ၅။ | ရေဆင်းဆည် | ၇၃၀၀၀ | ၁၈၇၈၀ | ၂၇. ၆၅' |
| ၆။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၅၂၆၀၈၅ | ၅. ၉၄' |
| ၇။ | ငလိုက်ဆည် | ၇၅၀၀၀ | ၄၂၇၅၀ | ၁၀. ၀၀' |
| ၈။ | တောက်ပြိုရေလှောင်တမံ | ၂၄၉၁ | ၁၆၂၈ | ၆. ၆၁' |
| ၉။ | ချောင်းမငယ်ရေလှောင်တမံ | ၉၁၇၇၀ | ၆၆၅၁၈ | ၉. ၂၅' |
| ၁၀။ | သဲဖြူရေလှောင်တမံ | ၈၇၁၈ | ၅၇၆၅ | ၅. ၈၅' |
| ၁၁။ | မဒန်းရေလှောင်တမံ | ၃၆၅၀၀ | ၁၇၀၇၄ | ၂၁. ၆၀' |
| ၁၂။ | ဖောင်းလောင်ရေလှောင်တမံ | ၁၂၂၅၇ | ၉၁၅၈ | ၅. ၀၀' |
| ၁၃။ | လွိုင်နန်းဖရေထိန်းတမံ | ၁၅၀၈ | ၁၂၄၉ | ၃. ၅၀' |
| ၁၄။ | သဖန်းဆိပ်ရေလှောင်တမံ | ၂၈၈၀၀၀၀ | ၂၇၉၇၇၇၀ | ၀. ၇၅' |
| ၁၅။ | ခပေါင်းရေလှောင်တမံ | ၈၇၈၅၇၀ | ၄၆၂၇၁၂ | ၃၅. ၄၀' |
| ၁၆။ | ကိုဒူကွဲရေလှောင်တမံ | ၁၄၈၁၆၄ | ၈၀၉၂၉ | ၁၃. ၁၀' |
| ၁၇။ | ရွှေလောင်းရေလှောင်တမံ | ၁၀၀၀၂၄ | ၃၅၅၇၄ | ၂၁. ၈၀' |
| ၁၈။ | စလူရေလှောင်တမံ | ၉၀၀၀၀ | ၄၇၈၀၀ | ၁၂. ၂၅' |
| ၁၉။ | ဆည်တော်ကြီးဆည် | ၃၆၂၈၅၀ | ၃၂၉၂၀၀ | ၄. ၇၀' |
| ၂၀။ | ကင်းတားဆည် | ၈၇၃၅၈၀ | ၁၉၀၅၃၉ | ၈၉. ၉၁' |
| ၂၁။ | ဇော်ဂျီရေလှောင်တမံ | ၅၁၇၈၆၃ | ၈၀၃၉၈ | ၆၀. ၂၀' |

**(သတင်းစဉ်)**

# ၂၀၁၅ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုနှင့် မိုးစပါးစုဆောင်းဖြန့်ဖြူးခဲ့မှုအခြေအနေ

၂၀၁၅ ခုနှစ် ဩဂုတ် ၅ ရက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း | | | | | မိုးစပါးစုဆောင်းပြီး | | မိုးစပါးဖြန့်ဖြူးပြီး | |
|---|---|---|---|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် | တင်း | ကီလို | တင်း | ကီလို |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - | - | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၀၀၀၈ | ၂၈၄၅၆ | ၁၂၂၄၈ | ၉၇၆၄ | - | ၁၇၅၀ | ၁၅၅၂ | - | ၁၃၈၀ |
| ၃။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၂၈ | ၅၉၂ | ၅၂ | - | ၅၂ | - | - | - |
| ၄။ | ချင်းပြည်နယ် | ၂၂၆၃ | ၂၀၆၃ | ၂၀၆၃ | ၈၂၆ | - | - | - | - | - |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၇၈၉၂၅ | ၉၀၇၅၇ | ၇၀၄၇၃ | ၅၂၁၉၆ | ၁၀၃၈ | ၄၀၈၅၀ | - | ၄၀၈၅၀ | - |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ၃၃၃၆၂၄ | ၁၀၄၉၃၄ | ၆၈၉၈ | ၄၆၂၂ | - | ၂၂၉၇၅ | ၇၀၀၀၀ | - | - |
| ၇။ | မကွေးတိုင်းဒေသကြီး | ၈၉၀၆၅ | ၅၈၁၉၄ | ၈၆၅၂၆ | ၁၀၀၀၅ | - | ၇၅၀၀ | - | - | - |
| ၈။ | မန္တလေးတိုင်းဒေသကြီး | ၃၃၅၈ | ၃၃၅၈ | ၈၃ | ၉ | - | ၁၈၆၅၀ | - | ၁၈၆၅၀ | - |
| ၉။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၀၁၅၁ | ၃၁၆ | - | - | ၁၆၃၂၀ | - | - | - |
| ၁၀။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၂၆၆၃၂ | ၂၇၂၃၂၈ | ၃၀၇၃၆ | ၇၂၅ | ၁၄၅၅၀ | - | ၁၅၀၀ | - |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | ၅၈၉၅၈ | ၁၅၈၇၈ | ၆၈၄၄ | - | - | ၅၅၀၀ | - | - | - |
| ၁၂။ | ရှမ်းပြည်နယ် | ၁၁၁၃၇ | ၈၅၄၈ | ၁၃၁၂ | ၃၉၀ | ၇၄ | ၁၄၁၈၂ | ၁၀၂၆၃ | - | - |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | ၁၅၇၆၂၂ | ၆၉၄၀၆ | ၁၄၆၇၄ | ၄၃၉၀၅ | - | ၃၀၁၀၀ | - | - | - |
| | စုစုပေါင်း | ၁၁၇၀၃၇၄ | ၆၁၅၉၂၈ | ၄၇၄၃၅၇ | ၁၅၂၅၁၆ | ၁၈၃၇ | ၁၇၂၈၇၇ | ၈၁၈၁၅ | ၆၁၀၀၀ | ၁၃၈၀ |

## နေဖြူမြို့တွင် ဧရာဝတီမြစ်ရေ ပြန်ကျဆင်း

**မအူပင် ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ယနေ့ မွန်းလွဲ ၁ နာရီခွဲအထိ တိုင်းတာချက်များအရ ရေပြန်လည် ကျဆင်းလျက်ရှိသည်။

မွန်းလွဲ ၂ နာရီခွဲတွင် ရေအမှတ်မှာ ၃၁ ဒသမ ၁ ပေဖြင့် ရပ်တန့်လျက်ရှိကာ (၂)ရပ်ကွက်ထိပ်တွင်လည်း ရေဝင်ရောက်မှုမရှိစေရန် တုတ်ရိုက်ခြင်း၊ သဲအိတ်ချခြင်းများ ဆောင်ရွက်ထားပြီးဖြစ်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဓနုဖြူမြို့သို့ရောက်ရှိပြီး ဆန်၊ ဆီများ လှူဒါန်းခဲ့ကြောင်းနှင့် သမဝါယမဘဏ်ကလည်း ငွေကျပ်သိန်း ၂၀ ဖိုးရှိ ဆန်နှင့် ဆီများလှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မန္တလေး-မြစ်ကြီးနားရထား မကြာမီ ယခင်အတိုင်း ပြေးဆွဲမည်

**နေပြည်တော် ဩဂုတ် ၅**

ဇူလိုင်လအတွင်း ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရထားသံလမ်း၊ တံတားနှင့် တာပေါင်များ ပျက်စီးခဲ့သဖြင့် ရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို မူလအခြေအနေအတိုင်း အမြန်ဆုံးပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနက အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၄ ရက် နံနက်ပိုင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့်အဖွဲ့သည် ရွာထောင်-ရွှေဘို-ကန့်ဘလူ-ကောလင်း ရထားလမ်းပိုင်းရှိ ရထားသံလမ်း၊ တံတားများ၊ လမ်းတာပေါင်များ ပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရန် စစ်ကိုင်းမြို့ ရွာထောင်ဘူတာမှ RBEရထားဖြင့် ထွက်ခွာရာ နေ့လယ်ပိုင်းတွင် ကန့်ဘလူဘူတာသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဝန်ထမ်းများအတွက် စားသောက်ကုန်ပစ္စည်းများကို ဝန်ထမ်းများကိုယ်စား ကန့်ဘလူဘူတာရုံပိုင်အား ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ မြန်မာ့မီးရထားလုပ်ငန်းအပေါ် အကြံပြုချက်၊ သိရှိလိုသည်များကို မေးမြန်းပြီး ရထားစီးခရီးသွားပြည်သူများ အမြန်ဆုံးသွားလာပို့ဆောင်နိုင်ရေးအတွက် လမ်းတံတားများ အမြန်ဆုံးပြန်လည် ဖွင့်လှစ်နိုင်ရေး ပြင်ဆင်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့မှတစ်ဆင့် ကံကြီးဘူတာသို့ ရောက်ရှိရာ၊ ဒုတိယအထွေထွေမန်နေဂျာ(မြို့ပြ) ဦးသန်းဌေးက ကန့်ဘလူ-ကောလင်း ရထားလမ်းပိုင်းရှိ ရေဘေးဒဏ်ကြောင့် ပျက်စီးသွားသော ရထားသံလမ်း၊ တံတား၊ တာပေါင် ပြုပြင်နေမှုအခြေအနေ များရှင်းလင်းတင်ပြရာ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေတိုက်စားမှုကြောင့် ပျက်စီးမှုအကြီးမားဆုံးဖြစ်ခဲ့သည်။ တံတားအမှတ်(၂၈၁)ဇော်ချောင်းတံတားသို့ ရောက်ရှိပြီး ယင်းရထားသံလမ်း၊ တံတား၊ တာပေါင်များပြုပြင်ရာတွင် အားသွန်ခွန်စိုက် ထမ်းဆောင်ကြသော ဝန်ထမ်းများအတွက် မိုးကာဝတ်စုံများ၊ စားသောက်ကုန်များနှင့် ငွေသားများကို ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရာနှုန်းပြည့်နီးပါး ပြင်ဆင်ပြီးစီးနေသည့် အမှတ် (၂၈၁) ဇော်ချောင်းတံတားနှင့် အမှတ်(၂၈၂) တံတားတို့ကို RBE ရထားဖြင့် လွန်းထိုးဖြတ်သန်းမောင်းနှင်ရာတွင် ကိုယ်တိုင်လိုက်ပါစီးနင်းကာ တာဝန်ရှိသူများအား အချောသပ်လုပ်ငန်းများပြီးစီးပါက တံတားအား အမြန်ဆုံးဖွင့်လှစ်နိုင်ရေးမှာကြားသည်။

ထို့နောက် ဇော်ချောင်းဘူတာသို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ရေဘေးဒဏ်ကြောင့် ပျက်စီးသွားသော ရထားသံလမ်း၊ တံတား၊ တာပေါင်များ ပြုပြင်ရာတွင် ပါဝင်ကူညီခဲ့ကြသောဌာန အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား အဝတ်အထည်များ၊ စားသောက်ကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရထားလမ်းတစ်လျှောက် ရေတိုက်စားခံရမှု အခြေအနေများကို ဆက်လက်ကြည့်ရှုစစ်ဆေးပြီး ကောလင်းဘူတာသို့ ရောက်ရှိကာ ရထားလမ်းပြုပြင်နေစဉ် ခရီးသည်များ ခရီးစဉ်မပျက်စေရေး ကုန်းလမ်းပို့ဆောင်ရေးမှ ကန့်ဘလူ-ကောလင်းသို့ မော်တော်ယာဉ်များဖြင့် သယ်ပို့ပေးမှုများကိုစစ်ဆေးပြီး ခရီးသွားပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ပျက်စီးသွားသော ရထားသံလမ်း၊ တံတားများ အမြန်ဆုံးဖွင့်နိုင်ရေး ပြုပြင်နေမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ကန့်ဘလူ-ကောလင်း ရထားလမ်းပိုင်းရှိ ရေဘေးဒဏ်ကြောင့် ပျက်စီးသွားသော တံတားသုံးစင်းနှင့် ရထားသံလမ်း၊ တာပေါင်လေးနေရာတို့ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့မီးရထားမှ အင်ဂျင်နီယာ ၃၁ ဦးနှင့် ကျွမ်းကျင်လုပ်သား ၃၉၈ ဦးတို့ဖြင့် အမြန်ဆုံးရထားများ ပြန်လည်ပြေးဆွဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မြန်မာ့မီးရထား ဆေးဌာနမှ ဒေါက်တာသန်းဇော်ဦးဆောင်သည့် ဆေးကုသရေးအဖွဲ့ကလည်း ယင်းရထားလမ်းပိုင်းရှိ ပြုပြင်ရေးလုပ်ငန်း၌ ပါဝင်လုပ်ဆောင်နေသူများနှင့် ဒေသခံများအား ကျန်းမာရေး စောင့်ရှောက်ကာကွယ်ပေးလျက်ရှိသည်။ ယင်းရေဘေးသင့်ဒေသရှိ မြန်မာ့မီးရထားမှ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိသော ဝန်ထမ်းများအတွက် ပေးအပ်လှူဒါန်းမှုမှာ ငွေကျပ် သိန်း ၁၆၀ နှင့် အလှူပစ္စည်းတန်ဖိုး ငွေကျပ် ၆၅ သိန်း စုစုပေါင်း ကျပ် ၂၂၅ သိန်းဖြစ်ကြောင်း သိရှိရပါသည်။

ယင်းပျက်စီးသွားသော ရထားသံလမ်း၊ တံတား၊ တာပေါင်များ ပြုပြင်ဆဲကာလတွင် မြန်မာ့မီးရထားက ခရီးသွားပြည်သူများအား မြစ်ကြီးနား-ကောလင်း ရထားလမ်းပိုင်းနှင့် မန္တလေး-ချပ်သင်း ရထားလမ်းပိုင်းတို့ကို အထူးရထားများဖြင့် ပြေးဆွဲပေးလျက်ရှိပြီး ကုန်းလမ်းပို့ဆောင်ရေးက ရထားစီးခရီးသည်များအား ကန့်ဘလူမြို့နှင့် ကောလင်းမြို့များသို့ ကုန်းလမ်းပို့ဆောင်ရေး မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပြေးဆွဲပေးလျက်ရှိသည်။

ရေတိုက်စားပျက်စီးသွားခဲ့သော ကန့်ဘလူ-ကောလင်း ရထားလမ်းပိုင်းရှိ ပြုပြင်ရေးလုပ်ငန်းများ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ပါသဖြင့် မကြာမီရက်ပိုင်းကာလတွင် မန္တလေး-မြစ်ကြီးနား ခရီးစဉ် ရထားများပြန်လည်ပြေးဆွဲပေးတော့မည်ဖြစ်ကြောင်းနှင့် ပြေးဆွဲမည့်ရက်ကို သတင်းထုတ်ပြန်သွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

## မိုင်းတုံတွင် ရေကြီးမှုဖြစ်ပွားရာမှ ရေပြန်ကျ

**မိုင်းတုံ ဩဂုတ် ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နမ့်တုံချောင်း ရေကြီးရေလျှံခဲ့ပြီး ဩဂုတ် ၅ ရက်တွင် မိုးဆက်လက်ရွာသွန်းခြင်းမရှိတော့ဘဲ မြို့နယ်အတွင်း ရေဝင်ရောက်ခဲ့သောနေရာများ၌ ရေပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## နိုင်ငံတကာသတင်း

# အိန္ဒိယ၌ ရေကြီးမြေပြို ၂၁၅ ဦးသေဆုံး

**အိန္ဒိယနိုင်ငံအရှေ့ပိုင်း အနောက်ဘင်္ဂါလီပြည်နယ်၏ မြို့တော် ကိုလ်ကတ္တားမှ ကီလိုမီတာ ၂၀၀ အကွာ ဘီရီဂိုပါပါးကျေးရွာ၌ ဩဂုတ် ၄ ရက်က ရေကြီးနေမှုကို တွေ့ရစဉ်။**

(လွန်ခဲ့သောရက်များအတွင်း ရေကြီးမြေပြိုမှုများကြောင့် အိန္ဒိယနိုင်ငံ၌ အနည်းဆုံးလူပေါင်း ၂၁၅ ဦး သေဆုံးသွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။)

**(ဓာတ်ပုံ-ဆင်ဟွာ)**






# ရေဘေးသင့်ဒေသများသို့ ကျပ် သိန်း ၁၁၀၀၀ မတည်ပြီး လူမှုရေးဆောင်ရွက်မည်

**ရန်ကုန် ဩဂုတ် ၅**

CB Bank Foundation ၊ KMA Foundation နှင့် Golden Myanmar Airline တို့ဦးဆောင်၍ ရေဘေးသင့်ဒေသများသို့ ကူညီပံ့ပိုးမှုအဖွဲ့က ငွေကျပ်သိန်း ၁၁၀၀၀ မတည်ပြီး လူမှုရေးလုပ်ငန်းများ စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။

CB Bank Foundation က ကျပ်သိန်း ၃၀၀၀၊ KMA Foundation က ငွေကျပ် သိန်း ၃၀၀၀၊ ရွှေမြန်မာလေကြောင်းလိုင်းက ငွေကျပ် သိန်း ၁၅၀၀၊ Myanmar Microfinance Bank က ငွေကျပ်သိန်း ၁၀၀၀၊ CB Insurance က ငွေကျပ် သိန်း ၅၀၀၊ ပါရမီဆေးရုံက ငွေကျပ်သိန်း ၅၀၀၊ Central Corporate Society က ငွေကျပ်သိန်း ၅၀၀၊ Kaytumadi Co.,Ltd က ငွေကျပ်သိန်း ၅၀၀၊ Global Grand Group Co.,Ltd က ငွေကျပ်သိန်း ၅၀၀ အသီးသီးထည့်ဝင်ခဲ့ကြသည်။

ထို့ပြင် ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် အကူအညီများကို ရွှေမြန်မာလေကြောင်းလိုင်း လေယာဉ်များဖြင့် ရေဘေးသင့်သည့်ဒေသများသို့ တိုက်ရိုက်ပို့ဆောင်၍သော်လည်းကောင်း၊ အနီးစပ်ဆုံးဒေသများသို့ သွားရောက်၍သော်လည်းကောင်း ပံ့ပိုးကူညီသွားမည်ဖြစ်သည်။

ရေဘေးသင့်ပြည်သူများအား လက်ရှိအခြေအနေတွင် လိုအပ်သော အစားအစာ၊ ရေသန့်ဆေးဝါးများကိုလည်း အမြန်ဆုံးဖြန့်ဖြူးသွားရန် စီစဉ်ပေးသွား မည်ဖြစ်သည်။ လှူဒါန်းလိုသည့် အခြားသော စေတနာရှင်အလှူရှင်များ၏ အလှူငွေနှင့် ပစ္စည်းများကိုလက်ခံကာ ရေဘေးသင့်ဒေသများသို့ တစ်ဆင့်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ဒေသရှိ ရေဘေးသင့်ပြည်သူများအတွက် အကူအညီများကို အလိုတော်ပြည့်ဆရာတော်၏ အစီအမံဖြင့် စစ်တွေလေဆိပ်သို့ ပို့ဆောင်ပေးသွားမည်ဖြစ်သကဲ့သို့ အခြား ရေဘေးသင့်ဒေသများရှိ ပြည်သူများအတွက်လည်း အကူအညီများကို လက်ရောက်ပေးအပ်သွားမည်ဖြစ်သည်။

Golden Myanmar လေကြောင်းလိုင်းက အလှူရှင်များ၏ အလှူပစ္စည်းများကို သယ်ဆောင်ပြီး ရန်ကုန်၊ မန္တလေး၊ စစ်တွေ၊ ကလေး စသည့် မြို့ကြီးများသို့ အခမဲ့ပို့ဆောင်ပေးသွားမည်ဖြစ်သည်။ အကူအညီပေးအပ်ရန်အတွက် မော်တော်ကားဖြင့် သွားရောက်ရန်ခက်ခဲသည့်ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ဘုတ်များဖြင့် အနီးစပ်ဆုံး သွားရောက်လှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါ ဖောင်ဒေးရှင်းကို စီဘီဘဏ် ဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေး အကြံပေးအဖွဲ့ အဖွဲ့ဝင်ဖြစ်သော ဦးခင်မောင်အေးက နာယကအဖြစ်ဆောင်ရွက်ကာ ဩဂုတ် ၃ ရက် နံနက်က စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ဩဂုတ်လ ၃ ရက်က စတင်ပြီး ပထမဆုံးအခေါက်အဖြစ် ကုန်ပစ္စည်း ၁၀ တန်ကို စစ်တွေမြို့နှင့် ကလေးမြို့များသို့ လေကြောင်းဖြင့် ပို့ဆောင်ပေးခဲ့သည်။

CB Bank Foundation ၊ KMA Foundation နှင့် Golden Myanmar Airline တို့ဦးဆောင်၍ ရေဘေးသင့်ဒေသများသို့ ကူညီပံ့ပိုးမှုအဖွဲ့နှင့် ပူးပေါင်းကာ လှူဒါန်းလိုသူများအနေဖြင့် CB ဘဏ်များ၊ Golden Myanmar လေကြောင်းလိုင်း ရုံးခန်းနှင့် ဖုန်း ၀၉-၉၇၇၉၉၆၆၁၅၊ ၀၉-၇၃၉၀၂၄၈၇၊ ၀၉-၄၂၀၁၁၇၆၉၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



# မကွေးမြို့ ကရုဏာရှင် နာရေးကူညီမှုအသင်း စားစရာနှင့် ဆေးဝါးကုသမှုဆောင်ရွက်

**ပွင့်ဖြူ ဩဂုတ် ၅**

ပွင့်ဖြူမြို့နယ် ရေဘေးသင့်ပြည်သူများအား မကွေးမြို့ ကရုဏာရှင် နာရေးကူညီမှုအသင်းက စားစရာနှင့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"မုန်းချောင်းတစ်လျှောက် ကျေးရွာတွေဖြစ်တဲ့ ဆည်မုန်း၊ ညောင်ကုန်း၊ ဖိုးပေါက်စု၊ ချွန်းစု၊ မရိုးကုန်း၊ ဂါတ်ကုန်း၊ ရွှေလေ့နှင့် ထနောင်းကုန်း ကျေးရွာတွေကို ရေလမ်းခရီးကနေ သွားရောက်ပြီး ရေသန့်ဘူး၊ ထမင်းထုပ်၊ ခေါက်ဆွဲခြောက်နဲ့ မုန့်မျိုးစုံ လှူဒါန်းခဲ့ပါတယ်။ အဲဒီရွာတွေထဲက နာမကျန်း ဖြစ်တဲ့သူတွေအတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုတွေ လုပ်ပေးခဲ့ပါတယ်။ ဒီနေရာတွေက ကူညီထောက်ပံ့မှု ဘာမှမရရှိသေးတဲ့ ရွာတွေလို့လည်း သိရပါတယ်။ ကျွန်တော်တို့အသင်းအနေနဲ့ကတော့ ဒီလို ထောက်ပံ့မှုမရရှိသေးတဲ့ရွာတွေကို ကိုယ်တိုင်ဆင်းပြီး ကူညီထောက်ပံ့မှုတွေ လုပ်ပေးနေပါတယ်။ ဆက်လက်ပြီးလည်း လုပ်သွားဖို့ရှိပါတယ်" ဟု မကွေးမြို့ ကရုဏာရှင် နာရေးကူညီမှုအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါအသင်းက ယနေ့အထိ ပွင့်ဖြူမြို့နယ်ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၂၅၀ ခန့်နှင့် မုန်းချောင်းတစ်လျှောက် ရေနစ်မြုပ်သောနေရာများမှ နွားအကောင် ရေ ၃၀၀ ကျော်ကိုလည်း ကူညီ ကယ်ဆယ်ပေးခဲ့ကြောင်း သိရသည်။

ဩဂုတ် ၂ ရက်က မုန်းချောင်းတစ်လျှောက်ရှိ ကျေးရွာ များ အတွက် ဆန်အိတ် ၃၀၀ ၊ ဆီနှင့် ရေသန့်ဘူးများကို မဟာဝိသုတာရာမတိုက်ကျောင်း မြို့နယ်မဟာသံဃနာယက ဆရာတော် ဦးသာသနနှင့် အလှူရှင်များက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာများတွင် စုစုပေါင်းအိမ်ခြေ ၁၂၀၀ ကျော်နှင့် လူဦးရေ ၅၀၀၀ ကျော်ရှိပြီး ကျန်းမာရေးမကောင်းသူ ၁၀၀ ကျော်ကို ဆေးဝါးကုသပေးခဲ့ကြောင်း၊ ကျန်းမာရေးမကောင်းသူများသည် အအေးပတ်၊ လည်ချောင်းနာ၊ ဖျားနာသူများဖြစ်ကြောင်း၊ ယခုအချိန်အထိ ဝမ်းပျက်ဝမ်းလျှောရောဂါများ မရှိသေးကြောင်း သိရသည်။

**ဇူလိုင်မိုး**

# ပွင့်ဖြူမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ဒလမြို့နယ်မှ စေတနာရှင်များ သွားရောက်လှူဒါန်း

**ဒလ ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ဒလမြို့နယ် မဟာသုမနရာမ ပဋိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဦးတိက္ခ ဉာဏအမှူးပြု၍ ဓမ္မပါလလဗုဒ္ဓဘာသာပရဟိတအဖွဲ့က သွားရောက်၍ လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

"ရေဘေးသင့်ပြည်သူတွေကို နိုင်ငံတော်အစိုးရနဲ့ စေတနာရှင်တွေက အလှူဒါန လက်နဲ့မကွာ ဆောင်ရွက်နေကြတယ်။ ဘုန်းကြီးတို့ကလည်း တတ်နိုင် သလောက် သွားရောက်လှူဒါန်းမှာပါ။ အဓိကကတော့ သူတို့တွေစားဖို့ ဆန်အိတ် ၁၀၀၊ ဆီ၊ ဆေး၊ဆား၊ အဝတ်အထည်နဲ့ အသင့်စား အစားအစာတွေကို လှူဒါန်းမှာပါ။ မြို့နယ်က ခုနစ်ရက်သားသမီးတွေလည်း ကုသိုလ်ရအောင်လို့ လိုက်လံအလှူခံနေတာပါ"ဟု ဆရာတော်ဦးတိက္ခဉာဏက ပြောသည်။

ဆရာတော်ကြီး ဦးဆောင်သော ဓမ္မပါလဗုဒ္ဓဘာသာပရဟိတအဖွဲ့သည် ပွင့်ဖြူမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်လှူဒါန်းနိုင်ရန် မြို့နယ်အတွင်း အလှူခံလျက်ရှိပြီး လှူဒါန်းလိုသူများအနေဖြင့် ကမာကသွယ်ရပ်ကွက်ရှိ မဟာသုမနရာမကျောင်းတိုက်သို့ လည်းကောင်း၊ ဖုန်း-၀၉-၇၉၉၂၇၇၂၉၉၊ ၀၉-၇၃၁၆၀၁၆၂ တို့သို့ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

# ရေဘေးသင့် ပြည်သူများအတွက် ဟိုပုံးမြို့နယ်လူမှုရေးအသင်းအဖွဲ့မှ အလှူခံဆောင်ရွက်လျက်ရှိ

**ဟိုပုံး ဩဂုတ် ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကရုဏာရှင်အသင်း၊ မြို့နယ်ကြက်ခြေနီအသင်း၊ မေတ္တာစေတနာ ကရုဏာ မုဒိတာလူမှုအကျိုးဆောင်သွေးလှူရှင်အဖွဲ့နှင့် ပရဟိတလုပ်ငန်းစိတ်ဝင်စားသည့် ဒေသခံပြည်သူများကဦးဆောင်၍ သဘာဝဘေးအန္တရာယ်ရေဘေးသင့်ပြည်သူများအတွက် အမှန်တကယ်လိုအပ်ပြီး ဒုက္ခရောက်နေသော ပြည်သူများအား လှူဒါန်းပေးရန် ဩဂုတ် ၂ရက်မှ စတင်၍ အလှူခံဌာနကို ဟိုပုံးမြို့နယ် သီရိမင်္ဂလာရွှေချမ်းသာ မွေတော်ဘုရားကြီးရှေ့၌ ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

အလှူခံဌာနသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တပ်နယ်မိသားစုများ၊ ဘန်းကွန်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ မြို့ပေါ်ရပ်ကွက်ရှိ ဒေသခံပြည်သူများက စေတနာရှင်၊ အလှူရှင်များမှသဒ္ဓါတရားထက်သန်စွာဖြင့် နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၄ ရက်အထိ အလှူခံရရှိငွေကျပ်သိန်း ၃၆၇၆၄၀၀၊ စားသောက် ကုန်ပစ္စည်းများဖြစ်သည့် ဆန် ၂၇အိတ်၊ ဆီတစ်ပုံး၊ ဆားလေးအိတ်၊ မာမီးခေါက်ဆွဲခြောက် အထုပ် ၆၀၊ ရေသန့်ဘူး၆၇၂ဘူး၊ စားသောက်ကုန်မျိုးစုံ ရှစ်အိတ်၊ လူသုံးကုန်ပစ္စည်းများဖြစ်သည့် ဖိနပ်ကိုးအိတ်၊ ဆပ်ပြာမှုန့် နှစ်အိတ်၊ အထည်စုံ ၂၄၈ အိတ်၊ ပစ္စည်းစုံ အိတ် ၂၀ စသည့်ပစ္စည်းများ အလှူခံရရှိပြီး ရေဘေးသင့်ပြည်သူများကို ပရဟိတစိတ်ဓာတ်ဖြင့် လူသားချင်းစာနာထောက်ထားသောအားဖြင့် လူမှုရေးအသင်းအဖွဲ့များက ဦးဆောင်၍ ပထမအကြိမ်အဖြစ် မကွေးတိုင်းဒေသကြီးသို့ မိမိတို့ကိုယ်တိုင်သွားရောက်လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

အလှူခံဌာနတွင် ကူညီလုပ်အားပေးဆောင်ရွက်နေသော လူမှုရေးအသင်းအဖွဲ့များကို အမှတ် (၉၀၃) စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်း၊ ရွှေနေကြာ ပရဟိတအဖွဲ့နှင့် ဟိုပုံးမြို့ တပ်မတော် ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းအဖွဲ့တို့က ကုသိုလ်ယူ၍ နေ့လယ်စာအဖြစ် ထမင်း၊ ဟင်းတို့ကို ကျွေးမွေးကြကြောင်းနှင့် အဆိုပါအလှူခံဌာနကို ဩဂုတ် ၆ ရက်ထိ ဆက်လက်အလှူခံဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**

# မူးမြစ်ရေဝင် အိမ်ထောင်စုများသို့ စားသောက်ကုန်ပစ္စည်းများ လှူဒါန်း

**စစ်ကိုင်း ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်းတိုက်နယ်၌ ဇူလိုင်တတိယပတ် ရွာသွန်းသောမိုးရေသည် ရွှေဘိုခရိုင်အတွင်း ကန့်ဘလူ၊ ကျွန်းလှနှင့် ကောလင်းမြို့နယ်များတွင် မိုးရွာသွန်းမှုများပြီး သဖန်းဆိပ်ဆည်အတွင်း မိုးရေဝင်ရောက်မှုများပြားကာ အဆိုပါဆည်ကြီး အန္တရာယ် ကြီးမားစွာ မဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ရေများထိန်းညှိလွှတ်ပေးမှုကြောင့် မူးမြစ်ကမ်းဘေးရှိ ကျေးရွာအချို့ ရေများဝင်ရောက်လျက်ရှိသည်။

စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်းတိုက်နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၇ ရွာခန့် ရေများဝင်ရောက်ပြီး မူးမြစ်ရေဝင်ရောက်သည့်ကျေးရွာများသို့ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက စဉ်ဆက်မပြတ် စားသောက်ကုန်ပစ္စည်းများ၊ဆေးဝါးများ လှူဒါန်းပေးလျက်ရှိရာ ဩဂုတ် ၃ရက်က စစ်ကိုင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမျိုးထွန်း ဦးဆောင်၍ မြို့ပေါ်ရပ်ကွက်များမှ အလှူရှင်ပြည်သူများ လှူဒါန်းသော ထမင်းထုပ်များ၊အသင့်စား စားသောက်ကုန်များနှင့် ဆေးဝါးပစ္စည်းမျိုးစုံတို့ကို ကျေးရွာများအရောက် စက်လှေများဖြင့် ကိုယ်တိုင်သွားရောက် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မူးမြစ်ရေဝင်ရောက်မှုကြောင့် ညောင်ပင်ဝန်းကျေးရွာရှိ စစ်ကိုင်း-မုံရွာ ကားလမ်းမပေါ် အနိမ့်ပိုင်းအချို့ ရေများဝင်ရောက်လျက်ရှိသော်လည်း လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိအောင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ရေဘေးကယ်ဆယ်ရေးလုပ်သားများ အချိန်ပြည့်ထားရှိပြီး ခရီးသည်တင်ယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေးယာဉ်များနှင့်ဆိုင်ကယ်များအား အန္တရာယ်မဖြစ်အောင် လမ်းများပြသပေးခြင်း၊ လမ်းဧရိယာနယ်မြေများတွင် တိုင်များစိုက်ထူပြီး ရောင်ပြန်ဖဲကြိုးများ



တပ်ထားပေးခြင်းလုပ်ငန်းများကိုလည်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့များက ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှလည်း ထောက်ပံ့လှူဒါန်းငွေကျပ် ၁၆၀၄၇၅၀ ကို ရေဝင်အိမ်ထောင်စုများအတွက် ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

# မြို့နယ်ဥက္ကဋ္ဌဖလား ဗိုလ်လုပွဲနှင့်အားကစားပြိုင်ပွဲဆုချီးမြှင့်



**မူဆယ် ဩဂုတ် ၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင်တွင် မြို့နယ်အဆင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် (TSDP) မြို့နယ်အဆင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ မူဆယ်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဦးစီးကျင်းပသည့် ၂၀၁၅ ခုနှစ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲနှင့်ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂ ရက်က မူဆယ်မြို့ ပြည်ထောင်စု အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မူဆယ်မြို့နယ် အားကစားနှင့်ကာယပညာ ကော်မတီနာယက ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့် အဖွဲ့ဝင်များ၊ မူဆယ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အား/ကာ အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ခဲ့သည်။

မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲအဖြစ် ဟိုမွန်(က) အသင်းနှင့် ဈေးရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ခဲ့ကြပြီး ဟိုမွန်ရပ်ကွက်က ဈေးရပ်ကွက်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့ကြောင်း သိရသည်။ **ကိုမိုင်း(ပြန်/ဆက်)**

## မြစိမ်းရောင် ကျေးရွာကော်မတီဖွဲ့စည်း

**စစ်ကိုင်း ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကွန်းလှမြို့နယ်၌ မြစိမ်းရောင်ကျေးရွာကော်မတီဖွဲ့စည်းရေး ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၄ ရက်က တင်းတိန်ရုံကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အဆိုပါ မြစိမ်းရောင်စီမံကိန်းကို နိုင်ငံတော်မှ ရန်ပုံငွေကျပ်သိန်း ၁၀၀ မတည်ပေးကြောင်း စိုက်ပျိုးရေး/မွေးမြူရေးနှင့် အခြားကုန်ထုတ်လုပ်မှုများတွင် အကျိုးရှိစွာသုံးစွဲနိုင်ကြပြီး အရင်းမပျောက်ဘဲ တိုးပွားလာအောင် ကော်မတီရွေးချယ်၍ စာရင်းဇယားပြုစုဆောင်ရွက်ကြရန် ဆွေးနွေးကြကြောင်း သိရသည်။

ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် သာယာကုန်း၊ စုန်းတလင်း၊ နွား လည်ဘို့၊ မြင်သာဦး၊ အူတောင်၊ နောင်ဦး၊ ရွှေတောင်၊ ကျောင်းအင်း၊ ငှက်ကြီးသိုက်၊ သရက်တော(ဘအင်း) ကျေးရွာကိုးရွာတို့အား မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းညို(ကွန်းလှ)**

သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

## ၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း မြန်မာနိုင်ငံ၏ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် ဩဂုတ် ၅**

၂၀၁၅-၂၀၁၆ ခုနှစ် ဇွန်လအတွင်းမြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၆၅၀ ဒသမ ၄၀၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၄၁၂ ဒသမ ၇၃ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၆၃ ဒသမ ၁၃သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၉၈ ဒသမ ၇၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၉ ဒသမ ၉၅ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၀၈ ဒသမ ၆၇ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဇွန်လအတွက် စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၄၅ ဒသမ ၅၄ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၉၈ ဒသမ ၇၁ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၄၄ ဒသမ ၇၃ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၄၃ ဒသမ ၄၄ သန်းဖြစ်ပြီးပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၉၁၁ ဒသမ ၁၁ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၆၄၀ ဒသမ ၃၀နှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၅၇၁ ဒသမ ၄၁ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း စုစုပေါင်းကုန်သွယ်မှု လိုငွေမှာ အမေရိကန်ဒေါ်လာ ၉၂၇ ဒသမ ၉၇ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရသည်။

**(မြန်မာ့အလင်း)**

## ရေဘေးကယ်ဆယ်ရေးအတွက် အလှူငွေလှူဒါန်း

**မန္တလေး ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ ရေဘေးကယ်ဆယ်ရေးအတွက် အလှူငွေ လှူဒါန်းပွဲကို ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် အလှူရှင်များ တက်ရောက်ကြသည်။



အဆိုပါ လှူဒါန်းပွဲတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၅ လမ်းနှင့် ၃၆ လမ်းကြား၊ ၈၃ လမ်းနေ ဒေါက်တာမြင့်ဆွေ-ဒေါက်တာခင်မာဝေ၊ သား ဒေါက်တာမြင့်ဦးမိသားစု အလှူရှင်တို့က ရေဘေးကယ်ဆယ်ရေးအတွက် အလှူငွေကျပ် သိန်းတစ်ရာကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဘဏ္ဍာရေးဝန်ကြီးက လက်ခံယူခဲ့ကြောင်း သိရသည်။

**တင်မောင်သန်း(မန်းကိုယ်ပွား)**

## လုပ်ငန်းတိုးတက်မှုအထောက်အပံ့ဖြစ်မည့် အသိဉာဏ်ရရှိစေရန် သင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၅**

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အသေးစားနှင့်အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ SME လုပ်ငန်းရှင်များနှင့် လုပ်ငန်းစတင်တည်ထောင် လိုသူများအား AEC ဝင်ရောက်ချိန်တွင် ၄င်းတို့လုပ်ငန်းကို ကြိုတင်ပြင်ဆင်နိုင်ရန်နှင့် လုပ်ငန်းတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမည့် အသိဉာဏ်ရရှိစေရန်ရည်ရွယ်၍ ဂျာမနီနိုင်ငံ FNF အဖွဲ့အစည်းနှင့်ပူးပေါင်း၍ “Idea Platform for Successful Business Training ”သင်တန်းကို စက်တင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ရှိ စက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သင်တန်းတွင် MHR Training School မှ Principal ဖြစ်သူ Professor ဦးအေးကျော် အပါအဝင် ပြည်တွင်းပညာရှင်များက ဆွေးနွေးပို့ချမည်ဖြစ်ပြီး စိတ်ပါဝင်စား၍ တက်ရောက်လိုသော လုပ်ငန်းရှင်များအနေဖြင့် ဒေါ်မူမူအေး၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း၀၁-၈၆၀၃၈၂၆၊ ၂၇၊ ဖက်စ် -၀၁-၅၄၆၀၅၁၊ e-mail: smeyangon@gmail.com အမှတ် (၃၅-ဘီ/၁၅)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် ဦးစိုးနိုင်၊ ဒုတိယညွှန်ကြားရေးမှူး SME ဌာနခွဲ၊ စစ်ကိုင်းတိုင်းဒေသကြီး ဖုန်း-၀၇၁-၂၃၂၀၄၊ ဖက်စ် -၀၇၁-၂၆၅၀၆ e-mail: smesagaing @ gmail.com သို့ စက်တင်ဘာ ၈ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## သတင်းတိုများ

### ရှာငံမြို့နယ်တွင် လူထုအခြေပြုအခမဲ့ဆေးကု

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ် လူထုအခြေပြုအခမဲ့ ဆေးကုသမှုအစီအစဉ်ကို ဩဂုတ် ၂ ရက်မှ ၃ ရက်ထိ ကျင်းပခဲ့သည်။

အဆိုပါ အခမဲ့ဆေးကုသမှုကို ဒေါက်တာဖောင်ခမ်း၊ ဒေါက်တာဥက္ကာနေဝင်းအဖွဲ့ ဦးဆောင်၍ ရှာငံမြို့နယ်အတွင်းရှိ ဒေသခံအမျိုးသမီးများအား သားအိမ်ခေါင်းကင်ဆာ ရှိ/မရှိ စမ်းသပ်စစ်ဆေးခြင်း၊ မျိုးဆက်ပွားဆိုင်ရာနှင့် အမျိုးသမီးရောဂါဆိုင်ရာများကို စစ်ဆေး၍ ကုသပေးခြင်း၊ သားအိမ်ထဲ ပစ္စည်းထည့်ပေးခြင်း၊ လက်မောင်းထဲ ပစ္စည်းထည့်ပေးခြင်းများကို စစ်ဆေးကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဝင်း(ရှာငံ)**

### နေပြည်တော်ဝန်ထမ်းအိမ်ရာများ ကွင်းဆင်းစစ်ဆေး

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု စစ်ဆေးရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်ကျော်ငြိမ်သည် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ထမ်းအိမ်ရာများတွင် ၂၀၁၅-၂၀၁၆ ခုနှစ် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် တိုက်အလိုက် သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှု အခြေအနေများအား ဩဂုတ် ၃ ရက် နံနက်ပိုင်းတွင် သွားရောက်စစ်ဆေးခဲ့သည်။

**(သတင်းစဉ်)**

### မီးသတ်ယာဉ်နှစ်စီးနှင့်လူနာတင်ယာဉ်တစ်စီးပေးအပ်

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့ အရန်မီးသတ်တပ်ဖွဲ့စခန်း၌ ဇူလိုင်လနောက်ဆုံးပတ်က မီးငြိမ်းသတ်ယာဉ်နှစ်စီးနှင့် လူနာတင်ယာဉ်တစ်စီးလွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် မီးသတ်ဦးစီးဌာနမှ အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာနှင့် လုံးတုံကျေးရွာများသို့ ငွေကျပ်သိန်း ၂၀၀ ကျော်တန်ဖိုးရှိ ဖောလ်နှင့်ဒေါင်ဖန်းအမျိုးအစား မီးငြိမ်းသတ်ယာဉ်နှစ်စီးကိုလည်းကောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ ကချင်ပြည်နယ်တာဝန်ခံ သီရိပျံချီဦးသိန်းဇော်မိသားစုကဟိုပင်မြို့ ရွာသစ်ကြီးကျေးရွာ မေတ္တာရှင်လူမှုကူညီရေးအသင်းသို့ လူနာတင်ယာဉ် SUPER CUSTOM ကားတစ်စီးကိုလည်းကောင်း၊ ဟိုပင်အင်းတော်ကြီးဒေသရှိ ရေကြီးနစ်မြုပ်တောင်သူများ၏ မျိုးစပါးအတွက် ထောက်ပံ့ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း တာဝန်ရှိသူများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

### မိခင်နို့ချိုတိုက်ကျွေးရေးနေ့ အထိမ်းအမှတ်ကျင်းပ

မိုးကောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကမ္ဘာ့မိခင်နို့ချိုတိုက်ကျွေးရေးနေ့အထိမ်းအမှတ် အာဟာရရက်သတ္တပတ် လှုပ်ရှားမှုများ အခမ်းအနားကို မြို့နယ်ထွေ/အုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ဩဂုတ် ၂ ရက်က ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်ခင်ကြည်က ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနှင့် စပ်လျဉ်းသည့် ကိုယ်ဝန်ဆောင်မိခင်များ အာဟာရဖွံ့ဖြိုးရေး၊ ငါးနှစ်အောက်ကလေးများ ဗီတာမင်အေတိုက်ကျွေးရေးနှင့် အိုင်အိုဒင်းဆားအာဟာရ ထောက်ပံ့ရေးကဏ္ဍ၊ ကလေးများအား ခြောက်လထိ မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးရသည့် အကြောင်းအရာများနှင့် အိုင်အိုဒင်းဆားစားသုံးရခြင်း၏ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**

### ရေဘေးသင့်ပြည်သူများအား လှူဒါန်း

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်၌ တောင်မင်းတည်းရပ်ကွက်၊ ထုံးထောင်ကျေးရွာအုပ်စု လေးတိုင်စင်ရပ်ကွက်နှင့် ရေပေါ်ကျွန်းကျေးရွာတို့မှ ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ရေကင်းလွတ်သည့် ဘုရား၊ ဓမ္မာရုံများသို့ပြောင်းရွှေ့နေထိုင်သည့် ပြည်သူများအား ဩဂုတ် ၂ ရက်က သရက်မြို့ နယ်မြေခံတပ်ရင်းမိသားစုများက ရေဘေးသင့်အိမ်ထောင်စု ၃၅၁ စုအတွက် ဆန် ၃၂ အိတ်၊ ရေသန့် ဂါလန် ၂၄၀၀၊ ထင်းနှစ်တန်ခန့်တို့ကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# ရေဘေးသင့်ပြည်သူများနှင့် တိရစ္ဆာန်များကို ပြောင်းရွှေ့နေရာချထား

**ပခုက္ကူ ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် ဧရာဝတီမြစ်ရေကြီးမှုကြောင့် ခရိုင်/မြို့နယ်များမှသဘာဝရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများက ဩဂုတ် ၃ ရက် ညနေ ၅ နာရီထိ ရေနစ်မြုပ်သည့် ရပ်ကွက်/ကျေးရွာအုပ်စုများရှိ အမည်၊ အိမ်ခြေ၊ လူဦးရေနှင့် တိရစ္ဆာန်စာရင်းများပြုစု၍ ရေဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့နေရာချထားပေးကြသည်။

ရေဘေးသင့် ပြည်သူများနှင့် တိရစ္ဆာန်များမှာ မြို့ပေါ်အမှတ် (၁/၉/၁၀/၁၂) ရပ်ကွက်များမှ အိမ်ခြေ ၂၁၅ အိမ်၊ လူဦးရေ ၉၅၉ ဦး၊ ဝက်အကောင် ၈၀ တို့နှင့် ကျေးရွာအုပ်စုများမှာ ကြားကျွန်း၊ ပခုက္ကူကျွန်း၊ ပေါက်တော၊ ဆိတ်ခွ၊ တင်းဂေါက်၊ နတ်ကျွန်း၊ မကျီးပင်ပုနှင့်မြင်းကျွန်းကျေးရွာများရှိ အိမ်ခြေ ၃၂၇ အိမ်၊ လူဦးရေ ၃၆၁ ဦး၊ နွားကောင်ရေ ၁၃၀၀၊ ဆိတ် ၁၆၃ ကောင်၊ မြင်းတစ်ကောင်နှင့်ဝက်အကောင် ၁၄၀ ရှိ၍ စုစုပေါင်းအိမ်ခြေ ၅၄၂အိမ်၊ လူဦးရေ ၁၃၂၀ ၊ နွားအကောင် ၁၃၀၀၊ ဆိတ် ၁၆၃ကောင်၊ဝက်ကောင် ၂၂၀နှင့် မြင်းတစ်ကောင်တို့အား သဘာဝရေဘေးလွတ်ကင်းရာနေရာများသို့ ပြောင်းရွှေ့နေရာချပေးကြကြောင်း ရေဘေးသင့်ပြည်သူတစ်ဦးက ပြောသည်။ **(၁၃၅)**



# ဧရာဝတီမြစ်ရေ ညောင်ဦး၌မြင့်တက်

**ညောင်ဦး ဩဂုတ် ၅**

ညောင်ဦး၌ ဧရာဝတီမြစ်ရေအခြေအနေမှာ စိုးရိမ်ရေအမှတ်အထက် ၁၀၁ စင်တီမီတာ ကျော်လွန်မြင့်တက်လျက်ရှိ၍ ရေဘေးသင့်ကျေးရွာများမှ ပြည်သူများကို ရေလွတ်ရာသို့အချိန်မီပြောင်းရွှေ့နိုင်ရန်အတွက် ဆောင်ရွက်ခဲ့ရာ အရှေ့ဆယ်လံကျွန်းကျေးရွာ၊ တောင်ရွာနောင်ကျေးရွာ၊ မီးလောင်ပြားကျွန်းကျေးရွာတို့ကို ယာယီကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ညောင်ဦးမြို့ပေါ် မြစ်ကမ်းနံဘေးရှိ ရေဝင်ရောက်သည့် အမှတ်(၁)၊ (၂)၊(၄)နှင့်(၅)ရပ်ကွက်ရှိ ပြည်သူများကိုလည်း ရေလွတ်ရာဘုန်းတော်ကြီးကျောင်းများသို့ ပြောင်းရွှေ့နေရာချထားပေးထားပြီး ရေဘေးရှောင်ပြည်သူများ အဆင်ပြေစွာ နေထိုင်စားသောက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများက လိုအပ်သည့်ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ လူမှုရေးအသင်းအဖွဲ့များကလည်း ကယ်ဆယ်ရေးပစ္စည်းများ၊ ရေသန့်ဘူး၊ ထမင်းထုပ်နှင့် ဆေးဝါးများကို ကိုယ်တိုင်ကိုယ်ကျ လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ယခုအခါ မြို့ပေါ်ရှိ ပြည်သူများအနေဖြင့် ရေလွတ်သည့်နှစ်လမ်းသွား အနော်ရထာလမ်းမကြီးကိုသာ အသုံးပြုသွားလာနေရကြောင်း သိရသည်။

**ရဲသူအောင်(ညောင်ဦး)**



# ကယ်ဆယ်ရေးပစ္စည်းများ၊ ငွေသားနှင့်ဆန်အိတ်များ ပေးအပ်လှူဒါန်း

**ကလေး ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင်နှစ်ပေါင်း ၁၀၀ အတွင်း မိုးကြီးအဆက်မပြတ် ရွာသွန်းမှုနှင့် မြစ်သာမြစ်ရေဝင် ရောက်မှုကြောင့် ဇူလိုင် ၂၈ ရက် နံနက်မှစ၍ မြစ်သာမြစ်ရေနှင့် နေရဥ္စရာမြစ်တို့ ရေကြီး ရေလျှံမှုဖြစ်ပွားကာ ကလေးမြို့ပေါ်ရပ်ကွက် အနိမ့်ပိုင်းနှင့်ကျေးရွာအများအပြားတွင် လူနေအိမ်များနှင့် လယ်ယာမြေများအတွင်းရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည်။

အဆိုပါဒေသ နေပြည်သူများသို့ အမြို့မြို့အနယ်နယ်မှ အလှူရှင်များက ကယ်ဆယ်ရေးပစ္စည်းများ၊ ငွေသားနှင့် ဆန်အိတ်များကိုကူညီထောက်ပံ့မှုများ ပေးပို့လှူဒါန်းကြသည်။

ကလေးဒေသအတွင်း ရေဘေးသင့်ပြည်သူများအတွက် ဩဂုတ် ၃ ရက်က တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရေဘေးသင့်အိမ်ထောင်စု ၄၁၉ စုအတွက် ငွေကျပ် ၈၃၈၀၀၀၀ နှင့်ကယ်ဆယ်ရေးပစ္စည်းများကို သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

အလားတူ ထူးဖောင်ဒေးရှင်းနှင့် Air Bagan တို့မှ တစ်တင်းခွဲဝင် ဆန်အိတ် ၁၀၀ ကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား (ပြန်/ဆက်)**

# စာပို့တိုက်ဥပဒေ(မူကြမ်း) မြန်မာဘာသာပြန်အား ဝက်ဘ်ဆိုက်တွင် ဖတ်ရှုလေ့လာနိုင်

**နေပြည်တော် ဩဂုတ် ၅**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် **စာပို့တိုက်ဥပဒေ (မူကြမ်း)** ကို အများပြည်သူကြည့်ရှုလေ့လာ အကြံပြုနိုင်ရန် ဇူလိုင် ၆ ရက်မှ ဩဂုတ် ၂၀ ရက်အထိ Public Consultation ကာလသတ်မှတ်၍ အင်္ဂလိပ်ဘာသာဖြင့် ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် တင်ပြထားသည်။

ယခုအခါ အများပြည်သူ အလွယ်တကူ ဖတ်ရှုနားလည်နိုင်ရန်အလို့ငှာ အလွတ်သဘောပြန်ဆိုထားသည့် စာပို့တိုက်ဥပဒေ(မူကြမ်း) မြန်မာဘာသာပြန်ကို ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် www.mict.gov.mm တွင် ဖတ်ရှုလေ့လာ၍ အကြံပြုချက်များ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ တံခွန်စိုက် ရေကူးပြိုင်ပွဲနှင့် လူရွေးချယ်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၅**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ(အမျိုးသား၊ အမျိုးသမီး) တံခွန်စိုက် ရေကူးပြိုင်ပွဲနှင့် လူရွေးချယ်ပွဲကို ဩဂုတ် ၃ ရက်က ရန်ကုန်မြို့ အင်းလျားလမ်းရှိ ရန်ကုန်တက္ကသိုလ်ရေကူးကန်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် တက္ကသိုလ်များ ရေကူး၊ လှေလှော် ဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦးက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ အားကစားသမားများက ရေကူးနည်းစနစ်များ သရုပ်ပြသကာ ပြိုင်ပွဲနှင့်လူရွေးချယ်ပွဲအား ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် အလွတ်ကူး၊ ရင်ပေါင်တန်းကူး၊ လိပ်ပြာကူး၊ ပက်လက်ကူး၊ အမျိုးသား၊ အမျိုးသမီး၊ မီတာ ၅၀ နှင့် မီတာ ၁၀၀ ပွဲစဉ်များ ယှဉ်ပြိုင်ကြပြီး တံခွန်စိုက်ရေကူးပြိုင်ပွဲသို့ ဝန်ကြီးဌာနများမှ တက္ကသိုလ် ၁၃ခု ကိုယ်စားပြုပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူပေါင်း ၈၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ဂန့်ဂေါမြို့နယ်၌ မြစ်ရေတိုက်စား၊ ကမ်းပါးပြိုကျ

**ဂန့်ဂေါ ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာတွင် ဇူလိုင် ၃၁ ရက်က မြစ်သာမြစ်ရေတိုက်စားပြီး ကမ်းပါးပြိုကျသဖြင့် ဘုန်းတော်ကြီးကျောင်းမှ အဆောက်အအုံအချို့၊ နေအိမ်အချို့နှင့် အလက(ခွဲ) ကျောင်းမှ အဆောက်အအုံများ ရေထဲမျောပါ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

ရေဘေးကြောင့် အခက်အခဲကြုံတွေ့နေကြရသည့် ပြင်သာကျေးရွာနေ အိမ်ထောင်စု ၂၀ စု၊ လူဦးရေ ၁၂၂ ဦးတို့ကို ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ စောင့်ရှောက်ထားကြောင်း၊ စာသင်ဆောင်များ ရေထဲမျောပါပျက်စီးသွားသဖြင့် စာသင်ရန် အခက်အခဲကြုံတွေ့နေကြရသည့် ကျောင်းသားကျောင်းသူ ၁၅၃ ဦးတို့ကို ယာယီကျောင်းဆောင်သစ်အမြန်ဆုံး ဆောက်လုပ်ပြီး စာပြန်လည်သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

"ကျွန်တော်တို့ ပြင်သာကျေးရွာက မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်းရဲ့ အောက်ဘက်ရေလွှဲမြောင်းထိပ်မှာ တည်ရှိနေတယ်။ မြစ်သာမြစ်ရေကြီးတော့ ရွာမြေ တော်တော်များများ ရေတိုက်စားသွားပါတယ်။ စပါးနဲ့ နှမ်းစိုက်ဧက ၃၀ ခန့် ပျက်စီးသွားခဲ့တယ်" ဟု ကျေးရွာသားတစ်ဦးက ပြောသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# ရေဘေးလေဘေးကယ်ဆယ်ရေးစခန်းများသို့ အလှူရှင်များအဆက်မပြတ်လှူဒါန်း

**ပုဏ္ဏားကျွန်း ဩဂုတ် ၅**

"ကိုမန်"ဆိုင်ကလုန်းမုန်တိုင်းအရှိန်ကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသမြို့နယ်များ၌ လေပြင်းတိုက်ခတ်ပြီး ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ ပုဏ္ဏားကျွန်းမြို့နယ်မြောက်ပိုင်းကျေးရွာများတွင် လူနေအိမ်များ၊ ရေတွင်းရေကန်များ လယ်ယာကွဲနွားများနှင့် စာသင်ကျောင်းများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အထူးသဖြင့် ကုလားတန်မြစ်ကမ်းနှင့်ယိုးချောင်းကမ်းခြေတစ်လျှောက်ရှိ ကျေးရွာများမှာ သုံးရက်ခန့် ရေဖုံးလွှမ်းနေခဲ့ရာ ဒေသခံပြည်သူ ၂၇၀၀ ကျော်ကို ဘေးကင်းလုံခြုံသော ရန်ကုန်-စစ်တွေအဝေးပြေးကားလမ်းမကြီးဘေးရှိ ကျေးရွာကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြပြီး မြို့နယ်မှ တာဝန်ရှိသူများနှင့် စေတနာရှင်လူမှုအဖွဲ့အစည်းများက လိုအပ်သည်များကို ကူညီထောက်ပံ့ပေးလျက်ရှိသည်။

ဩဂုတ်၂ရက်က မြို့နယ်လူမှုကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးအဖွဲ့ဝင်များ၊ လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်စစ်တွေမြို့မှ စေတနာရှင်ပြည်သူများက ကယ်ဆယ်ရေးစခန်း ၁၂ ခုသို့ သွားရောက်ပြီး သောက်ရေသန့်ဘူးများနှင့်ဆန်၊ ဆီ၊ ဆား၊ ပဲ၊ အာလူး၊ ကြက်သွန်နှင့်အဝတ်အထည်များကို အဆက်မပြတ်ပေးအပ်လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။ **ဓညသူ**



# ဧရာဝတီမြစ်ရေ မြင့်တက်လာခြင်းကြောင့် တာပေါင်များမြှင့်တင်

**မြန်အောင် ဩဂုတ် ၅**

ဧရာဝတီမြစ်ရေ မြင့်တက်လာသဖြင့် မြန်အောင်မြို့နယ် ရွှေကျင်ကျေးရွာအုပ်စု ငါးဘတ်ချောင်းကျေးရွာရှိ တာမိုင် ၂၅/၅ တွင် မြို့နယ်ဆည်မြောင်းဦးစီးဌာန ဝန်ထမ်းများ၊ ရွှေကျင်၊ ရိုက်၊ သရက်တောနှင့် အစယ်ကျေးရွာအုပ်စုများမှရွာသားများ စုပေါင်း၍ ဩဂုတ် ၁ ရက်နေ့မှစ၍ တာပေါင်မြှင့်တင်လျက်ရှိကြောင်း သိရသည်။

တာပေါင်မြှင့်တင်ခြင်းအတွက် လိုအပ်သော သဲ၊ ကျောက်၊ ဝါးနှင့် အိတ်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်း ဦးဆောင်သောအဖွဲ့များက ထောက်ပံ့ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

မြန်အောင်မြို့နယ်အတွင်းရှိ တာတမံများကို ရေကင်းများချထား၍ နေ့ညမပြတ် စောင့်ကြည့်လျက်ရှိကြောင်းနှင့် မြစ်ရေအခြေအနေနှင့် တာပေါင်လုံခြုံမှု အခြေအနေများနှင့်ပတ်သက်၍ ကျေးရွာအုပ်စုများအတွင်း မဟုတ်မမှန် ကောလာဟလသတင်းများ ဖြစ်ပွားမှုမရှိစေရန် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာတော်သံဃာတော်များနှင့် ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာများမှ ဒေသခံပြည်သူများအား အသိပေးပြောကြားလျက်ရှိကြောင်း သိရသည်။ **ဝင်းဗိုလ်**



# ရေဘေးသင့်အိမ်ထောင်စုများအား လူမှုကူညီရေးအသင်းများက ထောက်ပံ့လျက်ရှိ

**မြင်းမူ ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး မူးမြစ်နှင့် ဧရာဝတီမြစ်ရေဝင်ရောက်သည့် မြင်းမူမြို့နယ်အတွင်းကျေးရွာများမှ ရေဘေးသင့်အိမ်ထောင်စုများအားထောက်ပံ့ကူညီရန်အတွက် မြင်းမူမြို့ မြတ်သုခနှင့် ယသစရိယ လူမှုကူညီရေးအသင်းများက အလှူခံဌာနများဖွင့်လှစ်ခြင်း၊ မြို့အတွင်း လှည့်လည်အလှူခံခြင်းများကို ဆောင်ရွက်လျက်ရှိပြီး အဝေးရောက် မြင်းမူဇာတိသားများကလည်း အလှူငွေနှင့်ပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ လူမှုကူညီရေးအသင်းများက ရေဘေးသင့်ကျေးရွာများသို့ စက်လှေများဖြင့် သွားရောက်ပြီး ထမင်းထုပ်များ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ သောက်ရေသန့်ဘူးများနှင့် အဝတ်အထည်များကို နေ့စဉ်ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

အလားတူ မြင်းမူမြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် မြောင်မြို့နယ် ဘူးကိုင်းစံပြကျေးရွာမှ ကိုးဆယ်ဆအနန္တမေတ္တာ လူမှုကူညီရေးအသင်းတို့ပူးပေါင်းပြီး ဧရာဝတီမြစ်ရေဝင်ရောက်သည့် ဆိပ်သာနှင့် ဆပ္ပကုန်းကျေးရွာမှ ရေဘေးသင့်အိမ်ထောင်စုများအား စားသောက်ဖွယ်ရာ ထမင်းထုပ်များကို ဩဂုတ် ၃ ရက်တွင် သွားရောက်ထောက်ပံ့ပေးခဲ့သည်။

ရေဘေးသင့်ပြည်သူများထံသို့ သွားရောက်ထောက်ပံ့ပေးရာတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကိုးဆယ်ဆအနန္တမေတ္တာ လူမှုကူညီရေးအသင်းဝင်များက သွားရောက်ထောက်ပံ့ပေးခဲ့ခြင်း ဖြစ်သည်။

ရေဘေးသင့်ပြည်သူများအတွက် အထောက်အပံ့များပေးအပ်နေသည့် အပြင် ဆိပ်သာနှင့် ဆပ္ပကုန်းကျေးရွာများမှ ကျွဲနွားများကိုလည်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါ်မြင့်မြင့်ဌေးနှင့် ဝန်ထမ်းများက ဆေးကုသမှုများဆောင်ရွက်ပေးခဲ့ပြီး ကျွဲနှင့် နွား ၁၄၄ ကောင်ကို တိရစ္ဆာန်ကာကွယ်ဆေးများ ထိုးပေးခဲ့ကြောင်း သိရသည်။ **အောင်စိုးဖေ**(iprd)

# ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများလှူဒါန်း

**မြဝတီ ဩဂုတ် ၅**

ကရင်ပြည်နယ် ဘားအံမြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် အစားအသောက်များကို ထိုင်းနိုင်ငံ မဲဆောက်မြို့ကုန်သည်ကြီးများအသင်း လူငယ်အဖွဲ့နှင့် တာခ်ခရိုင် လဝကမှူး မစ္စတာစုန်ချိုင်းနှင့် တာခ်ခရိုင်အကောက်ခွန်မှူး မစ္စတာကစ်တီတို့ဦးဆောင်သည့် ဝန်ထမ်းမိသားစုများက ဩဂုတ် ၃ ရက်တွင် မြဝတီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မဲဆောက်မြို့ကုန်သည်ကြီးများအသင်း လူငယ်အဖွဲ့မှ ကျပ် ၃၃ သိန်းကျော်တန်ဖိုးရှိ ရေသန့်၊ ခေါက်ဆွဲခြောက်နှင့်၊ ငါးသေတ္တာများကိုလည်းကောင်း၊ တာခ်ခရိုင် လဝကမှူး မစ္စတာစုန်ချိုင်းနှင့် တာခ်ခရိုင်အကောက်ခွန်မှူး မစ္စတာကစ်တီတို့ဦးဆောင်သည့် ဝန်ထမ်းမိသားစုများက ကျပ် ၅၉၈၀၀၀ တန်ဖိုးရှိ ရေသန့်၊ ခေါက်ဆွဲနှင့် ငါးသေတ္တာများကိုလည်းကောင်း လာရောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။လှူဒါန်းသော ပစ္စည်းများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးတင်ထွဋ်၊ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး ဦးမြဝင်း၊ ခရိုင်လဝကဦးစီးမှူး ဦးအောင်ဝင်းသိန်း၊ မြို့နယ်လဝကဦးစီးမှူး ဦးထွန်းအောင်ကျော်၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဦးတင်မောင်ဝေ၊ မြဝတီကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်တို့က လက်ခံခဲ့ပြီး အဆိုပါပစ္စည်းများကို ဘားအံမြို့သို့ အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**







# ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ပန်းတောင်းမြို့ပေါ်ရပ်ကွက်များ ရေဝင်ရောက်

**ပန်းတောင်း ဩဂုတ် ၅**

ပဲခူးတိုင်းဒေသကြီး (အနောက်) ပြည်ခရိုင် ပန်းတောင်းမြို့တွင် ဧရာဝတီမြစ်ရေသည် ဇူလိုင် ၃၀ ရက်မှ စတင် ဝင်ရောက်ရာမှ ဩဂုတ် ၁ ရက်တွင် ၉၅ ပေ အထိ ဆက်လက်မြင့်တက်မှုများ ဖြစ်ပေါ်နေခဲ့သည်။

အဆိုပါ မြစ်ရေများမြင့်တက်ခဲ့သောကြောင့် ပန်းတောင်းမြို့ပေါ်ရပ်ကွက်များဖြစ်သော မင်းရက်ဝန်လို ဖောင်းကန် စည်သာကြခတ်တို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး မြို့နယ်ရဲစခန်း မြို့နယ်သစ်တော ဦးစီးရုံးနှင့် မြို့နယ်ရုံးများ အထက်တန်းကျောင်းနှင့် မူလတန်းကျောင်းများ လူနေအိမ်များလမ်းများသို့ ရေများ စတင်ဝင်ရောက်မှုရှိခဲ့ပြီး ပန်းတောင်း-တောင်ကုတ်အဝေးပြေးလမ်းမကြီးအချို့နေရာများတွင် နှစ်ပေခန့်မြင့်တက်ပြီး ရေများဖြတ်ကျော်လျက်ရှိသည်။

မြစ်ရေကြီးမှုတွင် မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်ထွန်းနှင့် မြို့နယ်တာဝန်ရှိ သူများ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဇော်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနများနှင့် ဒေသတွင်းလူမှုရေးအဖွဲ့အစည်းများမှ ဆေးရုံတက်လူနာများအား ရေမြင့်ရာ ဘုန်းတော်ကြီးကျောင်းသို့ပြောင်း ရွှေ့ခြင်းနှင့် ရေနစ်မြုပ်သည့် အိမ်ထောင်စု ၁၅၀ ရှိ လူဦး ရေ ၆၂၀ တို့အား ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားရှိကာ သောက်သုံးရေ ဆန်အိတ်နှင့် ခေါက်ဆွဲခြောက် များထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ **အောင်မြင့်**

# စက်လှေနှစ်စီး မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွား စက်လှေပေါ်လိုက်ပါလာသူများ ပြင်းထန်စွာ ဒဏ်ရာရရှိ

**ကသာ ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် သပြေသာကျေးရွာနှင့် အင်းရွာအလယ်ရပ်ကြား ဧရာဝတီမြစ်အတွင်း စက်လှေနှစ်စီးမျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားခဲ့ပြီး စက်လှေပေါ်လိုက်ပါလာသူများ ပြင်းထန်စွာဒဏ်ရာများ ရရှိသွားခဲ့ကြောင်း သိရသည်။

ဩဂုတ် ၃ ရက် ည ၁၀ နာရီခွဲခန့်က ကသာမြို့နယ် အင်းရွာအလယ်ရပ်နှင့် သပြေသာရွာအကြား ဧရာဝတီမြစ်အတွင်း သပြေသာကျေးရွာဘက်မှ အင်းရွာအလယ်ရပ်သို့ စက်လှေမောင်း ထက်ဇော် မောင်းနှင်လာသည့် အလျား ၁၈ တောင် ဗျက် ၂ တောင်ခန့်ရှိ ၁၃ ကောင်အား ဟွန်ဒါအပြာရောင်စက်လှေ(လိုင်စင်စိစစ်ဆဲ)နှင့် အလယ်ရပ်ဘက်မှ သပြေသာရွာဘက်သို့ စက်လှေမောင်း သာဌေးအောင် မောင်းနှင်လာသည့် အလျား ၂၀ တောင် ဗျက် ၂ တောင်ခန့်ရှိ ၁၆ ကောင်အား ဟွန်ဒါစက်လှေ မော်ဒယ်စိမ်းရောင်(လိုင်စင်စိစစ်ဆဲ)တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ခြင်းဖြစ်သည်။

စက်လှေတိုက်မှုကြောင့် သာဌေးအောင်၏ စက်လှေပေါ်တွင်လိုက်ပါလာသော ကိုမြင့်စိုးဦး (၂၉နှစ်)တွင် ဖူးယောင်ပေါက်ပြဲဒဏ်ရာများနှင့် ဦးမင်းဆွေ(၄၀နှစ်)တွင် ဝဲဘက်နံဘေးအောင့်သည့်ဒဏ်ရာ၊ ယာဘက်နံဘေး ထိကိုင်မရအောင် အောင့်သည့်ဒဏ်ရာ(စိုးရိမ်ရ)များ ရရှိခဲ့သဖြင့် ရဲဆေးစာနှင့်အတူ အင်းရွာတိုက်နယ်ဆေးရုံမှတစ်ဆင့် ကသာပြည်သူ့ဆေးရုံသို့ ပို့အပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လူ့အသက်အန္တရာယ်ဖြစ်စေလောက်အောင် စက်လှေကို မဆင်မခြင်မောင်းနှင်သူ ထက်ဇော်(၂၀နှစ်)နှင့် သာဌေးအောင်(၃၀နှစ်)တို့အား အင်းရွာနယ်မြေရဲစခန်းတွင် ရဲအုပ် ရဲအောင်က တရားလိုပြုလုပ် အမှုဖွင့်ထားပြီး စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

# ပရီမီယာလိဂ်မှာ တန်းတက်ဘုန်းမောက်တို့ ကောက်ကြောင်း မှန် မမှန်

**မိုးမြင့်လင်းလက်**

၂၀၁၅-၂၀၁၆ ပရီမီယာလိဂ်ဘောလုံးရာသီရဲ့ လိုက်ကာကို ဩဂုတ် ၈ ရက်မှာ စတင်ဖွင့်လှစ်တော့မှာဖြစ်ပါတယ်။ ရာသီကြိုခြေစမ်းပွဲ၊ ဖိတ်ခေါ်ဖလားပြိုင်ပွဲတွေ ဘောလုံးသမားသစ်ဝယ်ယူဖြည့်ဆည်းမှုတွေနဲ့ လှုပ်လှုပ်ရှားရှားရှိနေခဲ့တဲ့ ပရီမီယာလိဂ်ကလပ်အသင်းတွေကတော့ အခုအချိန်မှာ အကောင်းဆုံးရလဒ်တွေနဲ့ တာထွက်နိုင်ဖို့အတွက် ပြေးလမ်းပေါ်ရောက်ရှိတော့မှာ ဖြစ်ပါတယ်။ ပရီမီယာလိဂ်ရဲ့ ခက်ထန်ကြမ်းတမ်းတဲ့ ခရီးကြမ်းကို ဒီနှစ်မှာ ပထမဆုံးဆင်နွှဲမယ့် မျက်နှာသစ်ဘုန်းမောက်အသင်းရဲ့ အနေအထားကလည်း စိတ်ဝင်စားစရာကောင်းနေတာတော့အမှန်ပါပဲ။

အမည်အပြည့်ကတော့ AFC ဘုန်းမောက် ဖြစ်ပြီး အသင်း စတင်တည်ထောင်ခဲ့တဲ့ သက်တမ်းက ၁၂၅ နှစ်ကြာခဲ့ပြီဖြစ်ပေမယ့် ပရီမီယာလိဂ်ကိုတော့ ပထမဆုံးအကြိမ် တက်ရောက်လာခဲ့တဲ့အသင်း ဖြစ်ပါတယ်။ အင်္ဂလန်ချန်ပီယံရှစ်မှာ ဗိုလ်စွဲခဲ့ပြီး ထူးထူးခြားခြား တန်းတက်လာတဲ့အသင်း ဖြစ်တာမို့ စိတ်ဝင်စားစရာကောင်းနေခြင်းဖြစ်ပါတယ်။

ပြီးခဲ့တဲ့ရာသီ ချန်ပီယံရှစ်မှာ တိုက်စစ်အကောင်းဆုံး အသင်းအဖြစ် ရပ်တည်နိုင်ခဲ့ပြီး ရလဒ်ကောင်းတွေပိုင်ဆိုင်မှုနဲ့အတူ အခုလို ပရီမီယာလိဂ်ကို ခြေလှမ်းပြင်းပြင်းထန်ထန်နဲ့ တန်းတက်လာတာဖြစ်တာမို့ ပြိုင်ဘက်တွေရဲ့ အလေးထားမှုကို ခံနေရတဲ့ အသင်းဖြစ်ပါတယ်။ ဘုန်းမောက်ဟာ ချန်ပီယံရှစ်မှာ ငါးရာသီကျင်လည်ခဲ့ပြီး ပွဲပေါင်း ၂၂၈ ပွဲကစားခဲ့ရာမှာ ၈၇ ပွဲနိုင်၊ ၅၄ ပွဲသရေနဲ့ ၈၇ ပွဲရှုံးခဲ့တဲ့ မှတ်တမ်းရှိနေပါတယ်။ ဂိုးပေါင်း ၃၃၀ သွင်းယူခဲ့သလို ပေးဂိုး ၃၁၇ ဂိုး ရှိခဲ့တာမို့ ဘုန်းမောက်တို့ရဲ့ ခံစစ်ကြောင်းကတော့ အားနည်းချက်ရှိနေပါတယ်။

နည်းပြ အက်ဒိုင်ဟိုဝီ ကိုင်တွယ်နေတဲ့ ဘုန်းမောက် အသင်းဟာ တိုက်စစ်ဖွင့် ကစားဟန်ကို အပြည့်အဝပုံဖော်ကစားပြီး ကွင်းလယ်ကစားကွက်ထိန်းချုပ်ဖြန့်ဝေပေးနိုင်မှုနဲ့အတူ တိုက်စစ်မှူးတွေက ဂိုးရအောင် စွမ်းဆောင်တတ်ကြတာဖြစ်ပါတယ်။ ဘုန်းမောက်နည်းပြ အက်ဒိုင်ဟိုဝီကတော့ ကျွန်တော်တို့ရဲ့ လာမယ့် ဘောလုံးရာသီရည်မှန်းချက်က တန်းမဆင်းရရေးပဲဖြစ်ပါတယ်လို့ ဆိုနေပါတယ်။

ဘုန်းမောက်တို့က အိမ်ကွင်း၊ အဝေးကွင်းတွေမှာ ပုံမှန်ခြေစွမ်းပြတတ်ပေမယ့် ပြီးခဲ့တဲ့နှစ်က အိမ်ကွင်းနှစ်ပွဲဖြစ်တဲ့ ပေါ့ဗယ်အသင်းနဲ့ ကစားတဲ့ပွဲမှာ လေးဂိုးပြတ်ရှုံးပြီး ဟူးလ်စီးတီးနဲ့ ပွဲမှာလည်း လေးဂိုးပြတ်ရှုံးခဲ့တာမို့ သိက္ခာကျစရာဖြစ်ခဲ့ရပါတယ်။ ဒါပေမယ့် အဲဒီအမှားတွေကို အမြန်ပြင်ဆင်ပြီး တစ်သင်းလုံးကြိုးစားခဲ့လို့ အခုလို ပရီမီယာလိဂ်ကို ပထမဆုံးတက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

အသင်းရဲ့သမိုင်းတစ်လျှောက်မှာ တတိယတန်းနဲ့ ဒုတိယတန်းပြိုင်ပွဲတွေမှာသာ ယှဉ်ပြိုင်ခဲ့ရတဲ့ဘုန်းမောက်ဟာ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီမှာတော့ ပထမတန်းမှာ ဒုတိယရရှိခဲ့ပြီး ချန်ပီယံရှစ်ကို တက်လှမ်းခဲ့တာဖြစ်ပါတယ်။ ဘုန်းမောက်ဟာ ချန်ပီယံရှစ်မှာ ဗိုလ်စွဲခဲ့တာမို့ ပရီမီယာလိဂ်ကို တန်းတက်ရပြီဖြစ်သလို အက်ဖ်အေဖလားပွဲမှာလည်း တတိယအဆင့်က စတင်ယှဉ်ပြိုင်ခွင့်ရရှိပြီဖြစ်ပါတယ်။

ဒါ့အပြင် တိုက်စစ်အားသန်တဲ့ ဘုန်းမောက်ကို အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက လျှော့မတွက်ကြဖို့သတိပေးထားပြီး မျက်နှာသစ်ဖြစ်ပေမယ့် ကစားရခက်ခဲမယ့် အသင်းတစ်သင်းတိုးလာတယ်လို့ မှတ်ချက်ပြုထားတာကြောင့် ဘုန်းမောက်ရဲ့ စွမ်းဆောင်မှု ဘယ်လောက် ကောင်းသလဲဆိုတာ အကဲခတ်ခွင့် ရတော့မှာဖြစ်ပါတယ်။

ဒါကြောင့် ဩဂုတ် ၈ ရက်မှာ စတင်ကစားတော့မယ့် ပရီမီယာလိဂ်ရာသီမှာ ဘုန်းမောက်တို့ရဲ့ ဖြတ်သန်းရာလမ်းကြောင်းဟာ ကောက်ကြောင်း ဖြောင့် မဖြောင့် စောင့်ကြည့်ရမှာ အမှန်ပါပဲ။





# ဆန်းဒါးလန်းတိုက်စစ်မှူး ခရစ္စတယ်ပဲလေ့စ်ရောက်

ဆန်းဒါးလန်းတိုက်စစ်မှူး ကွန်နောဝစ်ခမ်းကို ခရစ္စတယ်ပဲလေ့စ်က ခေါ်ယူလိုက်ပါပြီ။ ပဲလေ့စ်က ပြောင်းရွှေ့ကြေး ပေါင်ကိုးသိန်းနဲ့ ငါးနှစ်စာချုပ်နဲ့ခေါ်ယူလိုက်ပါတယ်။ ဝစ်ခမ်းဟာ ဆန်းဒါးလန်းနဲ့အတူ လေးနှစ်ကြာ ကစားခဲ့ပြီးနောက် ခရစ္စတယ်ပဲလေ့စ်က ခေါ်ယူလိုက်တာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အသစ်တွေကို ပြန်လည်စတင်ရတော့မှာပါ။ ခရစ္စတယ်ပဲလေ့စ်အသင်းအတွက် အကောင်းဆုံး ကစားနိုင်ဖို့ စောင့်မနေနိုင်တော့ပါဘူးလို့ တိုက်စစ်မှူး ဝစ်ခမ်းကဆိုပါတယ်။ တိုက်စစ်မှူး ဝစ်ခမ်းအနေနဲ့ ဆန်းဒါးလန်းမှာ ၉၁ ပွဲပါဝင်ကစားခဲ့ပြီး ၁၅ ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ဝစ်ခမ်းအနေနဲ့ ဆန်းဒါးလန်းမှာ ဂိုးများများ မသွင်းပေးနိုင်ခဲ့ပေမယ့် ဂိုးပေါက်ဖန်တီးမှုအားကောင်းတဲ့ တိုက်စစ်မှူးဖြစ်ခဲ့ပါတယ်။ အသက် ၂၀ နှစ်အရွယ်သာရှိသေးတဲ့ ဝစ်ခမ်းဟာ ၂၀၁၁ ခုနှစ်က အသက် ၁၆ နှစ်အရွယ်မှာ အစ်ဆွစ်တောင်းအသင်းမှ ဆန်းဒါးလန်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

# ပြင်သစ်ကွင်းလယ်လူ လီဆက်စတာမှာခြေစွမ်းပြမည်

ပြင်သစ်ကွင်းလယ်ကစားသမား အင်ဂိုလိုကန်တီးကို လီဆက်စတာအသင်းက ပေါင် ၅ ဒသမ ၆ သန်းနဲ့ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ ပြင်သစ်ပထမတန်းလီဂူး-၁ ကလပ်လန်းစ်အသင်းမှ လီဆက်စတာက လေးနှစ်စာချုပ်နဲ့ခေါ်ယူခဲ့တာဖြစ်ပါတယ်။ အသက် ၂၄ နှစ်အရွယ် လီဆက်စတာနည်းပြသစ် ရာနီရေးနီရဲ့ ပထမဆုံးသော ခေါ်ယူတဲ့ကစားသမားဖြစ်ပြီး ကျောနံပါတ် ၁၄ ဂျာစီကို ဝတ်ဆင်ကစားရမှာဖြစ်ပါတယ်။ လီဆက်စတာအသင်းဟာ တူနီးရှားဗဟိုခံစစ်မှူး ဘီနာလောက်ကိုလည်း စီးရီးအေကလပ် အတ္တလန္တာမှ ခေါ်ယူခဲ့ပါတယ်။ ကွင်းလယ်ကစားသမား ကန်တီးကို ဝက်စ်ဟမ်းအသင်းကလည်း ခေါ်ယူဖို့ကြိုးစားခဲ့တာပါ။ သို့ပေမယ့် လီဆက်စတာအသင်းကိုပဲ ပြောင်းရွှေ့ဖို့ လက်ခံခဲ့တာဖြစ်ပါတယ်။ လာမယ့်ရာသီမှာတော့ လီဆက်စတာအသင်းအတွက် ကန်တီးရဲ့ ခြေစွမ်းကို ပရိသတ်တွေတွေ့မြင်ရတော့မှာဖြစ်ပါတယ်။



# မန်စီးတီးပစ်မှတ်ထားနေတဲ့ ဝုဖ်ဘတ်တိုက်စစ်မှူး

မန်စီးတီးက ဝုဖ်ဘတ်တိုက်စစ်မှူး ဒီဘရူနီကိုပစ်မှတ်ထားနေတာကြာပါပြီ။ သို့ပေမယ့် ဝုဖ်ဘတ်က ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ အထိ လိုချင်နေတယ်လို့ ဆိုပါတယ်။ ဘရူနီဟာ သူ့ရဲ့ဆန္ဒအရဆိုရင် ဂျာမနီမှာပဲ ဆက်နေဖို့များတယ်လို့ ဝုဖ်ဘတ်အားကစားဒါရိုက်တာ ကလော့အောလော့က ဆိုပါတယ်။ သို့ပေမယ့်လည်း ပေါင်သန်း ၅၀ အထိပေးပြီး ခေါ်မယ်ဆိုရင်တော့ စဉ်းစားမယ်လို့ ဆိုပါတယ်။ မန်စီးတီးက စတာလင်းကိုတောင် ပေါင် ၄၉ သန်းပေးပြီး ခေါ်ယူနိုင်ခဲ့တာ ဘရူနီကိုလည်း ပေါင်သန်း ၅၀ နီးပါးပေးပြီး ခေါ်ယူမှသာ ဖြစ်နိုင်လိမ့်မယ်လို့ ဝုဖ်ဘတ်တာဝန်ရှိသူတွေက ဆိုပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိ ချယ်လ်ဆီး တိုက်စစ်မှူးဟောင်း ဘရူနီဟာ ပရီမီယာလိဂ်သို့ ပြန်လာချင်တဲ့ ဆန္ဒတော့ရှိနေတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် အသင်းရဲ့ဆန္ဒအရ ပေါင်သန်း ၅၀ အထိပေးခေါ်မှသာ ဖြစ်နိုင်လိမ့်မယ်လို့ ဘရူနီက ဆိုပါတယ်။



**ကောင်းမြတ်သူ - စုစည်းသည်။**

# ယင်းမာပင်မြို့နယ်မှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းမျိုးစုံပေးအပ်

**ယင်းမာပင် ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီးယင်းမာပင်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းမျိုးစုံကို ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီများနှင့် အလှူရှင်များက ဩဂုတ် ၃ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ချင်းတွင်းမြစ်ရေ လျှံတက်ဝင်ရောက်လျက်ရှိသော ကျေးရွာ ၁၇ရွာ အနက်မှ အခက်အခဲအများဆုံးကြုံရသည့် ကျေးရွာခြောက်ရွာတွင် ဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေးစခန်းငါးခုမှ ရေဘေးသင့်ပြည်သူ ၁၀၀၀ ကျော်အတွက် ထမင်းထုပ်များ၊ ဆန်အိတ်ငါးအိတ်ခွဲနှင့် အခြားအရေးပေါ်သုံးပစ္စည်းများ၊ ဆေးဝါးအမျိုးမျိုး၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်ကုန်စိုအမျိုးမျိုး၊ ခေါက်ဆွဲခြောက်၊ အချိုရည်အမျိုးမျိုး၊ ကြက်ဥစသည့် စားသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်၏ ဦးဆောင်မှုဖြင့် ယင်းမာပင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ သင်္ဂဟ၊ မာရီစတုပ်နှင့် မက်စ်မြန်မာ လူမှုရေးအဖွဲ့အစည်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ယင်းမာပင်မြို့ပေါ် ရပ်ကွက်လေးခုနှင့် ရွာထောင်ရွာ၊ပြန်လှည့်ရွာစသည့်ကျေးရွာများမှ စေတနာရှင်အလှူရှင်များစုပေါင်းပြီး ထောက်ပံ့လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

"တစ်ပတ်အတွင်း ချင်းတွင်းမြစ်ရေ လျှံတက်ဝင်ရောက်မှုဟာ ဩဂုတ် ၃ ရက်မှာ တစ်ပေနီးပါးခန့် လျော့ကျလာပြီဖြစ်ပါတယ်။ ဒေသခံပြည်သူများ ရေဘေးစိုးရိမ်ရမှုအဆင့်မှ ကင်းဝေးသော်လည်း လက်ရှိအချိန်အထိတော့ ရွာကျောင်းမှာဖွင့်လှစ်ထားတဲ့ ရေဘေးကယ်ဆယ်ရေးစခန်းမှာဘဲ နေထိုင်နေပါတယ်။ လူဦးရေအနေနဲ့ ခန့်မှန်း ၅၀၀ ကျော် နေထိုင်ပါတယ်။

"ရွာထဲမှာလည်း တစ်ချို့က အိမ်စောင့် အနည်းဆုံးတစ်ယောက်နှစ်ယောက်လောက် နေထိုင်ကြပါတယ်။

"ကျွန်တော်တို့လို ရေဘေးသင့်သူမိသားစုများအားလုံးအတွက် ယခုလို စားသောက်ဖွယ်ရာတွေနဲ့ အဝတ်အထည်များ၊ အလှူငွေများကို တတ်အားသ၍ ကူညီထောက်ပံ့လှူဒါန်းပေးသူများကို ကျေးဇူးတင်ပါတယ်။ ပြန်လည်နေထိုင်နိုင်တဲ့ အခြေအနေအထိရောက်အောင် အဓိကအနေဖြင့် ဆန်၊ ဆီ၊ ဆားအပြင် အခြားအကူအညီများ လိုအပ်နေဆဲဖြစ်ပါတယ်"ဟု ဘိန်းနွယ်ချောင်ကျေးရွာမှ ဒေသခံပြည်သူတစ်ဦးဖြစ်သူ ဦးစိုးနိုင်က ပြောသည်။

"လက်ရှိအချိန်မှာ ယင်းမာပင်မြို့နယ်အနေနဲ့ ခရိုင်အတွင်း ကနီမြို့နယ်မှအပ ဆားလင်းကြီးမြို့နယ်၊ပုလဲမြို့နယ်၊ မုံရွာမြို့နယ်တွေနဲ့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်နေပါတယ်။ ကျောက်မှော်၊ဘိန်းနွယ်ချောင်၊ ကန်ချောင်၊ မြရွှေစည်နဲ့ မြပင်စည် ကျေးရွာများက စာသင်ကျောင်း၊ ဘုန်းကြီး ကျောင်းတွေမှာ ရေးဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး ရေဘေးသင့်ဒေသခံပြည်သူ ၁၀၀၀ ကျော်ကို လိုအပ်တဲ့အကူအညီတွေ ပံ့ပိုးကူညီစောင့်ရှောက်ပေးလျက်ရှိပါတယ်"ဟု မြရွှေစည်ရေဘေးကယ်ဆယ်ရေးစခန်းမှ တာဝန်ရှိသူက ပြောသည်။ ယင်းမာပင်မြို့နယ်အတွင်း ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများကလည်း လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ရေလျော့ကျသွားသည့် ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ လမ်းများပေါ်တွင် တင်ကျန်နေသောအမှိုက်များနှင့် ရွှံ့နွံများကို ကုသိုလ်ဖြစ် ရှင်းလင်းလုပ်အားဒါနပြုပေးလျက်ရှိကြောင်းလည်း အဆိုပါတာဝန်ရှိသူက ဆက်ပြောသည်။

ယင်းမာပင်မြို့နယ် ချင်းတွင်းမြစ်ရေဝင်ရောက်မှုမှာ ယခင်နှစ်များစွာထက် ပိုမိုဆိုးရွားခဲ့ကြောင်း၊ ရေလျှံတက်ဝင်ရောက်ခဲ့သော်လည်း လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း၊ သီးနှံများအနေဖြင့်မူ ကြက်သွန်၊ မြေပဲအနည်းငယ် ပျိုးထောင်စပါးများနှင့် ကွမ်းခြံများ ပျက်စီးခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို**



ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများပေးဝေနေစဉ်။

## ရေဘေးကယ်ဆယ်ရေးစခန်းတွင် ရုပ်မြင်သံကြားပြသ



**ပဲခူး ဩဂုတ် ၅**

ပဲခူးတိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာမြို့နယ်အလိုက် ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ရေဘေးသင့်ပြည်သူများ စိတ်ပြေလက်ပျောက်ဖြစ်စေရန်အတွက် ရွေ့လျားစာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းနှင့် မိုးလေဝသနှင့် မြစ်ရေ သတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ရုပ်မြင်သံကြားဖွင့်လှစ်ပြသခြင်းများကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဩဂုတ် ၃ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲခူးမြို့ရှိ မိုးလုံလေလုံရေဘေးကယ်ဆယ်ရေးစခန်းနှင့် ကျွန်းသာယာရပ်ကွက်ရှိ မင်္ဂလာဇေယျုကျောင်းရေဘေးကယ်ဆယ်ရေးစခန်းတွင် Mobile Library များဖွင့်လှစ်ထားသည်။ ပြည်မြို့ ရွှေပလ္လင်ပေါ်ဓမ္မာရုံကယ်ဆယ်ရေးစခန်းတွင် Mobile Library ဖွင့်လှစ်ထားသည့်အပြင် ရုပ်မြင်သံကြားတပ်ဆင်၍ ဖွင့်လှစ်ပြသလျက်ရှိသည်။

ထို့အပြင် ရေဘေးကြုံနိုင်သည့် ကျေးရွာနှင့် ရပ်ကွက်များရှိ အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများထံသို့ မိုးလေဝသ သတင်းများ သိရှိနိုင်ရန် ရေဒီယိုများကိုလည်း သက်ဆိုင်ရာဒေသအာဏာပိုင်များ၊ စေတနာရှင်အလှူရှင်များနှင့် ပူးပေါင်း၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖြန့်ဝေပေးလျက်ရှိရာ ပြည်ခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးဝင်းညွန့်၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါ်ဂျမ်းဂျမ်းအေးနှင့် ခရိုင်ပြန်/ဆက် ဝန်ထမ်းများက ပြည်ခရိုင်အတွင်း ရေဘေးအန္တရာယ်ကျရောက်နိုင်သည့် ကျေးရွာခြောက်ခုမှ အုပ်ချုပ်ရေးမှူးများထံသို့ မိုးလေဝသ သတင်းများ သိရှိနိုင်ရန် FM ရေဒီယိုခြောက်လုံးကို ပေးအပ်ထားပြီး သာယာဝတီခရိုင်၊ မောင်းထောင်ကျောင်း ကယ်ဆယ်ရေးစခန်းသို့လည်း အလှူရှင် ဒေါ်နေနွယ်ဦး (မြို့နယ်ဥပဒေအရာရှိ) နှင့် ခရိုင်ရုံး ပြန်/ဆက် ဝန်ထမ်းများက ရေဒီယိုနှစ်လုံးကို ပေးအပ်ထားကြောင်းသိရသည်။ ပဲခူးမြို့နှင့် ပြည်မြို့သာမက တိုင်းဒေသကြီးအတွင်း ရေဘေးကယ်ဆယ်ရေးစခန်းများတွင်လည်း ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ပြီးဖြစ်ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## ရောဝတီမြစ်ရေမြင့်တက်ပြီး ပန်းတာအသေးကျိုးပေါက်



**မြန်အောင် ဩဂုတ် ၅**

မြန်အောင်မြို့နယ် အိုးဘိုကျေးရွာအုပ်စု ဆိုင်းစုကျေးရွာရှိ ဧရာဝတီမြစ်ကမ်းဘေး ပန်းတာအသေးသည် မြစ်ရေမြင့်တက်လာမှုကြောင့် ဩဂုတ် ၂ ရက် နံနက် ၃ နာရီခွဲခန့်တွင် ၁၀ ပေခန့် စတင်ကျိုးပေါက်သွားခဲ့ကြောင်း သိရသည်။

တာကျိုးပေါက်ပြီးနောက် မြစ်ရေများဝင်ရောက်လာပြီး နံနက် ၈ နာရီ အချိန်တွင် ၃၅ ပေ ခန့် ကျိုးပေါက်လျက်ရှိကြောင်း သိရသည်။ ပန်းတာကျိုးပေါက်မှုကြောင့် ဆိုင်စုရွာမှ အိမ်ထောင်စု ၂၀ ခန့်ကို ရေလွတ်ရာသို့ ပြောင်းရွှေ့ပေးထားကြောင်း သိရသည်။ ပန်းတာကျိုးပေါက်ရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းနှင့် အဖွဲ့က လာရောက်ကြည့်ရှုပြီး ရေဘေးသင့်အိမ်ထောင်စုများ၏ လိုအပ်ချက်များကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကနောင်မြို့အုပ်ချုပ်ရေးမှူးများက ကူညီဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ဝင်းဗိုလ်**

## သတင်းတို

### ရေဘေးသင့်ပြည်သူများအား ဆန်များလှူဒါန်း

ဧရာဝတီမြစ်ရေ မြင့်တက်လာသဖြင့် မကွေးတိုင်းဒေသကြီး သရက်မြို့ရုံးရပ်ကွက်နှင့် တောင်မင်းတည်းရပ်ကွက်အတွင်းမှ ရေလွတ်ကင်းသည့်နေရာများသို့ ပြောင်းရွှေ့နေထိုင်နေရသော မိသားစုများအား ပြည်တော်အေးရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရာဇာဦးနှင့် ရပ်ကွက်နေပြည်သူများက ဆန်အိတ် ၂၀ ဝယ်ယူကာ ဩဂုတ် ၃ ရက်က လိုက်လံလှူဒါန်းခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**



## ရေတိုက်စားသဖြင့် တံတားတစ်စင်းပြိုကျ

**ဝက်လက် ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် မူးမြစ်ရေလျှံမှုကြောင့် မုံရွာ-အရာတော်-ရွှေဘိုဖြတ်လမ်းပေါ် သမရိုးရွာနှင့် ရွှေပန်းကုံးရွာအကြားမှ တံတားတစ်စင်း ဩဂုတ် ၃ ရက်က ပြိုကျခဲ့ကြောင်း သိရသည်။

ပြိုကျသည့်တံတားမှာ အရှည် ၁၅ ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေရှိ တံတားအမှတ် (၅/၃၈) ကွန်ကရစ်တံတားငယ်ဖြစ်ပြီး တံတားတောင်ပံလေးဖက်စလုံး ရေတိုက်စားပြီး မြေသားများပဲ့ကျကာ တံတားမှာအရှေ့ဘက်သို့ နိမ့်ကျသွားခဲ့ခြင်းဖြစ်သည်။ တံတားပျက်စီးသွားသဖြင့် ယာဉ်များဖြတ်၍မရတော့ဘဲ အသွားအလာများ ပြတ်တောက်သွားကြောင်းနှင့် အဆိုပါတံတားနေရာတွင် ရွှေပန်းကုံးရဲစခန်းမှူး၊ သမရိုးနှင့် ရွှေပန်းကုံးကျေးရွာ အုပ်ချုပ်ရေးမှူး များ၊ မီးသတ်တပ်ဖွဲ့ဝင်များက စောင့်ကြပ်လျက်ရှိပြီး ရေကျလျှင်ကျချင်း ယာဉ်များဖြတ်သန်းသွားလာနိုင်စေရန် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ကြီးကြပ်မှုဖြင့် လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကောင်းဆိုးနှစ်ဖြာ အဏုမြူနည်းပညာ

အပိုင်း(၅)

သိပ္ပံစာရေးဆရာ-ကိုကိုအောင်

**ခေတ်သစ် ယူရေနီယံတူးဖော်ရေးလုပ်ငန်းများ**

သတ္တုမိုင်းများ၌ ယူရေနီယံ သတ္တုရိုင်းများကို စတင်ဖော်ထုတ်တွေ့ရှိခဲ့ကြစဉ်က ရေဒီယိုသတ္တိကြွဖြာထွက်ရောင်ခြည် သင့်ရောက်မှုခံရခြင်းသည် ကြောက်မက်ဖွယ်အလွန်ကောင်းသည့် ရောဂါဝေဒနာဆိုးကြီးများကို ခံစားကြရနိုင်သည်ကိုလည်းကောင်း၊ လူ့သက်တမ်းစေ့နေခွင့်မရဘဲ လောကကြီးကို စောစီးစွာ စွန့်ခွာသွားကြရမည်ကိုလည်းကောင်း မသိရှိခဲ့ကြပေ။

ထို့ကြောင့်ပင် ယူရေနီယံ သတ္တုမိုင်းများ၌ တူးဖော်ရေးလုပ်သားများနှင့် ကြီးကြပ်သူများသည် အကာအကွယ်တစ်စုံတစ်ရာ မရှိဘဲ လုပ်ကိုင်ကြသည့်အတွက် ရေဒီယိုသတ္တိကြွမှုနှင့် တိုက်ရိုက်ထိတွေ့ကြရသည်။ ဖြာထွက်ရောင်ခြည်များ သင့်ခြင်းကို ခံကြရသည်။

ရေဒီယိုသတ္တိကြွဖြာထွက်ရောင်ခြည်များကြောင့် ခန္ဓာကိုယ်တစ်ရှူးများပျက်စီးခြင်း၊ သွေးကင်ဆာနှင့် သိုင်းရွိုက်ကင်ဆာရောဂါအပါအဝင် ကင်ဆာရောဂါအမျိုးမျိုး၊ မျိုးဗီဇ ပြောင်းလဲခြင်းနှင့် မျိုးဗီဇထွန်းခြင်း စသောကျန်းမာရေးဆိုင်ရာ ပြဿနာများစွာနှင့် ကြုံတွေ့ခဲ့ကြရသည်။ မိသားစုဘဝ၏ ပျော်ရွှင်မှုများ ဆိတ်သုဉ်းပြီး စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများကိုပါ ခံစားခဲ့ကြရသည်။

ကမ္ဘာပေါ်ရှိ ဒေသအများအပြားတွင် ယူရေနီယံ သတ္တုသိုက်များ တည်ရှိနေကြသည့်အနက် အများစုသော သတ္တုသိုက်များ၌ အဆင့်နိမ့်ယူရေနီယံများဖြစ်သည့် U-238 ကိုသာ တူးဖော်ရရှိသည်။ သို့ရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ သတ္တုသိုက်များ၌မူ အဆင့်မြင့် ယူရေနီယံဖြစ်သော U-235 ကို တူးဖော်ရရှိသည့်အတွက် ရေဒီယိုသတ္တိကြွဖြာထွက်ရောင်ခြည်သင့်နိုင်သော အခွင့်အလမ်းပို၍ များပြားသည်။

U-235 သည် အဏုမြူဗုံး ထုတ်လုပ်ရန် အသင့်အနေအထား၌ပင် ရှိနေသည်ဖြစ်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း ကဲ့သို့သော လုပ်ငန်းများ၌ သုံးစွဲနိုင်ရန် အခြားသော အဆင့်နိမ့်ယူရေနီယံများနှင့် ရောနှောပြုပြင်ကြရသည်။ ယူရေနီယံသတ္တု၏ ပင်ကိုသဘာဝအရ အဆင့်နိမ့်သည်ဖြစ်စေ၊ အဆင့်မြင့်သည်ဖြစ်စေ၊ ရေဒီယိုသတ္တိကြွရောင်ခြည်များ ဖြာထွက်မှုကမူ အမြဲတမ်းပင်ရှိနေသည်။

အဆင့်နိမ့် ယူရေနီယံကို အဆင့်မြင့်ယူရေနီယံအဖြစ်သို့ တစ်နည်းဆိုရသော် အဏုမြူလောင်စာအဖြစ်သို့ သန့်စင်ပြုပြင်သည့် လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင်လည်း မြေထု၊ လေထုနှင့် ရေထုများအတွင်းသို့ ရေဒီယိုသတ္တိကြွရောင်ခြည်များ ဖြာထွက်ရောက်ရှိနိုင်ခြေအလွန်များပြားလှသည်။

ထို့ကြောင့်ပင် ခေတ်သစ်ယူရေနီယံတူးဖော်ရေးလုပ်ငန်းခွင်များ၌ ရေဒီယိုသတ္တိကြွရောင်ခြည်သင့်ရောက်မှုကို ကာကွယ်ထားသည့် ဝတ်စုံများကို ဝတ်ဆင်ထား စေရုံမျှမက သတ္တုတူးဖော်ခြင်း၊ ခွဲထုတ်ခြင်း၊ နေရာချခြင်း၊ ရွှေ့ပြောင်းခြင်း၊ သယ်ယူခြင်း စသောအနီးကပ်ထိတွေ့ရသည့်လုပ်ငန်းများတွင် စက်ရုပ်လက်တံများကို အသုံးပြုလာကြသည့်အတွက် သတ္တုမိုင်းများ၌ ဖြာထွက်ရောင်ခြည်သင့်နိုင်သော အလားအလာများကို လျှော့ချလာနိုင်ခဲ့သည်။

တူးဖော်ရရှိသော ယူရေနီယံသတ္တုရိုင်းများကို သိုလှောင်ရုံများ၊ ဆိပ်ကမ်းများ၊ သန့်စင်ရေး စက်ရုံများစသည်တို့သို့ တင်ပို့၊ သယ်ယူ၊ ရွှေ့ပြောင်းရာ၌ အခြားသော ကုန်ပစ္စည်းများကဲ့သို့ အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်များကို အသုံးပြု၍ မရနိုင်ပေ။

အများပြည်သူကို အန္တရာယ်ဖြစ်စေနိုင်သော ကုန်စည်များဖြစ်သည့်အတွက် သီးသန့် ယာဉ်များဖြင့်သာ စနစ်တကျ၊ နည်းလမ်းတကျ သယ်ယူရွှေ့ပြောင်းပို့ဆောင်ကြရသည်။ သို့ဖြစ်၍ယူရေနီယံကုန်ကြမ်းနှင့် ကုန်ချောများ သယ်ယူပို့ဆောင်ခြင်းသည် ကုန်ကျစရိတ်အလွန်ကြီးမားသော လုပ်ငန်းများဖြစ်ကြသည်။

ယူရေနီယံသတ္တုကို တူးဖော်သည်မှစ၍ အဏုမြူလောင်စာများဖြစ်သည်အထိ အဆင့်ဆင့်သောလုပ်ငန်းစဉ်များ၌လုပ်ကိုင်နေကြသော လုပ်သားများသည်လည်း အသက်အန္တရာယ်အလွန်နီးသည့်အလုပ်ကို စွန့်စွန့်စားစားလုပ်ကိုင်နေကြရသည့် အားလျော်စွာ၊ သတ္တုမိုင်းပိုင်ရှင်များက လုပ်သားများကို အထူးလစာနှင့် စရိတ်၊ အထူးခံစားခွင့်၊ ဆေးဝါးကုသခွင့်၊ နာမကျန်းရက်ရှည်နားရက်ခံစားခွင့်၊ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် လျော်ကြေးရပိုင်ခွင့်စသော အခွင့်အရေးများစွာတို့ကို ပေးအပ်ထားကြရသည်။

ဤကဲ့သို့သော လုပ်ငန်းခွင်ခံစားခွင့်များကို သူမတူအောင် လိုက်လျောပေးကြရသည့်တိုင် အကျိုးအမြတ်ရရှိမှုအလွန်ကြီးမားသော ယူရေနီယံ တူးဖော်ရေးလုပ်ငန်းများက သတ္တုမိုင်းပိုင်ရှင်များကို တစ်နေ့တခြားပို၍ ချမ်းသာကြွယ်ဝလာစေသည်။ တစ်နည်းဆိုရသော် အရင်းအနှီးနှင့်ကုန်ကျစရိတ်အလွန်များပြားမြင့်မားလှသော ယနေ့ခေတ်ယူရေနီယံသတ္တုတူးဖော်ရေးလုပ်ငန်းများသည် စီးပွားရေးလောက၌ ခေတ်သစ်သန်းကြွယ်သူဌေးများစွာတို့ကို ပေါ်ထွက်လာစေခဲ့ပြီဖြစ်ပေသည်။



**အဏုမြူစွမ်းအင်နှင့်ရေဒီယိုသတ္တိကြွရောင်ခြည်**

အဏုမြူနည်းပညာသုံးစွမ်းအင် ထုတ်လုပ်သည့်လုပ်ငန်းစဉ်များသည်လည်းကောင်း၊ အဏုမြူစွမ်းအင်အတွက်အဓိကကုန်ကြမ်းဖြစ်သည့် ယူရေနီယံသတ္တုတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများသည် လည်းကောင်း၊ ယူရေနီယံသတ္တုကို အဆင့်ဆင့်သန့်စင်သည့်လုပ်ငန်းစဉ်များသည်လည်းကောင်း၊ ဓာတ်ပေါင်းဖိုများအတွင်း၌ အဏုမြူလောင်စာများ၏ ဓာတ်ပြုဖြစ်စဉ်များသည် လည်းကောင်း၊ အဆင့်နိမ့် ယူရေနီယံများဖြစ်သည့် ရေဒီယိုအိုင်ဆိုတုပ်များကိုအသုံးပြုသော ရောဂါရှာဖွေရေးလုပ်ငန်းနှင့် ကင်ဆာဆဲလ်များကို ဖျက်ဆီးသည့်လုပ်ငန်းစဉ်များအားလုံးတို့သည်လည်းကောင်း၊ အဏုမြူလုပ်ငန်းသုံးပစ္စည်းအကြွင်းအကျန်များကို စွန့်ပစ်ခြင်းများသည်လည်းကောင်း၊ ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်သို့ရေဒီယို သတ္တိကြွရောင်ခြည်များ ယိုစိမ့်ပျံ့နှံ့လာနိုင်သော အရင်းအမြစ်များပင် ဖြစ်ကြသည်။

သာမန်အဆင့်နိမ့်ယူရေနီယံများဖြစ်ကြသော ယူရေနီယံသတ္တုရိုင်းများကို တူးဖော်သည့်သတ္တုမိုင်းများ၌ ပင် ရေဒီယိုသတ္တိကြွမှုများနှင့် ထိတွေ့နေကြရသည်ဖြစ်ရာ ရုရှားနိုင်ငံ၏ သဘာဝတွင်းထွက် U-235 ကဲ့သို့သော အဆင့်မြင့်ယူရေနီယံများကို တူးဖော်နေကြသည့် သတ္တုမိုင်းများ၌ဆိုလျှင် ရေဒီယိုသတ္တိကြွမှုများနှင့် ထိတွေ့နိုင်ခြေမှာ မည်မျှအလေးသာနေမည်ကို မှန်းဆနိုင်သည်။

ကမ္ဘာပေါ်ရှိယူရေနီယံသတ္တုမိုင်းများသည် တူးဖော်ရေးလုပ်သားများအတွက် ရေဒီယိုသတ္တိကြွရောင်ခြည်နှင့် ထိတွေ့နိုင်သည့်အခွင့်အလမ်းများကို ဖန်တီးပေးနေသော နေရာများဖြစ်ကြသလို မြေထု၊ လေထုနှင့် ရေထုတို့မှတစ်ဆင့် အနီးပတ်ဝန်းကျင်ဒေသများသို့ ရေဒီယိုသတ္တိကြွရောင်ခြည်ပျံ့လွင့်နိုင်သည့် အန္တရာယ်များကိုလည်း ဖိတ်ခေါ်လျက်ရှိနေကြသည်။

အဏုမြူ စွမ်းအင်ထုတ်ယူအသုံးပြုနိုင်ရေးအတွက် အခြေခံကုန်ကြမ်းဖြစ်သော ရေဒီယိုသတ္တိကြွသတ္တုများကို စတင်တူးဖော်သည်မှစ၍ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ သန့်စင်ခြင်း၊ ထုပ်ပိုးခြင်း၊ ဓာတ်ပြုစေခြင်း၊ စွမ်းအင်ထုတ်ယူခြင်း၊ အသုံးချခြင်း၊ စွန့်ပစ်ခြင်းစသည့် အဆင့်ဆင့်သော လုပ်ငန်းစဉ်တစ်လျှောက်လုံးသည် ရေဒီယိုသတ္တိကြွရောင်ခြည်သင့်နိုင်သော ခရီးရှည်ကြီးတစ်ခုပင်ဖြစ်သည်။

အဏုမြူရောင်ခြည်၊ ရေဒီယိုသတ္တိကြွရောင်ခြည်၊ ဖြာထွက်ရောင်ခြည်၊ ဓာတ်ရောင်ခြည်စသည်ဖြင့် အမျိုးမျိုးခေါ်ဝေါ်သုံးနှုန်းနေကြသော အန္တရာယ် အလွန်ကြီးမားသည့် ရောင်ခြည်များသည် လုပ်ငန်းခွင်အတွင်းရှိ လုပ်သားများနှင့် တစ်ကြိမ်မဟုတ်တစ်ကြိမ် ထိတွေ့မိကြလေ့ရှိသည်။

ထိုရောင်ခြည်နှင့်ရေဒီယိုသတ္တိကြွ အမှုန်အမွှားများသည် လေထုထဲသို့လည်းကောင်း၊ ရေထုထဲသို့လည်းကောင်း၊ မြေထုထဲသို့လည်းကောင်း လွယ်လင့်တကူစိမ့်ဝင်ပျံ့နှံ့နိုင်သည့်အတွက် လူသားများထံသို့သာမကဘဲ အိမ်မွေးတိရစ္ဆာန်များ၊ သဘာဝ တောရိုင်းတိရစ္ဆာန်များ၊ လေတွင်ပျံဝဲသောကျေးငှက်များ၊ ရေနေသတ္တဝါများ၊ ကုန်းတစ်ပိုင်းရေတစ်ပိုင်းသတ္တဝါများ၊ တွင်းအောင်းသတ္တဝါများ၊ ကပ်ပါးပိုးနှင့်အဏုဇီဝ ပိုးများစသော သတ္တလောက၏ ဇီဝရုပ်များကို အချိန်တိုအတွင်းမှာပင် ဘေးအန္တရာယ်ကျရောက်စေနိုင်သည်။

ရေဒီယိုသတ္တိကြွ ရောင်ခြည်ခေါ် အဏုမြူရောင်ခြည်များသည် လုပ်ငန်းခွင်အတွင်း၌လည်းကောင်း၊ လုပ်ငန်းခွင်နှင့်မသက်ဆိုင်သော ပြင်ပနေရာများသို့လည်းကောင်း၊ လူမှုအဖွဲ့အစည်းအတွင်းသို့လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်သို့လည်းကောင်း၊ ကောက်ပဲသီးနှံစိုက်ခင်းများဆီသို့လည်းကောင်း အကြောင်းအမျိုးမျိုးဖြင့် ပျံ့နှံ့ရောက်ရှိလာနိုင်သည်။

ယိုစိမ့်ခြင်း၊ အကာအကွယ်မဲ့ခြင်း၊ လုံလောက်သော အကာအကွယ်မရှိခြင်း၊ တင်းကျပ်သော စည်းကမ်းများသတ်မှတ်ထုတ်ပြန်ထားမှုမရှိခြင်း၊ လုပ်ငန်းခွင်စည်းကမ်းလိုက်နာမှုအားနည်းခြင်း၊ ဖြစ်နိုင်ခြေအပေါ်လျှော့တွက်မိခြင်း၊ ကွန်ပျူတာ ထိန်းချုပ်စနစ်ချွတ်ယွင်းခြင်း၊ တာဝန်လွှဲပြောင်းလက်ခံမှု စနစ်တကျမရှိခြင်း၊ လွှဲပြောင်းလက်ခံ မှတ်တမ်းမပြည့်စုံခြင်းစသော အကြောင်းများသည် အဏုမြူနည်းပညာဆိုင်ရာ လုပ်ငန်းခွင်များအတွင်း အဏုမြူရောင်ခြည်များနှင့် ထိတွေ့မှုကို ဖြစ်ပေါ်လာစေနိုင်သည်။

ရေဒီယိုအိုင်ဆိုတုပ်များကို အသုံးပြုသည့်ကျန်းမာရေးစစ်ဆေးမှုဆိုင်ရာ စက်ကိရိယာများ၊ ရောဂါရှာဖွေရေးပုံရိပ်ဖော်စက်များ၊ ကင်ဆာဆဲလ်ဖျက်ဆီးသည့်စက်များ၊ သိပ္ပံသုတေသနဆိုင်ရာ စက်ကိရိယာများ၊ အာကာသစီမံကိန်းဆိုင်ရာ စက်ကိရိယာများ၊ ရှေးဟောင်းပစ္စည်း သက်တမ်းဖော်ထုတ်သည့် စက်ကိရိယာများ၊ အဏုမြူ စွမ်းအင်သုံးအင်ဂျင်များစသည်တို့ ပြင်းထန်စွာထိခိုက်ပျက်စီးသည့်အခါများ၌လည်း လုပ်ငန်းခွင်နှင့် မသက်ဆိုင်သော နေရာများနှင့်လူမှုအဖွဲ့အစည်းများ အတွင်းသို့ အဏုမြူရောင်ခြည်များ ပျံ့နှံ့ရောက်ရှိလာနိုင်သည်။

ငလျင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြောင့် အဏုမြူဓာတ်ပေါင်းဖိုများ အက်ကွဲခြင်း၊ ပြိုကျခြင်း၊ လုပ်ငန်းခွင်မတော်တဆမှုကြောင့် ဓာတ်ပေါင်းဖိုများ ပေါက်ကွဲခြင်းစသော ဖြစ်စဉ်မျိုးများကမူ လူနှင့်တိရစ္ဆာန် အများအပြားကို ဘေးသင့်စေခြင်း၊ ပြင်းထန်သော ရောဂါများဖြစ်ပွားစေခြင်း၊ အဏုမြူရောင်ခြည်သင့် ဝေဒနာများကို ကာလကြာရှည်စွာ ခံစားကြရစေခြင်း၊ အသက်သေဆုံးစေခြင်း၊ သစ်ပင်ပန်းမန်နှင့်ကောက်ပဲသီးနှံများကို အကြီးအကျယ် ပျက်စီးဆုံးရှုံးစေခြင်း၊ မြေဆီလွှာကို ပျက်သုဉ်းစေခြင်း၊ မြေထု၊ လေထုနှင့် ရေထုများအတွင်း အဆိပ်သင့်စေခြင်းစသည့်တန်ဖိုးသင့်၍ မရနိုင်သော ပျက်စီးဆုံးရှုံးမှုကြီးများကို ဖြစ်ပေါ်စေသည်။

အဏုမြူဓာတ်ပေါင်းဖိုများ အက်ကွဲပျက်စီးမှုနှင့် ပေါက်ကွဲမှုများ၏ အကျိုးဆက်များအဖြစ် ရေဒီယိုသတ္တုကြွရောင်ခြည်ပျံ့နှံ့ရာ ဒေသများတွင် သွေးကင်ဆာ၊ သိုင်းရွိုက်ကင်ဆာ၊ ရင်သားကင်ဆာ ရောဂါများခံစားနေကြရသော ဝေဒနာရှင်များကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်သလို အလွန်သနားစရာ ကောင်းလှသည့် ဦးခေါင်းခွံအရွယ်အစားကြီးနေသော ကလေးများ၊ မျက်လုံးအိမ် သဏ္ဌာန်မမှန်သော ကလေးများ၊ မျက်နှာပုံစံသွင်ပြင်မှုမမှန်သော ကလေးများ၊ ခြေလက်တိုနေသော ကလေးများ၊ ခြေချောင်း မစုံလင်သောကလေးများကိုလည်း တွေ့မြင်နိုင်သည်။

တိရစ္ဆာန်လောက၌လည်း ရေဒီယိုသတ္တိကြွရောင်ခြည်သင့်ခြင်း၏ ပြယုဂ်များအဖြစ် ဦးခေါင်းနှစ်လုံးပါသော နွားကလေးများ၊ခြေထောက်ခြောက်ချောင်း၊ ခုနစ်ချောင်းအထိရှိသော သမင်ကလေးများနှင့် သိုးကလေးများ၊ မျက်လုံးနှစ်ဖက် ပူးကပ်နေသောခြေလေးချောင်းသတ္တဝါကလေးများစသည်တို့ကို တွေ့မြင်နိုင်သည်။

အလားတူပင် ဓာတ်မှန်ရိုက်သည့်စက်ကဲ့သို့သော အဏုမြူရောင်ခြည်သုံး စက်ပစ္စည်းကိရိယာ အဟောင်းများကို ထုခွဲဖျက်ဆီးမိသောကြောင့် ရေဒီယိုသတ္တိကြွရောင်ခြည်သင့်ခြင်းကို ဆိုးဆိုးရွားရွားခံလိုက်ရကာ ခြေလက်စသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများကို နာရီပိုင်းအတွင်း၌ ဖြတ်တောက်ပစ်လိုက်ရသည့်အတွက် လူကောင်းပကတိမှဒုက္ခိတဖြစ်သွားကြရသူတို့ကိုလည်း ကမ္ဘာအရပ်ရပ်၌ အများအပြား တွေ့မြင်နိုင်သည်။

သို့ဖြစ်၍အဏုမြူနည်းပညာကို အသုံးချတော့မည်ဆိုလျှင် တစ်နည်းအားဖြင့် အဏုမြူစွမ်းအင်ကို ထုတ်လုပ် ရယူသုံးစွဲတော့မည်ဆိုလျှင် အဏုမြူရောင်ခြည်ခေါ် ရေဒီယိုသတ္တိကြွဖြာထွက်ရောင်ခြည်၏ အန္တရာယ်ကို ဥပေက္ခာပြုထား၍ ရနိုင်မည်မဟုတ်ပေ။

## ဓမ္မကထိက ဝါတွင်းသင်တန်း ဖွင့်လှစ်မည်

**မန္တလေး ဩဂုတ် ၅**

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿျခံ တပည့် မန္တလေးမြို့ သာသနဟိတရေ ဓမ္မကထိက မိုးကုတ်ဝိပဿနာပဋိစ္စသမုပ္ပာဒ် သင်တန်းကျောင်း နည်းပြ ပဓာနနာယက ဘဒ္ဒန္တဒေါက်တာ သုဝဏ္ဏ(ရွှေသုဝဏ်-မန္တလေး) သာသနဇဗ္ဗမွှာစရိယ အရှင်မြတ်က ဝါတွင်းကာလသင်တန်းအဖြစ် မြန်မာပြည်အရပ်ရပ်ရှိ စာသင်သားရဟန်းသံဃာတော်များနှင့် နယ်ကျောင်းထိုင် ဆရာတော်များ သာသနာပြုရာတွင် အထောက်အကူဖြစ်စေရန်အကျိုးငှာ ဝါတွင်းသီတင်းစဉ်သီးခြားသင်တန်းအဖြစ် ဩဂုတ် ၈ ရက်၌ ပို့ချသင်ကြားသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းတက်ရောက်လိုသော သံဃာတော်များအနေဖြင့် ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်-တမာတန်း အရှေ့ဘက် မဟာကိုးဆူတိုက် မြသရဖူကျောင်းတွင် သာသနာဝင်စစ်ဆေးရေးကတ်မိတ္တူတစ်စောင်နှင့်အတူ ပတ်စ်ပို့ဓာတ်ပုံလေးပုံ ယူဆောင်ကာ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

# သီတဂူသာသနာပြုအဖွဲ့က ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေ ကျပ်သိန်းတစ်ရာနှင့် ဆန်အိတ်တစ်ရာ လှူဒါန်း

**ဘားအံ ဩဂုတ် ၅**

ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် သီတဂူဆရာတော်ဦးဆောင်သော သီတဂူသာသနာပြုအဖွဲ့က အလှူငွေကျပ်သိန်း ၁၀၀၊ ဆန်အိတ် ၁၀၀ နှင့် အစားအသောက်၊ အဝတ်အထည်များ၊ ဆေးဝါးမျိုးစုံနှင့် သောက်ရေသန့်များကို ရွှေယဉ်မျှော်ဘုရား ရေဘေးကယ်ဆယ်ရေးစခန်း၌ ဩဂုတ် ၃ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

ရန်ပုံငွေလှူဒါန်းပွဲတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ဒေါက်တာအရှင်သုဇာတလင်္ကာရက ပြည်နယ် လူမှုရေးဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ရွှေယဉ်မျှော်ဘုရား ရေဘေးကယ်ဆယ်ရေးစခန်းမှ ရေဘေးသင့်ပြည်သူများအား တရားတော်များ ဟောကြားသည်။ ထို့နောက် သီတဂူဆရာတော်ကြီးကိုယ်စား ဒေါက်တာအရှင်သုဇာတလင်္ကာရ၊ အရှင်တေဇနိယ၊ သီတဂူဦးကျော်ရှိန်နှင့် ဦးစောကျော်ငြိမ်းတို့က အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းရာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်နှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောခင်မောင်မြင့်တို့က လက်ခံရယူကြသည်။ ထို့အတူ ကမ္ဘာ့ရတနာဘဏ်၊ ရတနာနှလုံးသားအဖွဲ့အစည်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အဖွဲ့ကလည်း ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၃၀၊ ဆီ ၂၅၀ ဘူး၊ ခေါက်ဆွဲခြောက်သုံးဖာနှင့် မုန့်များ ထောက်ပံ့ပေးအပ်ခဲ့သည်။




ဘားအံမြို့နယ်တွင် ယာယီရေဘေးစခန်း ၁၀ ခု ဖွင့်လှစ်ထားပြီး အိမ်ထောင်စု ၁၂၀၀ ကျော်မှ လူဦးရေ ၆၅၀၀ နီးပါးရှိကြောင်း သိရသည်။ လှိုင်းဘွဲ့မြို့နယ်တွင် ရွှေဂွန်းမြို့အထက်ဘုန်းကြီးကျောင်း၌ ရေဘေးကယ်ဆယ်ရေးစခန်းတစ်ခုရှိပြီး အိမ်ထောင်စု ၁၂၁ စုမှ ရေဘေးသင့် ပြည်သူ၅၈၅ဦးရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ကော့သောင်းမိုဘိုင်းအဖွဲ့ ကွင်းဆင်းစစ်ဆေး

**ကော့သောင်း ဩဂုတ် ၅**

စားသုံးသူကာကွယ်ရေးနှင့် နယ်စပ်ဒေသများတွင် တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများ မဖြစ်ပေါ်စေရေး၊ ကော့သောင်းမြို့မှတဆင့် ပြည်တွင်းသို့ ကုန်ပစ္စည်းများတင်သွင်းမည့် သင်္ဘောများမှ ကုန်ပစ္စည်းများအပေါ် နိုင်ငံတော်သို့ ပေးသွင်းရမည့်အခွန်အခများ ပေးသွင်းမှုအထောက်အထားများနှင့် တင်ဆောင်သည့် ကုန်ပစ္စည်းအမျိုးအမည် မှန်ကန်ကိုက်ညီမှု ရှိမရှိ၊ ကန့်သတ်တားမြစ်ထားသည့် ကုန်ပစ္စည်းများ တင်ဆောင်ကုန်သွယ်ခြင်းရှိ မရှိတို့ကို ကုန်သွယ်ရေးစခန်း(ကော့သောင်း) Mobile Team အဖွဲ့က ဩဂုတ် ၃ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ပါချန်မြစ်အတွင်း ဆိုက်ကပ်ကုန်တင်၍ ပြည်တွင်းသို့ဝင်ရောက်မည့် ကုန်တင်သင်္ဘောများပေါ်သို့ သွားရောက်ပြီး တင်ဆောင်ထားသော ကုန်ပစ္စည်းများကို ကြပ်မတ်စစ်ဆေးခဲ့ခြင်းဖြစ်သည်။ တစ်ဖက်နိုင်ငံမှ ဝင်ရောက်လာသည့် ကုန်ကဲ့လှေများတွင် တရားမဝင်ကုန်စည်များ တင်သွင်းလာမှု ရှိ မရှိနှင့် မိမိနိုင်ငံမှ တစ်ဖက်နိုင်ငံသို့ ကုန်ပစ္စည်းများ သွားရောက်ပို့ဆောင်ရောင်းဝယ်မည့် လှေငယ်များတွင် တရားဝင်ကုန်သွယ်မှုများ ရှိ မရှိတို့ကိုလည်း ပါချန်မြစ်ကြောင်းတစ်လျှောက် စက်လှေဖြင့် လှည့်လည်စစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ကောလင်းမြို့နယ်မှ ရေဘေးသင့်ပြည်သူများအားလှူဒါန်း

**ကောလင်း ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ်အတွင်းမှ ရေဘေးသင့် ပြည်သူများအား ကသာမြို့နယ်ရှိ ဧရာကမ်းသာ လူမှုကူညီရေးအဖွဲ့က ဩဂုတ် ၂ ရက်က သွားရောက်လှူဒါန်းခဲ့သည်။

ကသာခရိုင် ကောလင်းမြို့နယ်ရှိ ရေလွှမ်းမိုးခံရသော ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများအတွက် ကသာမြို့နယ် ဧရာကမ်းသာ လူမှုကူညီရေးအဖွဲ့က ကသာမြို့တွင်း၌ အလှူခံခဲ့ကြပြီး စေတနာရှင်ပြည်သူများက ဆန်၊ ဆီ၊ ဆား၊ ငပိနှင့် ခေါက်ဆွဲခြောက်ထုပ်များ၊ အဝတ်အထည်နှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ အလှူငွေများကို အားတက်သရော ထည့်ဝင်လှူဒါန်းခဲ့ကြကြောင်း၊ စုစုပေါင်းကာလတန်ဖိုး ကျပ်သိန်း ၆၀ ခန့်ရှိသော လှူဒါန်းငွေနှင့် ပစ္စည်းများကို ဧရာကမ်းသာ လူမှုကူညီရေးအဖွဲ့က ဦးဆောင်ပြီး စေတနာရှင် လူငယ်များက ရေဘေးသင့်ပြည်သူများထံသို့ အရောက်သွားကာ လှူဒါန်းခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**ဖိုးနိုင်(ကသာ)**

# ကနီမြို့တွင် ရေဘေးသင့်ပြည်သူများအား လှူဒါန်း

**ကနီ ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းမှ ပြည်သူများအတွက် အစားအသောက်နှင့် အဝတ်အထည်အပါအဝင် ထောက်ပံ့ပစ္စည်းများကို အလှူရှင်များက လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ကနီမြို့တွင် ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် အမှတ်(၂)ရပ်ကွက် ဓမ္မပါလသာသနာ့ဗိမာန်နှင့် အမှတ်(၁) အထကကျောင်းများတွင် ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူများကို စောင့်ရှောက်ထားလျက်ရှိရာ အဆိုပါ ကယ်ဆယ်ရေးစခန်းများသို့ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ တစ်ဦးချင်းအလှူရှင်များနှင့် မြို့နယ်မှ ဆရာတော်သံဃာတော်များက လှူဒါန်းနေကြခြင်းဖြစ်သည်။

အဆိုပါ အဖွဲ့အစည်းများနှင့် အလှူရှင်များက ဆန်၊ ရေသန့်နှင့် အလွယ်တကူ ချက်ပြုတ်စားသောက်နိုင်သော ခေါက်ဆွဲခြောက်များ၊ ငါးသေတ္တာဘူးများ၊ ကုလားပဲများ၊ ချက်ပြီးထမင်းဟင်းများကို ရေဘေးကယ်ဆယ်ရေးစခန်းများ အရောက် သွားရောက်လှူဒါန်း ပေးအပ်လျက်ရှိသည်။ မြို့နယ်အတွင်းမှ ချင်းတွင်းမြစ်ရေဝင်ရောက်သည့် အခြားကျေးရွာများသို့လည်း လှူဒါန်းထောက်ပံ့သွားနိုင်ရန်အတွက် မြို့နယ်ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကနီမြို့နယ် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တရားဝင်ထုတ်ပြန်ချက်အရ ကနီမြို့၌ ချင်းတွင်းမြစ်ရေသည် ဩဂုတ် ၃ ရက် နံနက် ၂ နာရီတွင် ၁၃၉၃ စင်တီမီတာအထိ ရောက်ရှိခဲ့ပြီး ညနေ ၆ နာရီတွင် ၁၃၇၉ စင်တီမီတာအထိ ကျဆင်းခဲ့သော်လည်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

**သန်းဋ္ဌေးအောင်(ကနီ)**

# ကျွန်းပျိုးပင် ၈၀၀၀ ကျော်ကို အခမဲ့လိုက်လံဖြန့်ဝေ

**ပန်းတောင်း ဩဂုတ် ၅**

ပဲခူးတိုင်းဒေသကြီး(အနောက်) ပြည်ခရိုင် ပန်းတောင်းမြို့နယ်အတွင်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ကျွန်းပျိုးပင် ၈၀၀၀ ကျော်ကို မြို့နယ်သစ်တောဦးစီးဌာနက ဩဂုတ် ၃ ရက်တွင် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နေပြည်သူများအနေဖြင့် မိမိတို့ခြံဝန်းအတွင်း၌ တစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်ရန်အတွက် ပျိုးပင်များ ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း သိရသည်။ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးဇော်မင်းထွန်းနှင့် သစ်တောဝန်ထမ်းများ၊ ရွှေပင်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရန်အောင်တို့က ပျိုးပင်များကို မော်တော်ယာဉ်နှစ်စီးဖြင့်တင်ဆောင်၍ ဥသျှစ်ပင်မြို့နယ် စည်ပင်သာယာဈေးနှင့် လူစည်ကားရာ နေရာများတွင် ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

**အောင်မြင့်**


## Alpine သောက်ရေသန့်မိသားစုမှ Alpine ရေသန့်များ လှူဒါန်းလိုပါသည်

မြန်မာနိုင်ငံတစ်ဝန်းတွင် ဖြစ်ပေါ်လျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် Alpine သောက်ရေသန့်မိသားစုမှ Alpine ရေသန့်များ လှူဒါန်းလိုပါသည်။

သို့ပါ၍ ကိုယ်တိုင်သွားရောက်လှူဒါန်းမည့် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအား Alpine သောက်ရေသန့်များ အခမဲ့လာရောက်ထုတ်ယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

- Alpine 20 Litre ပုံးများ
- Alpine 5 Litre ပုံးများ
- Alpine 1 Litre ပုလင်းများ

**ရန်ကုန်ရုံးချုပ်**

**အမှတ်(၁၁၇)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၂၁၁၈၀၈၇၅၊ ၀၉-၇၈၂၁၃၆၆၉၁**

MIZUHO

AYA Bank
ဧရာဝတီဘဏ်
Your Trusted Partner

# Congratulations!

MIZUHO Bank Yangon Branch

Opening Ceremony and Signing Ceremony

of Banking Service Agreement between

MIZUHO Bank and AYA Bank












3rd August 2015

Sedona Hotel Yangon

## ရေကြီးရေလျှံမှုများကြောင့် လမ်းနှင့်လယ်ယာမြေ ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်ရေး သက်ဆိုင်ရာဌာနများနှင့် ဒေသခံပြည်သူများ ညှိနှိုင်း

စာမျက်နှာ ➢ ၃

## ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းလုပ်ငန်းများကြောင့် ယခုမှစ၍ ၂၀၂၅ ခုနှစ်အတွင်း ဒေသခံပြည်သူများအတွက် အလုပ်အကိုင်ပေါင်း သုံးသိန်းခန့် ဖန်တီးပေးနိုင်မည်

စာမျက်နှာ ➢ ၆

# သဘာဝဘေးစိုးရိမ်ရ၍ ညောင်တုန်း၌ ကယ်ဆယ်ရေးစခန်း(၁၀)ခုဖွင့်



**ရန်ကုန် ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့သည် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသောကြောင့် ဩဂုတ် ၂ ရက်က သက်ကြီးရွယ်အိုနှင့်အမျိုးသမီးများ၊ ကလေးသူငယ်များကို ယာယီပြောင်းရွှေ့နေထိုင်နိုင်ရန် နေရာလေးနေရာမှ ဩဂုတ် ၅ ရက်တွင် ရပ်ကွက် ၁၀ ခုအတွက် နေရာ ၁၀ နေရာသတ်မှတ်ဖွင့်လှစ်ခဲ့ပြီးယာယီဆေးရုံအဖြစ် ပြောင်းရွှေ့သတ်မှတ်ထားကြောင်း သိရသည်။

ယခင်ရက်ပိုင်းက အမှတ်(၄)ရပ်ကွက်ဓမ္မာရုံ၊ ရွှေဟင်္သာတောရကျောင်း၊ မန္တလေးကျောင်းနှင့် သဲအင်းဂူရိပ်သာတို့၌ ယာယီကယ်ဆယ်ရေးစခန်းအဖြစ် ဖွင့်လှစ်ခဲ့ရာမှ ယနေ့တွင် (၁) ရပ်ကွက်ရှိ ရွှေတောင်တန်းဓမ္မာရုံ၊ သွန်းဘုရားကြီး၊ အမှတ်(၃)ရပ်ကွက် ကလောကျောင်းစာသင်တိုက်၊ အမှတ်(၄)ရပ်ကွက်ဓမ္မာရုံ၊ အမှတ်(၅)ရပ်ကွက် ဝေဠုဝန်ကျောင်းသာသနာ့ဗိမာန်တော်၊ အမှတ်(၆)ရပ်ကွက်မန္တလေးကျောင်း၊ အမှတ်(၇)ရပ်ကွက် ရွှေဟင်္သာတောရကျောင်း၊ အမှတ်(၈)ရပ်ကွက် အမှတ်(၁)အထက်တန်းကျောင်းအပေါ်ထပ်၊ အမှတ်(၉)ရပ်ကွက် နိဗ္ဗာနရုံကျောင်းနှင့် သောင်ရင်းကျောင်းနှင့် သဲအင်းဂူရိပ်သာတို့၌ ကယ်ဆယ်ရေးစခန်းအဖြစ် သတ်မှတ်ဖွင့်လှစ်ခဲ့ပြီး စာမျက်နှာ ၅ ကော်လံ ၅ ✻

## မြန်မာယူ-၁၆ အသင်း ဆီမီးတက်

**ဖနောင်ပင် ဩဂုတ် ၅**

အာဆီယံယူ-၁၆ ပြိုင်ပွဲ အုပ်စု(ခ) နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကမ္ဘောဒီးယားနိုင်ငံ၌ ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းသည် အိမ်ရှင် ကမ္ဘောဒီးယားအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးသို့တက်ရောက်သွားပြီဖြစ်သည်။ အနိုင်ဂိုးများကို ၁၆ မိနစ် တွင် ပြည့်စုံနိုင်၊ ၂၀ မိနစ်တွင် ဝင်းနိုင်ထွန်း၊ ၅၄ မိနစ်တွင် အောင်ချစ်ဦးကိုကိုတို့က သွင်းယူခဲ့သည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က)တွင် လာအိုက ပထမ၊ ထိုင်းက ဒုတိယ၊ အုပ်စု (ခ)တွင် ဩစတြေးလျကပထမ၊ မြန်မာက ဒုတိယရရှိခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၇ရက်တွင် ကျင်းပမည်ဖြစ်ပြီး လာအိုနှင့် မြန်မာ၊ ဩစတြေးလျနှင့် ထိုင်းတို့ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

## ရေနစ်မြုပ်လယ်မြေများ အချိန်မီစိုက်ပျိုးနိုင်ရေး ပျဉ်းမနားထွန်စက်ခန်းများမှ ထွန်စက်များထွက်ခွာ

**နေပြည်တော် ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ တောင်သူများ၏ ရေကြီးနစ်မြုပ်လယ်မြေများကို မိုးစပါးစိုက်ပျိုးချိန်အမီ ထွန်ယက်ရေးလုပ်ငန်းများ အလျင်အမြန် ဆောင်ရွက်နိုင်ရန်အတွက် နေပြည်တော်ကောင်စီနယ်မြေ တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကျော်စိုး၏ ဦးဆောင်မှုဖြင့် ပျဉ်းမနားအမှတ်(၈၄) စက်မှု လယ်ယာစခန်းမှ ထွန်စက် ၁၀ စီး၊ စက်မောင်းသူ ၁၀ဦး၊ ကြီးကြပ်သူ နှစ်ဦး၊ အမှတ်(၄၇) စက်မှုလယ်ယာစခန်း လယ်ဝေးမှ ထွန်စက် ၁၀ စီး၊ စက်မောင်းသူ ၁၀ ဦး၊ ကြီးကြပ်သူနှစ်ဦး စုစုပေါင်း ကူဘိုတာထွန်စက်ကြီး အစီး ၂၀ နှင့် စက်မောင်းသူ/ကြီးကြပ်သူ ၂၄ ဦးတို့သည် ဩဂုတ် ၅ ရက် နံနက် ၆ နာရီခွဲက နေပြည်တော်ရှိ ရာဇဌာနီလမ်းမကြီးနှင့် ရာဇသင်္ဂဟလမ်းဆုံကြာပန်းအဝိုင်း၌ စုရပ်ပြု၍ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်သို့ ထွက်ခွာသွားကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**






မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၀၄။